အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.171(2735-2749) မူလစစ်မြေပြင်

.May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၃၅ -

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

ဤအတောအတွင်း ယန်ယဲ့၏အော်ရာက
ပိုအားကောင်းလာခဲ့သည်။ သူ့ထံမှ
ထွက်ပေါ်နေသော အရှိန်အဝါက
ယခင်ထက်အဆပေါင်းများစွာ
ပြင်းထန်လာသည်။

ထို့အပြင် သူ၏ခန္ဓာကိုယ်က
ရွှေရောင်တောက်ပနေကာ
ရွှေခန္ဓာကိုယ်တစ်ခုအလားပင်။

နှင်းပွင့်လေးက ယန်ယဲ့အတွက်
စိုးရိမ်နေပုံဖြင့် ဓားစာလိပ်ကို
စိုက်ကြည့်ပြန်သည်။
ခဏအကြာတွင် ဓားစာလိပ်က
နဂါးဝိညာဉ်ပုလဲဟာ
အလွန်ကောင်းမွန်သော
စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်ကြောင်း
ရှင်းပြသည်။ ထို့အပြင် ယန်ယဲ့က
၎င်းကိုသန့်စင်ပြီးနောက်

ခွန်အားများတိုးတက်လာသည်ဟုပါပြော
လိုက်သည်။

ဤအဖြေကိုကြားမှသာ
နှင်းပွင့်၏မျက်နှာသေးသေးလေးက
စိုးရိမ်ပူပန်မှုများ လျော့ကျသွားသည်။

ဤအချိန်တွင် သူမက တစ်ခုခုကို
တွေးနေပုံရပြီး နွားနတ်ဆိုး၏ပခုံးပေါ်ရှိ
မူလနဂါးကို စိုက်ကြည့်နေသည်။

မူလနဂါးလေးက ထိတ်လန့်သွားကာ

အလိုလို နောက်သို့ ရွေ့သွားသည်။

နှင်းပွင့်လေးက

သူမ၏ဗိုက်သေးသေးလေးကိုငုံ့ကြည့်လို

က်သည်။ သူမ

ဘာတွေးနေသလဲတော့မသိနိုင်ပေ။

သို့သော် မူလနဂါးလေးက

မေ့မြောလုနီးပါးအထိ

ကြောက်လန့်သွားခဲ့သည်။

ဓားစာလိပ်က

မတတ်သာစွာပြုံးလိုက်သည်။ ထို့နောက်

မူလစေတီထဲသို့ ဝင်သွားတော့သည်။

ဓားစာလိပ်က စုချင်းရှီတို့လူစုရှေ့တွင်

ပေါ်လာသည်။ အားလုံးက သူမကို လေးစားမှုအပြည့်ဖြင့် ကြည့်နေကြသည်။

ဆားစာလိပ်က ရှောင်ယုရှို၊ ကျွမ်းဝေယန် နှင့် ပိုင်ဇီရှန် တို့အား တစ်ချက်ကြည့်လိုက်ပြီး "နင်တို့ သုံးယောက်မှာ အကောင်းဆုံး အရည်အချင်းတွေ ရှိတယ်။ ချင်းရှို လည်းအတူတူပဲ။ ကျန်တဲ့လူတွေက

ရိုးရိုးသားသား ပြောရရင်

မူလစေတီမရှိရင်တော့

နင်တို့အားလုံး ဒီလောက်အထိ

ရောက်နိုင်မှာမဟုတ်ဘူး”

လူတိုင်း နှုတ်ဆိတ်နေကြသည်။

ဓားစာလိပ် က ဆက်ပြောလိုက်ပါသည်

“ဒါပေမဲ့ မူလခရမ်းရောင်စွမ်းအင်ရဲ့

အကျိုးသက်ရောက်မှုတွေက

အကန့်အသတ်ရှိသေးတယ်။ နင်တို့

ရှေ့ဆက်မတိုးနိုင်ရင်၊ ငါ

အမှန်တိုင်းပဲပြောမယ်၊

ယန်ယွဲ့ကိုယ်တိုင်က

ဘာမှမတတ်နိုင်ဘဲနင်တို့သေတာကိုပဲ

စောင့်ကြည့်နေရလိမ့်မယ်။ ငါ ပိုင်ဇီရှန်ရဲ့

နည်းစနစ်ကို လေ့လာကြည့်ဖူးတယ်။

ဒါဟာ အားလုံးအတွက်

အရမ်းအသုံးဝင်တယ်လို့ ငါထင်ပါတယ်။

သူ့အတွက်လည်း အသုံးဝင်ပါတယ်။
ယင်ယန်ဂိုဏ်းက မူလခေတ်မှာ
ထိပ်သီးအင်အားစုကြီးတစ်ခုပဲ။ သူတို့ရဲ့
နည်းစနစ်ကိုကျင့်ကြံမယ်ဆိုရင်
ယန်ယွဲ့နဲ့ပေါင်းစပ်လိုက်တာနဲ့
လူတိုင်းပိုပြီးတိုးတက်နိုင်မှာပါ"

ဤအချိန်တွင် သူမက ရှောင်ယု ရှီနှင့်
ကျွမ်းဝေယန် ကို စိုက်ကြည့်ကာ "နင်တို့ရဲ့
အရည်အချင်းတွေက နည်းနည်းတော့

အလဟာသဖြစ်သွားတယ်။

မူလစေတီထဲမှာနေတာက

အကျိုးရှိပေမယ့်

အားနည်းချက်လည်းဖြစ်နေပြန်တယ်။

ဘာ့ကြောင့်လဲဆိုတော့ နင်တို့ဟာ

ကံကြမ္မာဆိုးနဲ့ကြုံဆုံခွင့်ရဖို့ အခွင့်အရေး

ဆုံးရှုံးသွားလို့ပါပဲ။ အိမ်မှာ

မွေးမြူထားတဲ့ ကျားတစ်ကောင်ဟာ

အစာနဲ့ရေအတွက် စိတ်ပူစရာ

မလိုပေမယ့် တောဘုရင်ဖြစ်ဖို့ဆိုတာ ဘယ်တော့မှအခွင့်အရေးရှိလာမှာ မဟုတ်ဘူး”

ကျွမ်းဝေယန် က ဓားစာလိပ်ကို တစ်ချက်ကြည့်လိုက်ပြီး "ငါတို့ ဘာလုပ်သင့်လဲ"

ဓားစာလိပ် က ပြုံးပြီး "သူ အေးအေးဆေးဆေး နေနိုင်မှာ

မဟုတ်ဘူး၊ နင့်ရဲ့ ခွန်အားကို အခြေခံပြီး
သူ့အကာအကွယ်မရှိဘဲနဲ့ အကြာကြီး
အသက်ရှင်နိုင်မှာ မဟုတ်ဘူး"

သူမက ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး "ဒီနေရာက
ကမ္ဘာအသစ်တစ်ခုပဲ။ ဒီနေရာမှာ
ငါတို့ကတစ်ခုခုလုပ်လို့ရတယ်။ နင်တို့
ဒီနေရာကို ပြုပြင်ပြီးတော့

ကျင့်ကြံခြင်းနတ်နယ်မြေဖြစ်အောင်လုပ်လို့ရတယ်"

စုချင်းရှီ က
"ကျင့်ကြံခြင်းကမ္ဘာတစ်ခုလား"

ဓားစာလိပ် က ခေါင်းညိတ်ပြီး “မှန်တယ်။ ဒီနေရာမှာ လျှို့ဝှက်ဆန်းကြယ်တဲ့ ကျင့်ကြံရေးအခန်းနဲ့ မူလခရမ်းရောင်စွမ်းအင်ပါရှိနေပြီ။ ဒါက

ကျင့်ကြံခြင်းနတ်နယ်မြေမဟုတ်ရင်
ဘာဖြစ်မလဲ။ ထာဝရစကြာဝဠာ မှာဆိုရင်
အဲဒီနေရာကအင်အားစုတွေပိုင်ဆိုင်တဲ့နေ
ရာမျိုးပေါ့။ ဒါ့အပြင် ဒီကမ္ဘာငယ်လေးက
သာမန်နတ်နယ်မြေတစ်ခုမဟုတ်ဘူး။
ဝိညာဉ်ဖန်ဆင်းရှင် လည်း
ဒီမှာရှိနေတယ်။ သူမက
ဝိညာဉ်ဖန်ဆင်းရှင်
မဟုတ်သေးရင်တောင် အချိန်တစ်ခုပဲ။

ဒီလိုဖြစ်လာတာနဲ့ ထာဝရစကြာဝဠာ
ရဲ့နတ်နယ်မြေတွေတောင်မှ ဒီနေရာနဲ့
နှိုင်းယှဉ်လို့ မရဘူး”

ဤအချိန်တွင် စုချင်းရှီ က
"အကြီးအကဲဓားစာလိပ်၊ ဒီနေရာကို
ဘယ်လိုပြုပြင်သင့်တယ်လို့ ထင်လဲ" ဟု
မေးပါသည်။

ဓားစာလိပ်က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး “ဒီနေရာဟာ

ကောင်းကင်ဘုံက တကယ်ကို

ကောင်းချီးပေးထားတာပဲ။

နင်တို့အားလုံးက

လောကသုံးပါးစကြာဝဠာကနေ

ရောက်လာကြတာ။

အဲဒီနေရာရဲ့ဝိညာဉ်ဘုရင်တွေပါ

ဒီမှာရှိတယ်။ ဒါ့အပြင်

ဝိညာဉ်သွေးကြောတွေပါ အများကြီးပဲ။

ဒါ့ကြောင့် ဒီနေရာကို

နတ်နယ်မြေဖြစ်အောင်

လုပ်ဖို့ဆိုတာ လုံးဝလွယ်ကူပါတယ်။

နင်တို့ ဒီမှာ ဂိုဏ်းတစ်ခုကို တည်ထောင်ဖို့

ငါ အကြံပြုချင်တယ်၊ အချိန်တန်ရင်

ပညာရှင်တွေနဲ့ နတ်ဆိုးသားရဲတွေကို

စပြီး စုဆောင်းကြတာပေါ့။ လူအများစုနဲ့

နတ်ဆိုးသားရဲတွေက ဒီလိုနေရာမျိုးမှာ
ပါဝင်ဖို့ ဆန္ဒရှိကြလိမ့်မယ်”

ထိုစကားကိုကြားသောအခါ လူတိုင်းက
အကြည့်ချင်းဖလှယ်ကြသည်။
အားလုံးက အလုပ်ဖြစ်နိုင်တယ်လို့
ခံစားရသည်။

ဓားစာလိပ်က ဆက်ပြောပါသည်
“ဒါ့အပြင် နင်တို့က ဒီဂိုဏ်းအတွက်

အချိန်အများကြီး ပေးစရာ မလိုပါဘူး။
မြောက်ပိုင်းဓားဂိုဏ်း မရှိတော့ပေမယ်လို့
အဆောက်အအုံတွေက ကျန်နေတုန်းပဲ။
သူတို့ကို ဒီနေရာမှာ ရှေ့လိုက်ရုံနဲ့ အရင်က
ဓားအစီအရင်တွေနဲ့အတူ
ပြီးပြည့်စုံသွားလိမ့်မယ်”

စကားပြောနေရင်းဖြင့် အဝေးကို
စူးစိုက်ကြည့်ကာ ဆက်ပြောပြန်သည်
“ဒီနေရာက မကြာခင်မှာ

ထာဝရစကြာဝဠာရဲ့ နတ်နယ်မြေတချို့နဲ့
အဆင့်တူလာလိမ့်မယ်။ ဒါဆို
ပညာရှင်တွေအများကြီး စုဆောင်းနိုင်ပြီ။
အထူးသဖြင့် နတ်ဆိုးတွေ။
ဘယ်လိုပဲဖြစ်ဖြစ် ဒီနေရာမှာ
နှင်းပွင့်လေးရှိနေတော့
သူတို့ကနာခံကြမှာပဲ။ ခဏ..."

ဓားစာလိပ်က စကားခဏရပ်ပြီး
အေးစက်စက်ပြောပါသည် "ဘယ်သူမှ..

မဟုတ်သေးဘူး၊ နတ်ဆိုးသားရဲ့တိုင်းကို ဝင်ခွင့်ပေးလို့မရဘူး။ ငါတို့က ကြီးမားတဲ့အလားအလာရှိတဲ့ ကျင့်ကြံသူတွေ၊နတ်ဆိုးတွေကိုပဲ ဝင်ခွင့်ပေးရမယ်”

လူတိုင်းက အကြည့်ချင်းဖလှယ်ကြသည်။

ဤအချိန်တွင် ဓားစာလိပ်က
အပေါ်ဖက်ကိုမော့ကြည့်ကာ
မူလစေတီထဲမှ ပြန်ထွက်သွားသည်။

နန်းတော်အတွင်းပိုင်းထဲတွင် ။

ယန်ယွဲ့၏အော်ရာက
အားကောင်းသည်ထက်
အားကောင်းလာပါသည်။

သူသည်အရေးကြီးသောအခိုက်အတန့်
သို့ရောက်နေပါပြီ။

ဘမ်း…

နောက်ဆုံးတွင် သူ့ထံမှ
ကြောက်မက်ဖွယ်ကောင်းသော
အော်ရာတစ်ခု လွင့်ထွက်သွားသည်။
သို့သော်လည်း ခဏသာကြာလိုက်၏၊

အော်ရာက ဆုတ်ယုတ်နေသော

ဒီရေကဲ့သို့ သူ့အထဲကို ပြန်ဝင်လာသည်။

ခဏအကြာတွင် ယန်ယွဲ့သည်

မျက်လုံးဖွင့်လိုက်သည်။

သူ့မျက်လုံးထဲက သွေးပင်လယ်ပြင်ကြီး

ပျောက်ကွယ်သွားပြီး

ရွှေရောင်အလင်းတန်းများ

အစားထိုးဝင်ရောက်လာခဲ့သည်။

ယန်ယဲ့ သည် မတ်တပ်ထရပ်ပြီး

သူ့ခန္ဓာကိုယ်ကို

အကြောအချင်များဖြေလျော့လိုက်သည်

။ ထိုသို့လုပ်လိုက်ရုံဖြင့်

သူ့ပတ်ဝန်းကျင်က အာကာသပြင်ဟာ

ချက်ချင်း တုန်ခါသွားသည်။

ဟင်းလင်းပြင်နတ်ဘုရားအဆင့် ။

ဤအခိုက်အတန့်တွင် ယန်ယဲ့က

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

သို့တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

သူ၏ကျင့်ကြံမှုအဆင့်သာမကဘဲ

ရုပ်ခန္ဓာကိုယ်ပါ

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

မှာရှိနေသည်။

ထို့အပြင် သူ့ထံမှ ပြင်းထန်လှသော

ဖိအားများ ထွက်ပေါ်လာသည်။

မူလနဂါးဖိအား ပင်ဖြစ်သည်။

လက်ရှိတွင် ယန်ယဲ့၏ခန္ဓာကိုယ်မှာ

မမြင်နိုင်သော

နဂါးဖိအားများပိုင်ဆိုင်ထားခဲ့သည်။

သူ့အရှိန်အဝါက လူသားကျင့်ကြံသူများ

နှင့် နတ်ဆိုးများအားလုံးကို

အတိုင်းအတာတစ်ခုအထိ

ဖိနှိပ်ထားနိုင်လေသည်။

ဤအချိန်တွင် နှင်းပွင့်လေးက
ယန်ယဲ့အား ချက်ချင်း
ပြေးဖက်လိုက်သည်။ ထို့နောက်
ခေါင်းသေးသေးလေးနှင့်
အဆက်မပြတ်ပွတ်သပ်နေတော့သည်။

မူလနဂါးလေးက
ဤမြင်ကွင်းကိုကြည့်နေရင်း
မျက်တောင်ခတ်လိုက်သည်။

ဤအခိုက်တွင် နှင်းပွင့်က
ထင်သလောက်ကြောက်စရာမဟုတ်ဟု
ခံစားမိပုံပါ။

နွားနတ်ဆိုးက ခဏမျှ တုံ့ဆိုင်းသွားပြီး
ယန်ယဲ့ကိုကြည့်ကာ “လေးစားပါတယ်”
ဟူ၍
အသံဝါးဝါးကြီးဖြင့်ပြောလိုက်လေသည်။

၎င်းက

နှင်းပွင့်လေးနောက်သို့လိုက်နေသည့်တိုင်

ဘယ်သူက အစိကဆိုသည်ကို

ကောင်းကောင်းသိထားပုံရ၏။ မှန်သည်၊

ယန်ယွဲ့ကအစိကပါ။ နှင်းပွင့်လေးက

ယန်ယွဲ့ကို

နာခံမှုအပြည့်ရှိသည်မဟုတ်ပါလား။

မူလနဂါးလေးက

နွားနတ်ဆိုး၏အတွေးများကို

နားလည်ပုံရပြီး
နက်နဲသောအကြည့်များဖြင့် ယန်ယဲ့ကို
စိုက်ကြည့်လိုက်သည်။

ယန်ယဲ့က နှင်းပွင့်၏ခေါင်းလေးကို
ပွတ်သပ်ပြီး သူ့မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။
ဤတစ်ကြိမ်အဆင့်တက်ခြင်းဟာ
သူ့ကျင့်ကြံမှုအဆင့်တင်မကဘဲ
ရုပ်ခန္ဓာကိုယ်၊

ကိုယ်တွင်းအင်္ဂါများပင်လျှင်

ထူးထူးခြားခြားပြောင်းလဲသွားခဲ့သည်။

အတွင်းအပြင်

အသွင်ပြောင်းလဲသွားခြင်းဖြစ်သည်။

မှတ်သားထိုက်သည့်အချက်မှာ

သူ့ခန္ဓာကိုယ်ထဲရှိ ထာဝရစွမ်းအင်ဟာ

အနည်းငယ်သိပ်သည်းလာပုံရသည်။

၎င်းက

မူလခရမ်းရောင်စွမ်းအင်၊မူလဆန်းကြယ်
စွမ်းအင် တို့နှင့် စတင်ထိတွေ့လာသည်။

သူသည် ဟင်းလင်းပြင်နတ်ဘုရားအဆင့်
သို့တက်လှမ်းပြီးနောက်
ပြီးပြည့်စုံသောအသွင်းပြောင်းမှုကို
ရရှိခဲ့လေသည်။
လက်ရှိတွင်သူ့ခွန်အားက
အနန္တစားနယ်မြေကို သုံးကြိမ်ဆက်
အသာလေးထုတ်ဖော်နိုင်ပါသည်။

ရိုးရိုးရှင်းရှင်းပြောရလျှင် လက်ရှိ ယန်ယဲ့ဟာ အကန့်အသတ်ချိုးဖျက်နယ်ပယ် အောက် ပြိုင်ဖက်ကင်းဟုဆိုနိုင်၏။

ဤအချိန်တွင် ဓားစာလိပ်က "နင် အတော်များများကိုယူထားပြီ။ အခုတော့ ပိုင်ရှင်နဲ့တွေ့ဖို့အချိန်ရောက်ပြီ" ဟု ရုတ်တရက်ပြောလိုက်သည်။

ယန်ယွဲ့ က အဝေးကို လှမ်းကြည့်လိုက်ရာ ပုလ္လင်တစ်လုံး ရှိနေသည်။ ခဏတုံ့ဆိုင်းသွားပြီးနောက် နှင်းပွင့်ကိုပွေ့ချီလျက် ပုလ္လင်ဆီသို့လျှောက်သွားလိုက်သည်။ ထို့နောက် ယန်ယွဲ့က အနည်းငယ် ဦးညွှတ်ကာ "တစ်ခုခုလိုအပ်ရင် ငါ့ကို ပြောပါ"

ထိုစကားပြောလိုက်သည်နှင့်
ပုလ္လင်ပေါ်တွင် သက်လတ်ပိုင်းတစ်ဦး
ပေါ်လာသည်။ ၎င်းက
ခန္ဓာကိုယ်တစ်ခုသာရှိ၏၊ ခြေလက်များ
ပြတ်တောက်နေပုံရသည်။ ထို့အပြင်
မျက်လုံးအစုံလည်း ကန်းနေခဲ့သည်။

သို့သော် ယန်ယဲ့က အနည်းငယ်
မျက်မှောင်ကြုတ်ကာ
သတိအပြည့်ဖြစ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် ထိုလူက

ရုတ်ချည်းပြောခဲ့သည်

"ဒီနှစ်တွေအတွင်းမှာ တော်တော်များများ

ဒီကိုလာခဲ့ကြပေမယ့် မင်းဟာ

ဒီကိုရောက်လာတဲ့အထဲမှာ ဒုတိယပဲ။

ပထမတစ်ခုက... မှန်တယ်၊

ငါစဉ်းစားပါရစေ။ ဟုတ်တယ်၊ အဲဒါက

မြောက်ပိုင်းဓားဂိုဏ်းကို

တည်ထောင်ခဲ့သူပါ။ ကံမကောင်းစွာပဲ၊ အဲဒီလူက အခုသေသွားပြီ”

ထိုစကားကိုကြားသောအခါ ယန်ယဲ့သည် မျက်မှောင်ကြုတ်သွားသည်။ သူက ဓားစာလိပ်နှင့် အကြည့်ချင်းဖလှယ်လိုက်သည်။ မြောက်ပိုင်းဓားဂိုဏ်း၏ ဂိုဏ်းသခင်ကို ထာဝရစကြာဝဠာ

မှဆင်းသက်လာသည်ဟုထင်နေကြသည်

။ သို့သော်

ယခုတော့

သူတို့အထင်မှားသွားပုံရသည်။

ထိုလူက ဆက်ပြောသည် "သူ့ရဲ့

ဓားတာအို နဲ့ပတ်သက်လို့

သူ့ပင်ကိုယ်စွမ်းရည်က

တကယ်ကောင်းပါတယ်။ သူ ငါ့ဆီက

သင်ယူပြီးတာနဲ့ ထွက်မသွားခင်မှာ နှိမ့်နှိမ့်ချချနေဖို့ပြောလိုက်သေးတယ်။ ကံမကောင်းစွာပဲ၊ သူက သင်ယူပြီးတာနဲ့ ဂိုဏ်းတစ်ခုကို တည်ထောင်လိုက်တယ်။ အခု သူတို့အားလုံး သေကုန်ပြီ၊ သူတို့မှာ နောက်ထပ် ပြန်လာနိုင်မယ့် ဘဝတောင် မရှိဘူး”

ယန်ယဲ့က ထိုလူကို စိုက်ကြည့်ကာ တိတ်ဆိတ်နေခဲ့သည်။

တစ်ချိန်တည်းမှာပင် ထိုလူက ဆက်ပြောသည် "မင်းအတွက်ကတော့ မင်းရဲ့ ပင်ကိုယ်စွမ်းရည်က သာမန်ပါပဲ။ ဒါပေမဲ့ မင်းရဲ့ဓားတာအို အပေါ်မှာ မင်းရဲ့နှလုံးသားက အဲဒီလူထက် အများကြီးသာတယ်။ မင်းမှာ အလားအလာရှိတယ်။ ဒါ့အပြင် မင်းရဲ့ဓားတာအို မှာ ခံစားချက်တွေ ပါနေတယ်။ အခုမှ စတင်နေပေမယ့်

တကယ်ကို မဆိုးပါဘူး။ မင်းဘေးနားက

အပေါင်းအပါတစ်သိုက်ကလည်း

စိတ်ဝင်စားဖို့ကောင်းတယ်။

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်နဲ့

သဘာဝတရားရဲ့မူလစေတီ။

တကယ်တော့ ဒါတွေဟာ

မင်းအတွက်သိပ်မကောင်းဘူး။

ဒါကြောင့် သူတို့ကို

အခုလောလောဆယ်ပဲသုံးပါ။

ဒီဓားစာလိပ်နဲ့ ပတ်သတ်လို့

သူ့အဓိကကိုယ်ထည်ကို ရှာတွေ့နိုင်ရင်

ရှေ့ဆက်နိုင်မှာပါ။ ဒီနွားမိုက်ကတော့

သူ့ရဲ့မူလသွေးမျိုးဆက်က

တော်တော်လေးရှားပါးတယ်။

ဟုတ်တယ်၊ သူ့ရဲ့ဘိုးဘေးတောင်မှ

တကယ့် စစ်မှန်တဲ့

မူလကောင်းကင်လှုပ်ခါခြင်းနွားသိုး

ကိုမမှီသေးဘူး။ ဘာပဲဖြစ်ဖြစ်

ဒီနွားမိုက်ရဲ့ကံကြမ္မာက

မဆိုးသေးပါဘူး။ အနာဂတ်မှာ

ငါ့ရဲ့သွေးမျိုးဆက်ကို

ကျော်တက်နိုင်သွားရင်

မူလနွားနတ်ဆိုးဘိုးဘေးထက်

သာလွန်နိုင်တယ်။ဟမ်…

ဒီကလေးမလေး…”

ထိုလူက ရုတ်တရက် ရပ်သွားသည်။

ဝမ်အရှူးမလေး က မျက်တောင်ခတ်ပြီး
သိချင်စိတ်များ ပြည့်နှက်နေသည်။

ဤအချိန်တွင် ထိုလူက
“မင်းဒီမှာရှိမနေသင့်ဘူး။ ဟုတ်ပါတယ်၊
ငါတောင်ဒီမှာရှိနေတော့ မင်းဒီမှာရှိနေတာ
အံ့ဩစရာမရှိပါဘူး။ ငါတို့က
ရွယ်တူတွေလို့တောင် ယူဆနိုင်ပါတယ်။
ရလာဒ်ကို ကောင်းကင်ဘုံကပဲ
သိမယ်ထင်တယ်”

နှင်းပွင့်လေးက သက်လတ်ပိုင်းထံသို့
ရုတ်တရက် ပြေးလာပြီး သူ့ကိုယ်သူ
ညွှန်ပြလိုက်သည်။

ထိုလူက ခဏတာ ငြိမ်သက်သွားပြီး
"ဝိညာဉ်ဖန်ဆင်းရှင် တစ်ပါး။ ငါက
ဝိညာဉ်ဘုရင်အပေါင်းရဲ့ ကောရီဖြစ်တဲ့
မင်းကိုအသိအမှတ်ပြုတယ်"

နှင်းပွင့်လေးက

မျက်တောင်ပုတ်ခတ်လုပ်နေသည်။

သက်လတ်ပိုင်းကို ဆက်ပြောရန်

အချက်ပြနေတာ။

"တကယ့်ကိုသောက်ကျိုးနည်းပါလား"

ထိုလူက ရုတ်တရက် သက်ပြင်းချရင်း

“အတိတ်က ဝိညာဉ်ဖန်ဆင်းရှင်တွေသာ

လက်ရှိ ဝိညာဉ်ဖန်ဆင်းရှင် က ဘယ်လောက်ချစ်စရာကောင်းလဲဆိုတာကို သိရင် ဒေါသထွက်ပြီး သူတို့ကိုယ်သူတို့ ဖောက်ခွဲပစ်နိုင်တယ်"

နှင်းပွင့်၏မျက်နှာသေးသေးလေးက အံ့ဩသွားပုံပါ။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၃၆ - စစ်မှန်သောနှလုံးသားက မနှိုင်းယှဉ်နိုင်တဲ့ ဓားလမ်းစဉ်ကို ဦးတည်တယ်

နှင်းပွင့်လေးက

တော်တော်လေးအံ့အားသင့်နေလေသည်

။

ယန်ယွဲ့နှင့် ဓားစာလိပ် တို့လည်း

တုန်လှုပ်သွားသည် ။

ဒီလူက ဘယ်သူလဲ ။

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်နှင့်

မူလစေတီဟာ ထိုလူအတွက်

ကြီးကြီးမားမားမဟုတ်ပေ။

ထိုနတ်ရတနာများက

မရေမတွက်နိုင်သောလူများကို

ရူးသွပ်သွားစေနိုင်၏။

ပုလ္လင်ပေါ်ရှိ

ဒုက္ခိတကတော့သာမန်အတိုင်းသာ

ယူဆနေပုံရသည်။

သို့သော် သူတို့နှစ်ယောက်က

ချဲ့ကားသည်ဟု မထင်ခဲ့ကြပေ။ ထိုလူက

ထာဝရစွမ်းအင်ကို

ပိုင်ဆိုင်ထားရုံတင်မကဘဲ

မူလနဂါးဖိအားပါရှိနေသည်။

ထိုကဲ့သို့လူတစ်ယောက်က

သာမန်ဖြစ်မည်လား။

ဤအတောအတွင်း ထိုလူက

ဆက်ပြောလိုက်သည် “တကယ်တော့

မင်းတို့အားလုံးကို

ငါသိပ်စိတ်မဝင်စားဖူး။

ဒီအကောင်ငယ်လေးအတွက်မဟုတ်ရင်

မင်းတို့ဒီကိုရောက်နိုင်မှာတောင်မဟုတ်

ဘူး၊ အခုမင်းတို့အားလုံးကို

ငါနည်းနည်းစိတ်ဝင်စားတယ်”

ယန်ယဲ့က

"ပြောချင်တာရှိရင်ပြောသာပြောပါ

အကြီးအကဲ"

ထိုလူက “ငါရှိနေတာ

တော်တော်ကြာပါပြီ။

ဘယ်လောက်ကြာနေပြီလဲဆိုတာတောင်

မေ့နေပြီထင်တယ်။ မင်းဒီကိုရောက်တာ

တိုက်ဆိုင်မှုလို့ ငါမထင်ဘူး၊ ဒါကို

ဘယ်သူက ချမှတ်ခဲ့သလဲဆိုတာကို ငါ

ဂရုမစိုက်ပါဘူး။ တစ်စုံတစ်ယောက်က

ငါ့အတွက်

အစီအစဉ်တွေချထားရင်တော့

ငါတစ်ခုခုလုပ်ရလိမ့်မယ်"

ထိုလူက သူ့လက်ကိုဝှေ့ယမ်းလိုက်ရာ

ယန်ယဲ့ရှေ့တွင်

အနက်ရောင်ဓားအိမ်တစ်ခု

ပေါ်လာသည်။

ဓားအိမ်က ၁ မီတာကျော်ရှည်လျား၏။

အလွန်ရိုးရှင်းကာ

သာမာန်ဓားအိမ်အစုတ်လိုပင်။

ယန်ယဲ့က ဓားအိမ်ကို မယူသေးဘဲ

ထိုလူကိုစိုက်ကြည့်နေသည်။ ထိုလူက

“မင်းပြောတဲ့အတိုင်း

တစ်စုံတစ်ယောက်က ငါတို့ရဲ့ဘဝ

လိုချင်နေတာ၊ ဒါမှမဟုတ်ရင်

တစ်စုံတယောက်ကို သဘောကျနေတာ ဖြစ်ကောင်းဖြစ်နိုင်မလား”

ထိုလူက “ဘယ်သူလဲ” ဟူသောအမေးတစ်ခုဖြင့် ပြန်ဖြေသည်။

ယန်ယဲ့ က မျက်မှောင်ကြုတ်လိုက်သည်။ ထိုလူက ဆက်ပြောခဲ့သည် “မင်းဟာ ကမ္ဘာကြီးရဲ့ သဘောတရားကို သေချာကြည့်ကြည့်လိုက်စမ်း။

ရေကန်ထဲက ငါးတွေရဲ့ ကံကြမ္မာကို

ဘယ်သူက ချုပ်ကိုင်ထားမယ် ထင်လဲ။

ဒါမှမဟုတ် ပိုကြီးမားတဲ့နယ်မြေတစ်ခုကို

ကြည့်လိုက်ပါ။ နိုင်ငံတစ်ခုရှိတယ်၊

သာမန်ပြည်သူတွေရဲ့ ကံကြမ္မာကို ဘယ်

သူက ထိန်းချုပ်မလဲ။ မင်းကိုယ်တိုင်က

ရေကန်ထဲကငါးတစ်ကောင်

ဟုတ်မဟုတ်ကို ဘယ်လိုသိနိုင်မှာလဲ"

ဒီအချိန်မှာ သူက ခဏရပ်ပြီး “မင်း

အားကောင်းလေလေ တွေးလို့မရနိုင်တဲ့

တည်ရှိမှုတွေကို ခံစားရလေလေပါပဲ။

ကံတရားအကြောင်း မင်းကြားဖူးမှာ

သေချာပါတယ်။ မင်းအတွက်

အခုလောလောဆယ်

ထိတွေ့နိုင်တာမဟုတ်သေးဘူး။ ဒါပေမဲ့

အားကောင်းလာတာနဲ့အမျှ

တချို့အရာတွေကို ထိကိုင်ဖို့ ဒါမှမဟုတ်
မြင်ဖို့မဖြစ်နိုင်ဘူးဆိုတာ
မင်းသဘောပေါက်လာလိမ့်မယ်။ ဒါပေမဲ့
တကယ်မရှိဘူးလို့ မဆိုလိုပါဘူး။
ဟုတ်ပါတယ်၊ ဘယ်အရာကမှ
အကြွင်းမဲ့မဟုတ်ပါဘူး။ ဒါဟာ
ငါ့ယူဆချက်အမှားလည်း ဖြစ်နိုင်တယ်။
ဘာပဲဖြစ်ဖြစ် မင်းကိုယ်တိုင်က

လုံလောက်အောင်သန်မာနေရင်

အရေးမကြီးဘူးမဟုတ်လား”

ယန်ယဲ့က ထိုလူကို စိုက်ကြည့်ကာ

"အကြီးအကဲ၊ မင်းတွေးနေတာတွေ

လွန်နေပြီ" ဟုပြောလိုက်သည်။

"ဘာ့ကြောင့်ဒီလိုပြောတာလဲ"

ယန်ယဲ့က သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "ဘာလို့

အနာဂတ်ကို ဒီလောက်တောင်

စဉ်းစားနေတာလဲ။ အရေးကြီးဆုံးက

လက်ရှိလမ်းကြောင်းကို ကောင်းကောင်း

လျှောက်လှမ်းဖို့ပဲမဟုတ်ဘူးလား။

ကံတရားအရတော့

အစွမ်းကုန်ကြိုးစားလိုက်၊ ကျန်တာကို

ကောင်းကင်ဘုံက

အဆုံးအဖြတ်ပေးသင့်တယ်လို့
ထင်ပါတယ်။ မင်းဘယ်လိုထင်လဲ"

"စိတ်ဝင်စားစရာပဲ" ထိုလူ၏အသံက
စိတ်ကျေနပ်မှုအပြည့်ပါ။ သူက
"ဒီစကားတွေက မင်းဟာ ဒီဓားအိမ်ကို
ယူဖို့ ထိုက်တန်တယ်။ ဘာပဲဖြစ်ဖြစ်
မင်းရဲ့ဓားဟာ ကွေးမလား၊ ကျိုးမလား။
မင်းရဲ့စကားက

ရိုးသားသလားဆိုတဲ့အပေါ်မှာ

မူတည်တယ်"

ယန်ယဲ့က ဓားအိမ်ကို

တစ်ချက်ကြည့်လိုက်ပြီး

"ဓားဘယ်မှာလဲ" ဟု မေးလိုက်သည်။

ထိုလူက "အဲဒါကို ကိုယ့်ဘာသာရှာပါ" ဟု

ပြန်ဖြေသည်။

ယန်ယွဲ့၏မျက်နှာက

မည်းမှောင်သွားသည်။

ထိုလူက ဆက်ပြောလိုက်၏ “မင်းကို

အရမ်းတွေ့နေကျဖြစ်ရပ်တစ်ခုကို

မေးပါရစေ။ မင်းဘာလို့ဓားကို

ကျင့်ကြံနေတာလဲ"

ယန်ယွဲ့က "ငါ့အတွေးကရိုးရိုးလေးပဲ။

သတ်နိုင်သလို ကာကွယ်နိုင်တယ်"
ဟုပြန်ဖြေလိုက်သည်။

"သတ်နိုင်တယ်၊ ကာကွယ်နိုင်တယ်။
ဟားဟား..." ထိုလူက ရုတ်တရက်
ရယ်မောလိုက်သည်။

ဓားစာလိပ်က ယန်ယွဲ့၏လက်ကို
မသိမသာလေးထိလိုက်သည်။ ယန်ယွဲ့က
တဟားဟားရယ်မောနေသော ထိုလူကို

စူးစိုက်ကြည့်ကာ "အကြီးအကဲ၊ ငါ

အခုချက်ချင်း ထွက်သွားရမယ်"

စကားပြောပြီးသည်နှင့်

နှင်းပွင့်လေးကိုပွေ့ချီကာ

ထွက်ပေါက်ဆီသို့ လျှောက်သွားသည်။

ဤအချိန်တွင် သူတို့နောက်ကွယ်မှ

ထိုလူ၏အသံ ပဲ့တင်ထပ်လာသည်

“အကြံတစ်ခုပေးပါရစေ။ စစ်မှန်တဲ့

နှလုံးသားဟာ မန်းနှိုင်းယှဉ်နိုင်တဲ့

ဓားလမ်းစဉ်ကို ဦးတည်နိုင်တယ်"

"စစ်မှန်တဲ့ နှလုံးသားက

အထွတ်အမြတ်ဓားလမ်းစဉ်ကို

ဦးတည်တယ်"

ယန်ယဲ့က ခဏရပ်သွားပြီး

"ကျေးဇူးတင်ပါတယ်"

ထိုစကားပြောပြီးသည်နှင့် နန်းတော်ထဲမှ ထွက်သွားခဲ့သည်။

ထိုလူသာ ဤနေရာတွင် ကျန်ရစ်ခဲ့သည်။

သူက ရုတ်တရက် ရယ်မောလိုက်သည်။ ရယ်လိုက်သောအခါတွင် ကန်းနေသောမျက်လုံးအစုံမှ မျက်ရည်စီးကြောင်းနှစ်ခု စီးကျလာသည်။

ရုပ်တန့်မသွားပေ၊ မျက်ရည်များ

တလဟောကျဆင်းလာသည်။

အတိတ်တစ်ချိန်တုန်းက

ကလေးငယ်တစ်ယောက်နှင့်

အဘိုးကြီးတစ်ယောက်ဟာ ထိုအတိုင်း

စကားစမြည်ပြောဖူးကြသည်။

"ကလေး၊ မင်းဘာလို့ဓားကို
ကျင့်ကြံနေတာလဲ"

"ငါ့အဖေနဲ့အမေကိုကာကွယ်နိုင်တယ်"
ကလေးငယ်က ခဏလောက်
တုံ့ဆိုင်းသွားပြီး "ငါကြိုက်တဲ့
ကောင်မလေးလည်းပါတယ်"

"ကောင်းပြီ။ ဒါဆို အခုကစပြီး
ငါကျန်းဝုဒီ က မင်းကို
ငါ့တပည့်အဖြစ်သတ်မှတ်လိုက်တယ်"

ထို့နောက် နှစ်ပေါင်းရာချီ အကြာတွင် ...။

ကလေးငယ်က
သာမန်ကလေးမဟုတ်တော့ပေ။ သူသည်
လောက၏ထိပ်ဆုံး၌ရပ်တည်နေသော
အထွတ်အမြတ်ပုဂ္ဂိုလ်များထဲမှ

တစ်ဦးဖြစ်နေပါပြီ။ ကောင်းကင်ဘုံ၏

အဆုံးသတ်နားကို သူလျှောက်လာသည်။

သူ့မျက်လုံးများက

ယုံကြည်မှုအပြည့်နဲ့ပါ။ သူကိုယ်တိုင်က

ဘယ်သူမှ မအောင်မြင်သေးသော

တံခါးပေါက်ထဲသို့ ဝင်နိုင်မည်ဟု လုံးဝ

ယုံကြည်ခဲ့သည်။ အကြောင်းမှာ သူက

လုံးဝသန်မာနေသောကြောင့်ပါ။

သူက ရုတ်တရက် ရပ်လိုက်ပြီး "ဘာက ပိုအရေးကြီးသလား။ ဒါမှမဟုတ် အမေ၊ အဖေလား။ မင်းအတွက် ဘယ်သူက ပိုအရေးကြီးလဲ၊ မင်းကြိုက်တဲ့ မိန်းကလေးလား" ဟူသော အသံထွက်လာသည်။

ထိုလူ၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားကာ "မင်း ငါ့ရဲ့

စိတ်အခြေအနေကို ထိခိုက်အောင်

ကြိုးစားနေတာလား"

အသံက

ခဏကြာအောင်တိတ်ဆိတ်သွားပြီးနော

က် "သူတို့ရဲ့ အသွင်အပြင်ကို

မင်းအတွက် ငါပြန်ပြပေးမယ်"

ဟုဆက်ပြောသည်။

ထိုလူက အံ့သြသွားတယ်။

သူတို့ရဲ့အသွင်အပြင်လား။

သူတို့ရဲ့အသွင်အပြင်…

ငါ့အဖေနဲ့အမေ၊ ငါသိပ်ချစ်ရတဲ့

တာအိုလက်တွဲဖော်ရဲ့ အသွင်အပြင်လား

။

ထိုလူက နေရာမှာပင်
ထိတ်လန့်သွားခဲ့သည်။ ထို့နောက်
သူ၏လက်များနှင့် ခန္ဓာကိုယ်ဟာ
စတင်တုန်ခါလာသည်။

အမှန်တော့ သူ၏မိဘများနှင့်
သိပ်ချစ်ရသော တာအိုလက်တွဲဖော်တို့
သေဆုံးသွားတာကြာပြီဖြစ်သည်။
သို့သော်
ဘယ်အချိန်ကသေသွားမှန်းမသိခဲ့ပေ။

သူသည်

ထိုလူများကိုမေ့လျော့သွားသည်အထိ

ဓားလမ်းစဉ်ကို

လျှောက်လှမ်းမိခဲ့လေသည်။

ဓားတစ်လက်သာလျှင်

သူ့နှလုံးသားထဲမှာရှိတော့သည်အထိပင်။

သို့သော် သူသည် တစ်စုံတစ်ခုကို

သတိရမိလိုက်သည်။ သူသည်

ဓားအတွက် အရာအားလုံးကို

စွန့်လွှတ်လိုက်ခြင်းပင်။

သူကာကွယ်ပေးချင်သမျှ အပါအဝင်။

အကြောင်းကတော့ ထိုလူများက

သူ၏ဓား တာအို အတွက်

ဝန်ထုပ်ဝန်ပိုးဖြစ်လာလို့ပါ။

သူ့လမ်းကြောင်းပေါ်ရှိ အရာအားလုံးကို ဖြတ်တောက်ပစ်လိုက်သည်။

မိဘတွေလား၊ ခင်မင်မှုလား ဒါမှမဟုတ် အချစ်လား ။

ထာဝရသက်တမ်း၏ရှေ့တွင် မည်သည့်အရာမျှမရှိခဲ့ကြပေ။

သက်လတ်ပိုင်းက

ပုလ္လင်ပေါ်မှာထိုင်နေရင်း

ငိုလိုက်ရယ်လိုက်ဖြစ်နေပါသည်။

...

ယန်ယွဲ့နှင့် ဓားစာလိပ်တို့ဟာ

မြေအောက်နန်းတော်ထဲမှ

ပြန်တက်လာကြသည်။

သိပ်မကြာလိုက်ဘဲ မြေပြင်ပေါ်သို့

ပြန်ရောက်လာကြသည်။ ယန်ယဲ့က ဓားစာလိပ်ကို ကြည့်ပြီး "ဒါက ဘာလဲ"

ဓားစာလိပ်က သူ့ကို ချက်ချင်းဆွဲခေါ်လာတာပါ။

သူမက "သူက လုံး၀ သာမန်မဟုတ်ဘူး၊ ငါ့နှလုံးသားကိုတောင် တုန်လှုပ်စေတယ်"

ယန်ယဲ့ က ပြုံးပြီး “အဲဒါကို

သိပ်အများကြီး မစဉ်းစားနဲ့။ သူ့မှာ

မကောင်းတဲ့ ရည်ရွယ်ချက်ရှိရင် ငါတို့

ဘယ်လိုမှခုခံနိုင်မှာမဟုတ်ဘူးလေ…

ဟုတ်တယ်မလား ။ သူ့မှာ

ယုတ်ညံ့တဲ့စိတ်တွေရှိနေရင်တောင်မှ

ငါတို့က ဘာလို့ ဂရုစိုက်မှာလဲ။

ဘာပဲဖြစ်ဖြစ် ငါတို့ လုပ်သင့်တာကိုပဲ

လုပ်ရမှာ”

ဓားစာလိပ်က ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "သူက နင့်ကို ဘာမှဒုက္ခမှမပေးဘူး" ဟုပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး “လုံးဝ မဟုတ်ဘူး။ ငါ့မှာ တခြားရွေးချယ်စရာ မရှိတော့ဘူး"

ဓားစာလိပ်က တိတ်ဆိတ်သွားသည်။

ယန်ယွဲ့ ပြောခဲ့သလိုပဲ။ ထိုလူက ဘယ်လိုရည်ရွယ်ချက်ပင်ရှိရှိ သူတို့မှာ ရွေးချယ်စရာမရှိပေ။ အကြောင်းကတော့ ထာဝရစွမ်းအင် နှင့် နဂါးဝိညာဉ်ပုလဲကို ပြန်ပေးလို့မရတော့ပါ။

မည်သို့ပင်ဆိုစေကာမူ

အရာအားလုံးသည်

အနာဂတ်အတွက်သာဖြစ်ခဲ့သည်။

ခဏအကြာတွင် ဓားစာလိပ်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "မြောက်ပိုင်းဓားဂိုဏ်းတစ်ခုလုံးကို မူလစေတီထဲ ရွှေ့လိုက်မယ်။ နင်ဘယ်လိုထင်လဲ"

ယန်ယဲ့က "အဲဒါ ဘာထူးလဲ" ဟု မေးလိုက်သည်။

သူမက “ငါတို့ ကိုယ်ပိုင်အဖွဲ့အစည်း၊

စစ်မှန်တဲ့ အင်အားစုကို ဖန်တီးနိုင်တယ်။

ယုံကြည်ပါ၊ ငါတို့က မူလစေတီထဲမှာ

အင်အားစုကြီးတစ်ခုကို

လျှို့ဝှက်ပြီးတည်ထောင်နိုင်တယ်။

ဒါပေမဲ့ အရေအတွက်ထက်

အရည်အသွေးကို ဦးစားပေးရမယ်"

အင်အားစုတစ်ခု တည်ထောင်မလား ။

ယန်ယဲ့က ချက်ချင်းပင်

စိတ်ဝင်စားသွားသည်။

ကောင်းကင်ဇေရီနှင့် အခြားသူများဟာ

အလွန်ကောင်းမွန်သော

သဘာဝစွမ်းရည်များ

ပိုင်ဆိုင်ထားကြသည်။

ထိုကဲ့သို့လူများကိုသာ စုဆောင်းနိုင်လျှင်

သူသည်

ထိပ်သီးအင်အားစုတစ်ခုကိုဖန်တီးနိုင်ပေမည်။

ထို့အပြင် သူသည် အစွမ်းထက်နတ်ဆိုးအချို့ကို စုဆောင်းနိုင်သည်။ အမှန်တော့ သူ့ဘေးနားမှာနှင်းပွင့်လေးရှိနေသဖြင့် နတ်ဆိုးများကိုစုဆောင်းရန်ပြဿနာမဟုတ်ပေ။

ယန်ယဲ့က ကန့်ကွက်ခြင်းမရှိကြောင်း
မြင်သောအခါ ဓားစာလိပ်က
နွားနတ်ဆိုးကို
ချက်ချင်းဆင့်ခေါ်လိုက်သည်။

မြောက်ပိုင်းဓားဂိုဏ်းကို ရွေ့မယ်။

ဂိုဏ်းအပျက်အစီးနယ်မြေကို မည်သူမျှ
စီမံခန့်ခွဲခြင်း မရှိသလို မည်သူမှ
အလိုမရှိပေ။ အမှန်တော့ ဤနေရာတွင်

ရှိသမျှအရာအားလုံးကို

လုယက်ပြီးသွားပြီဖြစ်သည်။

သိပ်မကြာလိုက်ပေ၊ နွားနတ်ဆိုးက

မြောက်ပိုင်းဓားဂိုဏ်းတစ်ခုလုံးကို

မူလစေတီထဲသို့

ပြောင်းရွှေ့ပစ်လိုက်သည်။

ဤအချိန်တွင် စုချင်းရှိ နှင့်

ယန်ယဲ့၏ဇနီးသည်များဟာ

ဂိုဏ်းတည်ထောင်ရန် အစီအစဉ်များ စတင်လိုက်ကြသည်။

ဓားစာလိပ် ကတော့ ဓားအစီအရင်များကို လေ့လာနေသည်။ လက်ရှိတွင် ယန်ယဲ့၊ နှင်းပွင့်လေး နှင့် ဝမ်အရှူးမလေးတို့သာ အပြင်မှာကျန်နေခဲ့သည်။

တစ်ဖက်တွင်မူ မူလနဂါးလေးက မူလစေတီထဲမှာ နေရာအနှံ့ကို

ပျံ့ဝဲနေလေသည်။ ၎င်းက မူလစေတီကို

အတော်လေးသဘောကျနေပုံရ၏။

ဤအချိန်တွင် ယန်ယဲ့သည်

သူ့ညာဖက်ကို လှမ်းကြည့်လိုက်သည်။

ထိုနေရာတွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ရပ်နေသည်။ ထို့အပြင်

လူငယ်တစ်စုလည်းရှိနေသည်။ ယခင်က

သူတွေ့ဖူးသော လူငယ်အုပ်စုပင်။

ယန်ယဲ့၏အကြည့်က

သက်လတ်ပိုင်းအမျိုးသားထံ

ကျဆင်းသွားသည်။ ထိုလူက

အကန့်အသတ်ချိုးဖျက်နယ်ပယ်

ဖြစ်နေလို့ပါ။

ချိုးဖျက်ခြင်းသခင် ။

လက်ရှိယန်ယဲ့က

ထိုအဆင့်ကိုမကြောက်တော့ပေ။

သို့သော်လည်း တတ်နိုင်ပါက

မတိုက်ခိုက်ချင်ပါ။

ယန်ယဲ့၏အကြည့်ကို

သတိပြုမိသောအခါ သက်လတ်ပိုင်းက

အနည်းငယ်ခေါင်းညိတ်ပြပြီး "ငါက

တောင်ပိုင်းမြို့၊

လီမျိုးနွယ်ရဲ့လက်ရှိဘိုးဘေး လီရှန်းယန်

ပါ။ အတိတ်တစ်ချိန်က

မြောက်ပိုင်းဓားဂိုဏ်းရဲ့

အကြီးအကဲတစ်ဦးဖြစ်ခဲ့ဖူးတယ်"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး

ထိုလူရှေ့ဆက်ပြောလာမည်ကို

စောင့်နေလိုက်သည်။

လီရှန်းယန် က ခဏတုံ့ဆိုင်းသွားပြီး နှင်းပွင့် ကိုကြည့်ကာ "ညီငယ်၊ သူက ဝိညာဉ်ဖန်ဆင်းရှင် လား"

ဝိညာဉ်ဖန်ဆင်းရှင်။

ယန်ယွဲ့၏မျက်လုံးများက အနည်းငယ် မှေးကျဉ်းသွားကာ  "ဘာလို့လဲ"

လီရှန်းယန်က လက်သီးနှစ်ဖက်ဆုပ်ကာ
“ငါ့ကို ပေးနိုင်မလား” ဟုပြန်ဖြေသည်။

သူ့ကိုပေးလိုက်ပါ။

ယန်ယွဲ့က အနည်းငယ် ရယ်မောလိုက်ပြီး
"ဒီဓားက မင်းကို သူ့အကြောင်း
ပြောလိုက်တာပဲ မဟုတ်လား"

လီရှန်းယန် က "ညီငယ်၊ မင်းမှာ သူမကို ကာကွယ်ဖို့ ခွန်အား မရှိဘူး။ မင်း သူမကို လွှဲပေးလိုက်ရင် ငါတို့ဆီကနေ ဘာမဆိုတောင်းလို့ရပါတယ်”

ယန်ယွဲ့က သူ့မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "ငြင်းတယ်"

လီရှန်းယန်၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ထို့နောက် ပြင်းထန်သော

ဖိအားလှိုင်းတစ်ခုက ယန်ယဲ့အပေါ်သို့

ကျဆင်းသွားသည်။

အကန့်အသတ်ချိုးဖျက်နယ်ပယ်၏

ဖိအား ။

ပြင်းထန်သော ဖိအားများ

ပေါ်လာသည်နှင့် ဤနေရာသည်

တုန်ခါသွားသည်။ ဤနေရာသည်

ဖိအားကို တောင့်ခံထားနိုင်စွမ်းမရှိပေ။

သို့သော် ယန်ယွဲ့ကတော့

လုံးဝစိတ်မဝင်စားပါ။

လီရှန်းယန် က ဤမြင်ကွင်းကို

မျက်မှောင်ကြုတ်လိုက်သည်။ လူငယ်က

သူမျှော်လင့်ထားသည်ထက်

ပိုသန်မာကြောင်း

သဘောပေါက်လိုက်သည်။

ဤအတောအတွင်း သူ့လက်ထဲရှိ ဓားက ပြင်းထန်စွာတုန်လှုပ်သွားပြီး သက်လတ်ပိုင်းတစ်ဦးအသွင်ပြောင်း သွားခဲ့သည်။

ထိုလူက လီရှန်းယန်ကို တစ်ချက်ကြည့်လိုက်ပြီး "လီမျိုးနွယ်ရဲ့ ဘိုးဘေးတွေက အဆုံးသတ်ခါနီးနေလို့ မင်းကို ငါလာခိုင်းတယ်။ မင်းက လီမျိုးနွယ်ကို နည်းနည်းတော့

ဂရုစိုက်သင့်တယ်လို့ ငါထင်ခဲ့တယ်၊

မင်းကို သူနဲ့လက်တွဲခိုင်းတာဟာ

သူ့ကိုသတ်ပြီး လုယက်ဖို့မဟုတ်ဘူး။

ငါ့စကားကိုသဘောပေါက်တာ မင်းက

သောက်ရူးလား "

လီရှန်းယန် က ထိုလူကို

တစ်ချက်ကြည့်လိုက်ပြီး

“ဟင်းလင်းပြင်နတ်ဘုရားအဆင့်တစ်

ယောက်နဲ့ ပူးပေါင်းရမလား။ ငါတို့
အဆင်ပြေမှာသေချာလား"

ထိုလူက လီရှန်းယန် ကိုစိုက်ကြည့်ရင်း
"ဒါ မင်းရဲ့ နောက်ဆုံးအခွင့်အရေးပဲ"

"သူပြောတာမဟုတ်ဘူး" ဤအချိန်တွင်
ယန်ယဲ့က ရုတ်တရက်
ဖြတ်ပြောလိုက်သည် "ငါယန်ယဲ့က

အကန့်အသတ်ချိုးဖျက်နယ်ပယ် ကို

သတ်နိုင်မလားဆိုတာ သိချင်လိုက်တာ"

တစ်ချိန်တည်းမှာပဲ ဓားအူသံ

ပွဲတင်ထပ်လာသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၃၇ -

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

ဓားစိတ်ဆန္ဒ

"ဟားဟား..." လီရှန်းယန် က ရုတ်တရက် ရယ်မောလိုက်သည်။ ထို့နောက် သူ့ထံမှ ပြင်းထန်သော ဓားစွမ်းအင်လှိုင်းလုံးကြီးက ထွက်လာသည်။

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

ဓားစိတ်ဆန္ဒ ။

ယန်ယဲ့၏မျက်လုံးထဲမှ

တိုက်ပွဲဝင်လိုစိတ်များ

ပြင်းထန်လာသည်။

ဓားသမား ။

သူ့ရှေ့မှ သက်လတ်ပိုင်းက

စစ်မှန်သောစားသမားဖြစ်သည်။

စားကျင့်ကြံသူများသည်

စားစိတ်ဆန္ဒကိုနားလည်ရန်အတွက်

စားနှလုံးသားကို ကျင့်ကြံရသည်။

သာမာန်ကျင့်ကြံသူများထက်

များစွာခက်ခဲသော လမ်းစဉ်တစ်ခုပင်။

သို့သော် ထိုအောင်မြင်မှုရရှိပြီးသည်နှင့်

ထိုလူ၏ခွန်အားက
သာမန်ကျင့်ကြံသူများထက် များစွာပို၍
အားကောင်းလာပေသည်။

ဟင်းလင်းပြင်နတ်ဘုရားအဆင့်
ဓားစိတ်ဆန္ဒ ပေါ်လာသည်နှင့်အမျှ
ပတ်ဝန်းကျင်တွင် မမြင်နိုင်သော
ဖိအားလှိုင်းတစ်ခု ပေါ်လာသည်။
ထို့အတူ လီရှန်းယန်၏ အော်ရာကလည်း
ပြောင်းလဲသွားသည်။

ဤအတောအတွင်း လီရှန်းယန် က ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

ဓားစိတ်ဆန္ဒ သည် ရေကာတာကျိုးပေါက်သွားသကဲ့သို့ ရှေ့ကိုတလဟောပျံ့လွင့်လာသည်။

စိတ်ဆန္ဒနဲ့ဖိနှိပ်တာလား ။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်ကျဉ်းမြောင်းသွားသည်။

ဘမ်း...

သူ့ထံမှ မမြင်နိုင်သော ဓားလှိုင်းတစ်ခု ထွက်လာသည် ။

မူလတာအိုအဆင့် ဓားစိတ်ဆန္ဒ ။

၎င်းသည် လီရှန်းယန်ထက်
နိမ့်ကျသော်လည်း ဖိအားက
အားပျော့ခြင်းမရှိပေ။

အဆုံးအထိ တိုက်ခိုက်မည့်
ရက်စက်ကြမ်းကြုတ်လှသော
သတ်ဖြတ်ခြင်းစားစိတ်ဆန္ဒ
ပင်ဖြစ်သည်။

ဤသို့ဖြင့်

မတူညီသောစားစိတ်ဆန္ဒနှစ်ခုဟာ

လေထဲမှာပင်ဆုံတွေ့သွားသည်။

လီရှန်းယန် က ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်ပြန်သည်။

ထိုခြေလှမ်းနှင့်အတူ ပတ်ဝန်းကျင်

အာကာသထဲမှ

လှိုင်းတွန့်များထလာသည်။ ရေကန်၏

မျက်နှာပြင်ပေါ်တွင်
လှိုင်းလုံးများလှုပ်ခတ်လာသကဲ့သို့
ဖြစ်နေသည်။

လီရှန်းယန် ထံမှ ထွက်ပေါ်နေသော
ဓားစိတ်ဆန္ဒ ဟာ
ပိုအားကောင်းလာပုံရသည်။

ယန်ယွဲ့က မလှုပ်ရှားသေးပါ။
ဟင်းလင်းပြင်နတ်ဘုရားအဆင့်

ဓားစိတ်ဆန္ဒ ဟာ

ရောမတောင်ကြီးအလား သူ့အပေါ်ကို

ဖိနှိပ်နေခဲ့သည်။ သူသည် ပြင်းထန်သော

ဖိအားကို ခံစားမိသည်။

အကယ်၍ မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်

သို့မဟုတ် ဘူးသီးနက်ကို

ထုတ်သုံးရင်တော့ ထိုဖိအားကို

အသာလေးချေဖျက်နိုင်ပါသည်။

သို့သော် ယန်ယဲ့က မလုပ်ဆောင်ခဲ့ပေ။

ထိပ်တိုက်ရင်ဆိုင်ရုံသာ။ ထိုကဲ့သို့ပင်

လီရှန်းယန် က ခြေတစ်လှမ်း

လှမ်းလိုက်တိုင်း ဓားစိတ်ဆန္ဒဟာ

အနည်းငယ်

ပိုအားကောင်းလာလေသည်။

ဓားစိတ်ဆန္ဒ ဖိအားများ

ပြင်းထန်လာသည်နှင့်တပြိုင်နက်

ပတ်ဝန်းကျင်အာကာသဟာ
ရေကန်ထဲသို့ ကျောက်တုံးကြီး
ပစ်ချခံလိုက်ရသလို တုန်ခါသွားသည် ။

သို့သော်လည်း ယန်ယွဲ့ သည် အစကနေ
အဆုံးထိ ခြေတစ်လှမ်းမဆုတ်ဘဲ
နေရာမှာတင် ရပ်နေခဲ့သည်။ ထို့အပြင်
သူ၏ဓားစိတ်ဆန္ဒ ကလည်း
နောက်ဆုတ်သွားခြင်းမရှိပေ။

ဖိအားကို ရှောင်တိမ်းရမလား။

၎င်းက သူ၏ဓားတာအို မဟုတ်ပေ။

လီရှန်းယန် က အရှိန်မြှင့်လိုက်သည်။
ဤအခိုက်အတန့်တွင် သူသည်
တိုက်ခိုက်ရန်အသင့်ဖြစ်နေသော
ဓားတစ်လက်လိုထင်ရလေသည်။
သူ၏အော်ရာက ကမ္ဘာကြီးကို
ဖျက်ဆီးပစ်နိုင်လောက်အောင်

ပြင်းထန်လှသည်။ ဆန့်ကျင်ဖက်အားဖြင့်
ယန်ယွဲ့သည် ပင်လယ်ပြင်မှ
လှေငယ်လေးတစ်စင်းကဲ့သို့ပင်။

ဓားစိတ်ဆန္ဒဖြင့် ဖိနှိပ်ခြင်း ။

ဤအချိန်တွင် လီရှန်းယန်က
ယန်ယွဲ့ရှေ့သို့ ရောက်လာသည်။
သူရောက်လာသည်နှင့် တပြိုင်နက်
ဓားစိတ်ဆန္ဒဟာ မရေမတွက်နိုင်သော

မီးတောင်များကဲ့သို့ ပေါက်ကွဲသွားပြီး
ယန်ယဲ့အား ဖုံးလွှမ်းလိုက်သည်။

ယန်ယဲ့သည် ရုတ်တရက်
မော့ကြည့်လိုက်သည်။ ဒီအချိန်မှာ
ကန့်သတ်ချက်အထိ ဖိနှိပ်ခံထားရသော
သူ့ဓားစိတ်ဆန္ဒဟာ  ရုတ်တရက်
ပေါက်ကွဲထွက်လာသည်။

အုန်း...

လီရှန်းယန် က နောက်သို့ အကြိမ်ကြိမ်
ပြန်ဆုတ်သွားခဲ့သည်။

တစ်ချိန်တည်းတွင်
ဓားမှအသွင်ပြောင်းထားသော
သက်လတ်ပိုင်းအဘိုးအိုဟာ
ယန်ယဲ့ကို အံ့အားသင့်စွာဖြင့်
စိုက်ကြည့်နေသည်။

မူလတာအိုအဆင့် ဓားစိတ်ဆန္ဒ ။

ယန်ယဲ့၏ဓားစိတ်ဆန္ဒဟာ

မူလတာအိုအဆင့်

သို့ရောက်ရှိသွားလေပြီ။

ထိုလူက တစ်ခုခုကို တွေးမိပုံရပြီး

လီရှန်းယန်ကို စိုက်ကြည့်နေသည်။

ဤအတောအတွင်း လီရှန်းယန် က

ယန်ယဲ့ကို စိုက်ကြည့်ကာ အပြုံးတစ်ခုနဲ့

"ညီငယ်၊ ဂုဏ်ယူပါတယ်"

ယန်ယဲ့က လေပူတစ်ချက်

မှုတ်ထုတ်လိုက်ပြီး လီရှန်းယန် ကို

ဦးညွှတ်ကာ "ကျေးဇူးတင်ပါတယ်"

လီမျိုးနွယ်၏ဘိုးဘေးက သူ့ကိုသတ်ရန်

ရည်ရွယ်ချက်မရှိပေ။

သူ၏ခံစားစိတ်ဆန္ဒကို မူလတာအိုအဆင့်

ရောက်အောင်ကူညီချင်ရုံသာဖြစ်သည်။ အကြောင်းအရင်းကိုတော့ မကြာခင်သိနိုင်ပေမည်။

လီရှန်းယန် က ယန်ယဲ့အနားသို့လျှောက်လာကာထိုင်ချလိုက်၏။ ယန်ယဲ့လည်းအလားတူပင်။ ဒီအချိန်မှာ လီမျိုးနွယ်၏ဘိုးဘေး က အနည်းငယ်ထူးဆန်းနေသလိုခံစားမိသည်။

လီရှန်းယန်က ဝိုင်ပုလင်းကို ထုတ်ယူလိုက်ပြီး ယန်ယဲ့ထံ ပေးလိုက်သည်။ ယန်ယဲ့က မငြင်းဘဲ ပါးစပ်ဟကာ တစ်ခါတည်းမော့ချလိုက်သည်။

လီရှန်းယန် က တဟားဟားရယ်ပြီး “ဒီမှာ ဝိညာဉ်ဖန်ဆင်းရှင် ရှိတယ်လို့ ငါ့ဘိုးဘေးက ပြောခဲ့တာ။ မယုံလို့

ငါကိုယ်တိုင်လာကြည့်တာပါ။
မထင်မှတ်ပဲ အဲဒါက အမှန်ဖြစ်နေတယ်။
ညီငယ်၊ အဲဒီအချိန်မှာ
ငါဘာတွေတွေးနေလဲ မင်းသိလား"

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

လီရှန်းယန် က ပြုံးပြီး "ငါ တတ်နိုင်သမျှ
အမြန်ဆုံး ထွက်သွားဖို့ စိတ်ကူးထားတာ။
မင်းနဲ့ ဝေးနိုင်သမျှ ဝေးဝေးနေဖို့လေ။

ငါ့လီမျိုးနွယ်က ဒီလိုယုတ်ညံ့တဲ့

နေရာမှာနေရရင်တောင် မဆိုးပါဘူး။

နောက်ဆုံးတော့ ငါက

အကန့်အသတ်ချိုးဖျက်နယ်ပယ်

မှာရှိနေသလို

ဓားသမားတစ်ယောက်လည်းဖြစ်နေသေး

တယ်။ အဲဒီတော့

သာမန်အဖွဲ့အစည်းတွေက ငါ့ကို

ကြောက်ကြတာပုံမှန်ပဲ။ ဒါပေမဲ့

ငါ့လီမျိုးနွယ်က ဝိညာဉ်ဖန်ဆင်းရှင်ကို

ရယူနိုင်ရင်တောင်မှ

ကပ်ဘေးနဲ့ရင်ဆိုင်ရမှာသေချာတယ်။

ရတနာတစ်ပါးဖြစ်ခဲ့ရင်

ငါတို့ကရယူနိုင်ပေမယ့်

ဒီအကောင်ငယ်လေးသာဆိုရင်တော့

အဲဒါကို မတွေးရဲတော့ဘူး”

ယန်ယဲ့က “ဒါပေမဲ့ တော်တော်များများ

လုပ်ကြပါတယ်”

"ဒါက ပုံမှန်ပါပဲ" လီရှန်းယန် က "ဒါဟာ ဝိညာဉ်ဖန်ဆင်းရှင်လေ"

ယန်ယဲ့က ပြုံးပြီး သူ့ကို စိုက်ကြည့်ရင်း “မင်း ငါ့ရဲ့ဓားစိတ်ဆန္ဒကို အဆင့်တက်အောင် ကူညီပေးခဲ့တယ်။ ဒီကြင်နာမှုကို ငါမှတ်မိနေမှာပါ”

လီရှန်းယန်  သူ့လက်ကို ဝှေ့ယမ်းပြီး

“ဘာအကြောင်းကြောင့်မှ မလုပ်ခဲ့ပါဘူး။

သေချာပါတယ်၊ မင်း အဲဒါကို

မှတ်မိချင်ရင် မင်းကိစ္စပဲ”

ထိုစကားပြောပြီးနောက်

မတ်တပ်ထရပ်လိုက်သည်။ ထို့နောက်

ဓားမှအသွင်ပြောင်းထားသော

သက်လတ်ပိုင်းအဘိုးအိုကို

စိုက်ကြည့်ကာ “ငါ့ဘိုးဘေး

သေဆုံးသွားပြီးတဲ့နောက်မှာတောင်

မင်းကိုယ်မင်း မပြဖူးဘူး။ အခု

မင်းဒီမှာရှိနေပြီ၊

မင်းဘာလုပ်ဖို့စီစဉ်ထားလဲ။

မင်းထွက်သွားချင်ရင် ငါ့လီမျိုးနွယ်က

မင်းကို တားမှာမဟုတ်ဘူး။

ဟုတ်ပါတယ်၊ မင်းနေရင်တော့

ပိုကောင်းပါတယ်။ နောက်ဆုံးတော့

ငါ့လီမျိုးနွယ်က မင်းအပြင်
ဓားကောင်းတစ်လက်မှ မရှိတော့ဘူး"

ဓားလုပ်သားက တိတ်ဆိတ်သွားသည်။

လီရှန်းယန် က ပြုံးပြီး
"မင်းစိတ်ကြိုက်ရွေးချယ်နိုင်ပါတယ်"

ထိုလူက ယန်ယွဲ့ကို
စိုက်ကြည့်လိုက်သည်။ အဆုံးတွင်

သူသည် ဓားတစ်လက်အဖြစ်

ပြန်ပြောင်းသွားခဲ့သည်။ ထို့နောက်

မိန်းမငယ်လေးရှေ့တွင်

လွင့်မျောနေခဲ့သည်။

မိန်းမငယ်လေးက အံ့သြသွားသည်။

လီရှန်းယန် က ပြုံးပြီး "ယူလိုက်ပါ"

မိန်းမငယ်လေး က

အနည်းငယ်တုန်ရီနေသောလက်များဖြင့်

ဓားကိုယူကာ လီရှန်းယန်အား

စိုက်ကြည့်ကာ “ဘိုးဘေး၊ ဒါက ...”

လီရှန်းယန် က ပြုံးပြီး “ဒါက

ဓားတစ်လက်ပဲ။ ဒါကြောင့်

သိပ်ပြီးမစဉ်းစားပါနဲ့။ ဟုတ်ပါတယ်၊

ဒါကိုလည်း

ကြမ်းကြမ်းတမ်းတမ်းမဆက်

မဆက်ဆံပါနဲ့။

မင်းအရင်ကလုပ်သလိုပဲလုပ်"

မိန်းမငယ်လေးက ကမန်းကတန်း

ခေါင်းညိတ်လိုက်သည်။

ဤအချိန်တွင် လီရှန်းယန်က ယန်ယဲ့ကို

စိုက်ကြည့်ကာ “ညီငယ်ယန်၊

မြောက်ပိုင်းဓားဂိုဏ်းတစ်ခုလုံး

ဘာ့ကြောင့် ညတွင်းချင်း

ပျက်သုဉ်းသွားတာလဲ

မင်းသိနိုင်တယ်ဆိုတာ ငါ့ရဲ့

ပင်ကိုယ်ဉာဏ်က ပြောပြတယ်။

ဟုတ်တယ်မလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး

"ငါနည်းနည်းသိတယ်"

လီရှန်းယန် က တိုးတိုးလေး

သက်ပြင်းချရင်း “တချို့အရာတွေကို

မသိသေးတာ ပိုကောင်းမှန်း ငါသိတယ်။

ဒါပေမဲ့ ငါ့ဘိုးဘေးလည်း အဲဒီညမှာပဲ

သေသွားတယ်။ ဘယ်အဖွဲ့အစည်းက

နတ်ဘုရားလို သန်မာပြီး

အကန့်အသတ်ချိုးဖျက်နယ်ပယ်

တွေကိုတောင် သတ်ပစ်နိုင်တဲ့

မြောက်ပိုင်းဓားသခင်ကို

ဘယ်အဖွဲ့အစည်းက ချေမှုန်းနိုင်လဲ

ဆိုတာ သိချင်ပါတယ်”

ယန်ယဲ့က ခဏမျှငြိမ်သက်သွားပြီး

"ဒီဖက်ကမ်းကလူတွေ မဟုတ်ဘူး"

ဟုသာပြောလိုက်သည်။

လီရှန်းယန် က

ခဏထိတ်လန့်သွားပြီးနောက်

အကူအညီမဲ့စွာ ရယ်မောရင်း

“ငါသိပါတယ်။ အခုငါနားလည်ပြီ။

မကြာခင် ပြန်ဆုံဖို့မျှော်လင့်ပါတယ်"

ထိုစကားပြောပြီးနောက်

အလင်းတန်းအသွင်ပြောင်းကာ

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် လူငယ်အုပ်စုကလည်း

ယန်ယဲ့အား ဦးညွှတ်ကာ

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့တစ်ယောက်တည်းသာ
ဤနေရာတွင် ကျန်ခဲ့သည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
မော့ကြည့်လိုက်ပြီး သူ့မျက်နှာပေါ်တွင်
အပြုံးတစ်ခု ရစ်ဝဲလာသည်။ ဒီတစ်ခါ
တော့ သူသည် တော်တော်
လေးရလိုက်ပါသည်။

ယန်ယဲ့က သူ့အတွေးများကို ထိန်းပြီး ထွက်သွားရန် ပြင်လိုက်၏။ သို့သော် သူက ထွက်မသွားသေးဘဲ ရပ်လိုက်သည်။ သူနှင့် မလှမ်းမကမ်း၌ အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်ဦး ရုတ်တရက် ပေါ်လာလို့ပါ။ သူမက ယန်ယဲ့ကို လက်ဝှေ့ယမ်းပြီး ပြုံးပြကာ

"မတွေ့တာကြာပြီ"

ယန်ယဲ့က

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးကို

မြင်သောအခါ

မျက်မှောင်ကြုတ်သွားသည်။

အခြားမဟုတ်ပေ၊

နန်လီမျိုးနွယ်၏ညာဏ်ကြီးရှင် နန်လီမုန့်

ဖြစ်နေလို့ပါ။

နန်လီမုန့် က ယန်ယဲ့ကို

ခဏကြာအောင်စိုက်ကြည့်နေပြီး "ဟီးဟ

ီး...ယန်ယဲ့၊ နင့်ရဲ့တိုးတက်မှုနှုန်းက

အံ့မခန်းပါပဲ”

ယန်ယဲ့ က ဂရုမစိုက်ဘဲ "မင်း

တစ်ခုခုလိုသေးလို့လား" ဟုသာ

မေးလိုက်သည်။

နန်လီမုန့်က သူမ၏စာလိပ်ထုကြီးကို ထုတ်ယူလိုက်ပြီး "ငါ့မှာ သတင်းကောင်းနဲ့ သတင်းဆိုးတွေ ရှိတယ်။ သတင်းဆိုးနဲ့ စလိုက်ရအောင်။ ဝိညာဉ်ဖန်ဆင်းရှင် အကြောင်းကို ထာဝရမြစ်မှာရှိနေတဲ့ အရှူးအိုကြီးတွေပါသိသွားကြပြီ။ ဒီတော့ တစ်ချိန်လုံး ပုန်းကွယ်နေတဲ့သူတွေပါ အပြင်ထွက်လာကြတယ်။ နင်ငါ့ကို

နတ်အဆင့်ရတနာတစ်ခု

ပေးချင်တယ်ဆိုရင်တော့ သူတို့ရဲ့

ဇာစ်မြစ်နဲ့စစ်မှန်တဲ့

ခွန်အားတွေအကြောင်း

ငါပြောပြနိုင်တယ်"

နတ်ရတနာ ။

ယန်ယဲ့က သူမကို

တစ်ချက်ကြည့်လိုက်ပြီး “ငါ့မှာ

ဘာတစ်ခုမှ မရှိပါဘူး။ ဘာပဲဖြစ်ဖြစ် အဲဒါက ထူးထူးခြားခြား မဖြစ်စေဘူး မဟုတ်လား”

နန်လီမုန့်က သူ့ကို လက်မထောင်ပြပြီး “ကောင်းလိုက်တဲ့ခံယူချက်။ လာ၊ ဆက်ကြရအောင်။ သတင်းဆိုးက ဒီနေရာမှာပဲမဆုံးသေးဘူး။ လွှတ်လပ်ခြင်းဂိုဏ်း၊ ထာဝရရှင်သန်ခြင်းဂိုဏ်းနဲ့

ဖန်ဆင်းခြင်းဂိုဏ်း အပြင်

ထာဝရနယ်နိမိတ်ရဲ့ အစောင့်အရှောက် ၄

ပါးက မဟာမိတ်ဖွဲ့လိုက်ပြီ။ ဒါ့အပြင်

သူတို့က ထာဝရမြစ်မှာ ရောက်နေတဲ့

ပညာရှင်တွေကို ပြန်ခေါ်နေကြတယ်။

ဟုတ်တယ်၊ အဲဒီပညာရှင်တွေ

ဘယ်လောက် အားကောင်းတယ်ဆိုတာ

နင်သိလား။ ထာဝရမြစ်ထဲကို

ဘယ်လိုလူမျိုးတွေ ဝင်ရဲတယ်ဆိုတာ

နင်မသိလို့ မကြောက်ဘူးဆိုတာ ငါသေချာတယ်”

သူမက လီရှန်းယန် ရပ်နေခဲ့သည့် နေရာကို ညွှန်ပြပြီး “အဲဒီလူက တော်တော်သန်မာတယ်မဟုတ်လား။ ကံမကောင်းစွာပဲ၊ သူ့မှာ ထာဝရမြစ်ထဲကို ဝင်ခွင့်မရှိဘူး”

ယန်ယဲ့ က

အချိန်တော်တော်ကြာအောင်ငြိမ်သက်

သွားပြီး "သတင်းကောင်းက ဘာလဲ" ဟု

မေးလိုက်သည်။

"စိတ်အေးအေးထားပါ" နန်လီမုန့် က

ပြုံးပြီး "သတင်းဆိုးက မပြီးသေးဘူး"

ယန်ယဲ့က ထိုအမျိုးသမီးကို

ရိုက်ပုတ်ချင်နေပြီဖြစ်သည်။

နန်လီမုန့်က ဆက်ပြောနေသည်

“ထာဝရနယ်စပ်ကလွဲလို့

တခြားကမ္ဘာအသီးသီးရဲ့

ပညာရှင်တွေလည်း ဒီကို

ရောက်လာနေပြီလို့ ကြားတယ်။

အဲဒီအထဲမှာ အားနည်းတဲ့ ပညာရှင်တွေ

ရှိတယ်။ ဟုတ်တယ်၊ သူတို့အားလုံးက

နင့်အတွက် သာမန်ပဲဖြစ်မှာပါ။ ဒါ့အပြင်

မျိုးနွယ်စုကြီး ၆ ခုကို မှတ်မိသေးလား။

ငါ့နန်လီမျိုးနွယ်ရဲ့

တည်ထောင်သူဘိုးဘေး အပါအဝင်

သူတို့ရဲ့ဘိုးဘေးတွေအကုန်လုံး

အသက်ရှင်နေတုန်းပဲ။ သူတို့အားလုံးက

ထာဝရမြစ်မှာ ရှိတယ်။ အခု သူတို့

ပြန်လာနေပြီ။ အဲဒီအချိန်မှာ

နင့်ရဲ့ရန်ငြိုးတွေ အားလုံးဟာ ကြီးမားတဲ့

တိုက်ပွဲတစ်ခုထဲ ရောက်သွားလိမ့်မယ်။

ဟီးဟီး၊ ပျော်စရာကောင်းမှာ

သေချာတယ်။ အိုး… မှန်တယ်။

ဒါတွေအားလုံးဟာ

အဆိုးဆုံးသတင်းမဟုတ်ပါဘူး။

အဆိုးဆုံးသတင်းက ဘာလဲသိလား"

ယန်ယဲ့ က

"ဒီထက်ဆိုးတာတစ်ခုရှိသေးလို့လား"

နန်လီမုန့် က ရယ်မောလိုက်ပြီး

“အဆိုးဆုံးသတင်းက…”

သူမက ယန်ယွဲ့ကို လက်ညှိုးထိုးပြပြီး

“နင်။ နင်က

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

ပဲရှိသေးတယ်။ ယန်ယွဲ့၊ အိုး.... ယန်ယွဲ့

နင်က ဟင်းလင်းပြင်နတ်ဘုရားအဆင့်

ပဲရှိသေးတော့ ငါ့ကိုပြောပါ၊

နင်ဘယ်လိုရှင်သန်မလဲ။ မဟုတ်ဘူး၊

နင်ဘယ်လိုသေချင်လဲလို့ မေးရမယ်"

ယန်ယွဲ့၏မျက်နှာက

မည်းမှောင်သွားသည်။ သူက

နန်လီမုန့်အား ရိုက်နှက်ချင်စိတ်ကို

အတင်းထိန်းချုပ်ကာ

“သတင်းကောင်းက ဘာလဲ” ဟု

မေးလိုက်သည်။

သူမက တခစ်ခစ် ရယ်မောရင်း

“နတ်အဆင့်ရတနာတစ်ပါး။ အဲ့ဒါကို

ပေးပြီးတော့ ပြောပြမယ်"

ယန်ယဲ့က သူမကို

တစ်ချက်ကြည့်လိုက်ပြီး

"မင်းသေလိုက်ပါလား"

ထိုစကားပြောပြီးနောက်

လှည့်ထွက်သွားသည်။

သို့သော် နန်လီမုန့်က သူ့ရှေ့မှာ

ပေါ်လာပြီး

“နင် ထာဝရ လျှို့ဝှက်နယ်မြေကို ရောက်ဖူးတယ်မဟုတ်လား။ ဒါ့ကြောင့် နင် အဲဒီရွာကို ရောက်ဖူးတယ်ထင်တယ်။ မူလခေတ်က တချို့အရာတွေကို နင်လည်းသိတာ သေချာပါတယ်၊ ဟုတ်တယ်မလား ”

ယန်ယဲ့က ရပ်လိုက်ပြီး သူမကို စိုက်ကြည့်ရင်း "ပြီးတော့..."

နန်လီမုန့် က သူ့ကိုကြည့်ရင်း “ဒါဟာ လွန်ခဲ့တဲ့နှစ်တွေတုန်းက မဟာစစ်မြေပြင်ရဲ့ သေးငယ်တဲ့ အစိတ်အပိုင်းတစ်ခုသာသာပဲရှိတယ်။ အခု အဲဒီ မဟာစစ်မြေပြင်ကြီး ပေါ်လာပြီ။ မူလစစ်မြေပြင်... "

ယန်ယဲ့ က မျက်မှောင်ကြုတ်ပြီး "မင်းငါ့ကိုဘာပြောဖို့ကြိုးစားနေတာလဲ"

နန်လီမုန့်က ယန်ယဲ့ဆီလျှောက်လာရင်း
“အဲဒီမူလစစ်မြေပြင်က
ထာဝရရှင်သန်ခြင်းဂိုဏ်း၊
ဖန်ဆင်းခြင်းဂိုဏ်း၊ လွတ်လပ်ခြင်းဂိုဏ်း၊
အင်မော်တယ်ဂိုဏ်းနဲ့ ငါ့နောက်ကွယ်မှာ
ရပ်တည်နေတဲ့ အင်အားစုတွေလိုမျိုး
ထာဝရနယ်နိမိတ်ရဲ့
ထိပ်သီးအင်အားစုကြီးတွေရဲ့
ထိန်းချုပ်မှုအောက်မှာ ရှိနေတယ်။

ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်ရက်တုန်းက

ဓားသမားတစ်ယောက်က အဲဒီနေရာရဲ့

အတားအဆီးတွေကို ချိုးဖျက်ပြီးတော့

အထဲကို ဝင်သွားတယ်။ အခုတော့

သီအိုရီအရ ဘယ်သူမဆို အထဲကို

ဝင်နိုင်တယ်။ ဒါဆို ငါနဲ့အတူ

သွားချင်လား။ ဟုတ်ပါတယ်၊ ငါတို့က

ခိုးဝင်ရမယ်”

ယန်ယွဲ့ က "ဓားသမားတစ်ယောက်လား" ဟု မေးလိုက်သည်။

နန်လီမုန့် က ခေါင်းညိတ်လိုက်ပြီး "အမည်မသိဓားသမားတစ်ယောက်ပဲ။ အင်အားစုအသီးသီးရဲ့ ခေါင်းဆောင်တွေက အဲဒီဓားသမားကို လိုက်ရှာနေကြတယ်။ ဒါဆို သူ မကြာခင် သေတော့မယ်။ နောက်ဆုံးအနေနဲ့ သူက အကန့်အသတ်ချိုးဖျက်နယ်ပယ် ၆

ယောက်လောက်ကို ရင်ဆိုင်ရမှာလေ။

သူတို့က သာမန်

အကန့်အသတ်ချိုးဖျက်နယ်ပယ်

တွေမဟုတ်ဘူး”

ယန်ယဲ့က အံ့အားသင့်နေသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၃၈ - မူလစစ်မြေပြင်

ဓားသမားလား။

ယန်ယဲ့၏မျက်နှာပေါ်တွင်

ထူးဆန်းသောအမူအရာတစ်ခုပေါ်လာသ

ည်။ သူက ခဏလောက် တုံ့ဆိုင်းသွားပြီး

“သူ ဘယ်လိုပုံစံလဲ သိလား” ဟု

မေးလိုက်သည်။

နန်လီမုန့်က ယန်ယွဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး "ငါ

မမေးခဲ့ပါဘူး။ ဒါပေမဲ့ သူက

တိမ်ဖြူဝတ်ရုံကိုဝတ်ထားပုံရတယ်။

ဘာ့ကြောင့်လဲ၊ နင်သူ့ကိုသိလို့လား"

တိမ်ဖြူဝတ်ဓားသမား ။

ယန်ယဲ့၏မျက်နှာက ပို၍ပင်

ထူးဆန်းလာသည်။

သူတို့က တိမ်ဖြူဝတ်စားသမား ကို

အမဲလိုက်နေတာလား။

တကယ်က သူ့ကို လိုက်ရှာနေတာလား။

ယန်ယဲ့၏မျက်နှာက ထူးဆန်းပြီးရင်း

ထူးဆန်းလာသည်။

အကြောင်းကတော့ သူက

ထိုလူ့အကြောင်းကို ခန့်မှန်းလို့ရနေသည်။

သေချာသည်မှာ

...

အနှောင်အဖွဲ့ကင်းမဲ့သူ၏

စစ်မှန်သောစွမ်းအားပ အမြဲတမ်း

လျှို့ဝှက်ဆန်းကြယ်နေခဲ့သည်။

သို့သော်လည်း ထိုအင်အားစုများက

မကြောက်မရွံ့လိုက်ရှာနေလေရာ

ကိုယ့်သေတွင်းကိုတူးလိုက်တာပင်။

ဤအချိန်တွင် နန်လီမုန့်က "နင် သူ့ကို

သိလား" ဟု မေးလိုက်သည်။

ယန်ယဲ့က သူမကို

တစ်ချက်ကြည့်လိုက်ပြီး

ခေါင်းညိတ်ပြပြီး "ဒီလိုပါပဲ"

သူမက “သန်မာသလား” ဟု ထပ်မေးသည်။

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး "ဒါလည်း ငါတို့အတူတူပါပဲ" ဟုပြောလိုက်သည်။

နန်လီမုန့်က ယန်ယဲ့ ဆီကို လျှောက်လာပြီး "ပြောစရာတောင် မလိုပါဘူး။ ငါသိတဲ့လူတွေထဲမှာ

မင်းရဲ့အသားအရေက အထူဆုံးပဲ။

လိမ်ညာနေတာမဟုတ်နိုင်ဘူး”

ယန်ယဲ့က

ဘာပြန်ပြောရမှန်းပင်မသိတော့ပေ။

နန်လီမုန့်က သူမ၏စာလိပ်ထူကြီးကို

ပြန်ခေါက်လိုက်ပြီး "နင်

မှူလစစ်မြေပြင်ကို သွားမလား"

ယန်ယဲ့ က "ဘာဖြစ်လို့လဲ"

နန်လီမုန့် က "နင်မဟုတ်ဘူး၊ ငါက ဝိညာဉ်ဖန်ဆင်းရှင် အတွက် ဒီကိုရောက်လာတာ။ ဒါဆို နင်ဘယ်လိုထင်လဲ"

ယန်ယဲ့က အရာရာတိုင်းကို နားလည်လိုက်သည်။

နန်လီမုန့် က နှင်းပွင့်လေး
နှင့်အတူသွားချင်နေတာပါ။

နှင်းပွင့်က
ရတနာများကိုရှာဖွေနိုင်ရုံသာမကဘဲ
အလိုအလျောက်ပင်ရယူနိုင်ပါသည်။
သူနှင့် နန်လီမုန့်တို့နှစ်ယောက်တည်းသာ
မူလစစ်မြေပြင်ထဲသို့ ဝင်ရှာပါက
လက်ဗလာဖြင့် ပြန်လာရနိုင်သည်။

သို့သော်လည်း နှင်းပွင့်လေး

ရှိနေရင်တော့

လက်ဗလာနဲ့ ပြန်လာစရာမလိုပေ။

ယန်ယွဲ့ က ခဏလောက်စဉ်းစားပြီး

"မူလစစ်မြေပြင်..."

"ဒီအကြောင်း ပိုသိချင်လား" နန်လီမုန့်က

ပြုံးပြီး “ဟုတ်ပါတယ်၊

နတ်ရတနာတစ်ခုပဲလေ။

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်၊
မူလစေတီ၊ ဒါမှမဟုတ် ဘူးသီးနက်..."

"ငါမသိချင်တော့ဘူး" ယန်ယဲ့က ပြန်ပြောလိုက်သည်။ ထို့နောက် တစ်ခုခုကိုတွေးမိသည့်အလား နှင်းပွင့်လေးကို အပြင်ခေါ်ထုတ်လိုက်သည်။

သူက နန်လီမုန့်ကို လက်ညှိုးထိုးပြပြီး "နှင်းခဲလေး၊ သူ့မှာ ရတနာတွေ ရှိ၊ မရှိ ကြည့်စမ်း။ နောက်မဆုတ်ပါနဲ့။ တတ်နိုင်သမျှယူ”

နှင်းပွင့်က နန်လီမုန့်ကို တစ်ချက်ကြည့်လိုက်သည်။ နန်လီမုန့်က မျက်နှာပေါ်တွင် အပြုံးတစ်ခုဖြင့် နှင်းပွင့်လေးကို စိုက်ကြည့်နေသည်။

ခဏအကြာတွင် နှင်းပွင့်လေးက
ယန်ယွဲ့ကို စိုက်ကြည့်ကာ
ခေါင်းယမ်းလိုက်သည်။

"ငါကာကွယ်မထားဘူးထင်လို့လား"
နန်လီမုန့် က ရုတ်တရက် ပြုံးလိုက်ပြီး
"နင့်မှာ ဒီလို အဖော်လေး ရှိမှန်း
ငါသိတယ်။ ဒါ့ကြောင့်
သတိမထားဘဲလာရင် ငါ လူမိုက် ဖြစ်မှာ
မဟုတ်ဘူးလား။ ကောင်းပြီ၊

အချိန်မဖြုန်းရအောင်။ နင်သွားမလား

မသွားဘူးလား ငါ့ကိုပြောပါ။

နင်သွားမယ်ဆိုရင် ငါတို့

မြန်မြန်လုပ်ရမယ်”

ယန်ယဲ့ က ခဏလောက်စဉ်းစားပြီး

"ကောင်းပြီ"

နန်လီမုန့် က ပြုံးပြီး "ဒါဆိုသွားရအောင်"

ပြောပြီးသည်နှင့် သူမ၏လက်ညှိုးကို ရှေ့သို့ ပုတ်လိုက်သည်။ ချက်ချင်းဆိုသလိုပဲသူတို့ရှေ့တွင် အပြာရောင်အလင်းစက်ဝိုင်းတစ်ခု ပေါ်လာသည်။ နန်လီမုန့်က အထဲကို အရင်ဝင်သွားလိုက်သည်။

ယန်ယဲ့ သည် တုံ့ဆိုင်းမနေဘဲ နောက်ကနေလိုက်ဝင်သွားသည်။

ပေါ်တယ်စနစ်ထဲတွင် ။

နန်လီမုန့် က ယန်ယဲ့၏ပခုံးပေါ်ရှိ

နှင်းပွင့်လေးကို

တစ်ချက်ကြည့်လိုက်သည်။ နှင်းပွင့်လေး

က နန်လီမုန့် ကို

စူးစိုက်ကြည့်နေလေသည်။ နန်လီမုန့် က

ပြုံးပြီး "ဘာလို့ ငါ့ကို ကြည့်နေတာလဲ"

နှင်းပွင့်လေးက နန်လီမုန့်၏လက်ထဲမှာ ဆုပ်ကိုင်ထားသော စာလိပ်ထူကြီးကို ညွှန်ပြသည်။ အဲဒါက ဘာလဲလို့မေးနေတာ...

နန်လီမုန့်၏အပြုံးက အေးခဲသွားသည်။ ထို့နောက် လေးနက်စွာ ပြောလိုက်ပါသည် "ဒါ....ဒါက ထူးထူးခြားခြားလို့ ထင်သလား"

သူမ၏အသံက

အနည်းငယ်တုန်ယင်နေသည်။

ဤအတောအတွင်း ယန်ယဲ့က

နန်လီမုန့်ကိုလှည့်ကြည့်လိုက်သည်။

နှင်းပွင့်လေးက မျက်လုံးထဲမှာ

စူးစမ်းလိုစိတ်အပြည့်နှင့် စာလိပ်ကို

တစ်ချက်ကြည့်လိုက်သည်။

ခဏအကြာတွင် သူမ၏အကြည့်ကို

ဆုတ်လိုက်ပြီး နန်လီမုန့်ကို
မကြည့်တော့ပါ။

"ဟားဟား..." နန်လီမုန့်က ရုတ်တရက်
ရယ်မောလိုက်သည်။ ရယ်သံက
အနည်းငယ်ပင်ကျယ်လောင်လေသည်။

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး
ထိုအမျိုးသမီးဟာ ရူးသွားပြီလားဟုပင်
တွေးမိသည်။

ခဏအကြာတွင်တော့ နန်လီမုန့်က ပုံမှန်ပြန်ဖြစ်သွားသည်။ ယန်ယဲ့ကို စိုက်ကြည့်ရင်း "ငါ သူမကို မျက်နှာသာပေးပြီးတော့ မူလစစ်မြေပြင်အကြောင်းကို အခမဲ့ ပြောပြပေးမယ်။ စစ်မြေပြင်လို့ ခေါ်ပေမယ့် တကယ်တမ်းတော့ မူလသင်္ချိုင်းနယ်မြေနဲ့ ပိုတူပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီနေရာမှာ

မူလခေတ်က

ပညာရှင်တွေအများကြီးသေဆုံးသွားလို့ပဲ။ အဲဒီ

ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့တိုက်ပွဲအတွင်းမှာ ပညာရှင်အများအပြားသေဆုံးခဲ့ရတယ်"

ယန်ယဲ့က "အတွင်းရေးတိုက်ပွဲလား။ ဒါမှမဟုတ် တခြားတစ်ခုခုလား"

နန်လီမုန့်က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "ဒါက

ဘာအတွင်းပိုင်းတိုက်ပွဲမှ မဟုတ်ဘူး။

ငါအတိအကျမသိသလို

တခြားအများကြီးလည်း မသိဘူး။

ငါသိတာက အဲဒီတိုက်ပွဲမှာ သူတို့တွေ

သနားစရာကောင်းလောက်အောင်

ကျဆုံးသွားတာပဲ"

ဤအချိန်မှာ နန်လီမုန့်က
ငြိမ်သက်သွားသည်။

ယန်ယဲ့က အဖြေကို ဆက်မမေးတော့ပေ။
သိချင်နေသည့်တိုင် သူနဲ့ဘာမှမဆိုင်ပါ။
လက်ရှိမှာ သူ့ကိုယ်သူ
လုံခြုံမှုအောင်တောင်
အာမခံချက်မပေးနိုင်သေးပေ။

ယန်ယဲ့က သူ့အတွေးကို ထိန်းလိုက်ပြီး "ငါတို့ အဲဒီကို ရောက်ဖို့ ဘယ်လောက်ကြာမလဲ" ဟု မေးလိုက်သည်။

နန်လီမုန့်က ပြန်ပြောသည် “၂ နာရီလောက်တော့ကြာလိမ့်မယ်။ ဟိုရောက်ရင် ကိုယ့်ကိုယ်ကို ဖုံးကွယ်ထားလိုက်ပါ။ သူတို့ရဲ့ ပညာရှင်တွေ ထာဝရမြစ်ကနေ

ပြန်မလာမချင်း

နင့်ကိုတိုက်ခိုက်မှာတော့မဟုတ်ဘူး။

ဒါပေမဲ့ နင်ရောက်လာမှန်းသိရင်တော့

ချက်ချင်းတိုက်ခိုက်လိမ့်မယ်”

ယန်ယဲ့ က “မင်း ထာဝရမြစ်အကြောင်း

ဆက်ပြောသင့်တယ်။ အဲဒါက

ဘယ်လိုနေရာလဲ"

နန်လီမုန့်က

ယန်ယဲ့ကိုတစ်ချက်ကြည့်လိုက်ပြီး

"အရမ်းကြောက်စရာကောင်းတဲ့

နေရာတစ်ခုပါ။  နင့်ရဲ့လက်ရှိခွန်အားနဲ့

အဲဒီကိုသွားလိုက်မယ်ဆိုရင်

တစ်နာရီအတွင်းမှာပဲ သေသွားနိုင်တယ်"

ယန်ယဲ့က အံ့အားသင့်ကာ

စကားပင်မပြောနိုင်တော့ပေ။

ထို့နောက် စကားများများမပြောဖြစ်

ကြသဖြင့် ယန်ယဲ့သည်

သူ၏အသိစိတ်ကို မူလစေတီထဲသို့

ပို့လွှတ်လိုက်သည်။

ဤအခိုက်အတန့်တွင် အထဲမှ

အခြေအနေသည် ကြီးကြီးမားမား

ပြောင်းလဲသွားခဲ့သည်။

မူလစေတီ၏ ပထမထပ် ။

ကောင်းကင်ငယ်တိုက်ကြီး ။

၎င်းက ကောင်းကင်ငယ်ကိုယ်တိုင်
ပေးခဲ့သော နာမည်ပင်ဖြစ်သည်။

လက်ရှိမှာတော့
ကောင်းကင်ငယ်တိုက်ကြီးတွင်
ဂိုဏ်းအသစ်တစ်ခုရှိခဲ့သည်။

စုချင်းရှီနှင့် အခြားလူတိုင်းဟာ

မြောက်ပိုင်းဓားဂိုဏ်းကို

ကောင်းကင်ငယ်တိုက်ကြီးရှိ

အမြင့်ဆုံးတောင်ထိပ်သို့

ပြောင်းရွှေ့ခဲ့ကြသည်။

ထိုတောင်တန်းသည် အမည်မရှိခဲ့ပေ။

သို့သော်လည်း စုချင်းရှီက ၎င်းအား

ယခုအမည်

"ကောင်းကင်အသံလှိုင်းတောင်တန်း" ဟု

အမည်ပေးထားခဲ့သည်။

ဆန်းကြယ်တိုက်ကြီးရှိ

ဆောဘာဓားဂိုဏ်းသည်

ကောင်းကင်အသံလှိုင်းတောင်တန်းပေါ်

တွင် တည်ရှိခဲ့သည်။ ထိုနေရာသည်

ယန်ယဲ့၏ဘဝစတင်ခဲ့သော

နေရာလည်းဖြစ်သည်။

မြောက်ပိုင်းဓားဂိုဏ်းအပြင် ၊

ကောင်းကင်အသံလှိုင်းတောင်တန်းပေါ်၌

မရေမတွက်နိုင်သော

တောင်တန်းငယ်များ ရှိနေသည်။

ပြုပြင်မွမ်းမံပြီးနောက်

နန်းတော်အများအပြားရှိနေ၏။

ယန်ယဲ့နှင့် အခြားသူများ

နေထိုင်မည့်နေရာဖြစ်သည်။

မူလစေတီထဲရှိ

ဝိညာဉ်သွေးကြောများနှင့်ပတ်သက်၍

တော့ အားလုံးကို

ကောင်းကင်အသံလှိုင်းတောင်တန်း၏

မြေအောက်ထဲမှာရှိနေကြသည်။ သို့သော်

ဝိညာဉ်သွေးကြောများကို

ချုပ်နှောင်မထားခဲ့ပေ။

တိုက်ကြီးတစ်ခုလုံး ဘယ်နေရာမဆို

ရွေ့လျားနိုင်၏။

ကောင်းကင်အသံလှိုင်းတောင်တန်း၏

နောက်ကွယ်တွင်

အကန့်အသတ်မဲ့တောင်တန်းတစ်ခုလည်း

ရှိခဲ့သည်။ ၎င်းသည် နွားနတ်ဆိုး နှင့်

မူလနဂါးတို့နေထိုင်ရာဖြစ်သည်။

နှင်းပွင့်လေး အတွက်တော့

မူလစေတီတစ်ဆူလုံးက

သူမအပိုင်နေရာများပင်။

နောက်ဆုံးတစ်ယောက်က

ကောင်းကင်ငယ်ပါ။ လက်ရှိတွင် သူမက

ကောင်းကင်ငယ်တိုက်ကြီး၏

ကောင်းကင်ဘုံရှင် ဖြစ်လာပေပြီ။

ယခင်က ကမ္ဘာတစ်ခု၏

ကောင်းကင်ဘုံရှင် ဖြစ်ဖူးသောကြောင့်

ထိုတာဝန်က အခက်အခဲမရှိပေ။

ထို့အပြင် လက်ရှိမှာကား

ဘာတိုက်ပွဲမှမရှိလေရာ

ကောင်းကင်ငယ်က

အတော်လေးနှစ်သက်သဘောကျနေသ

ည်။

လောကသုံးပါးမှ ယူဆောင်လာသည့်

ဝိညာဉ်ဘုရင်များကတော့ တိုက်ကြီးအနှံ့

ပြန့်ကျဲသွားခဲ့သည်။

သူတို့ကို

ဘာမှချုပ်နှောင်ထားတာမျိုးမရှိပေ။

စိတ်တိုင်းကျ

နေထိုင်ကျင့်ကြံနိုင်ပါသည်။ ထို့အပြင်

ဝိညာဉ်ဘုရင်တိုင်းက

သူတို့သွားတဲ့နေရာကို မတူညီသော

စွမ်းအင်ပုံစံများ ယူဆောင်ပေးပါသည်။

ဒြပ်စင် (၅)ပါးစွမ်းအင်။

လောက၌ ယင်၊ ယန်၊ ဓာတ်ကြီး (၅)ပါး ရှိ၏။ ယခု ဤလောကတွင်လည်း ဒြပ်စင် (၅) ပါးရှိနေပါပြီ။

ကောင်းကင်ငယ်တိုက်ကြီး သည် နောက်ဆုံးတွင် လမ်းကြောင်းမှန်ပေါ်ရောက်လာခဲ့သည်။

ယန်ယဲ့ သည် သူ့ပတ်ဝန်းကျင်က
ကမ္ဘာကို စိုက်ကြည့်ရင်း
အနည်းငယ်စိတ်လှုပ်ရှားမိသည်။

ပေါ်တယ်စနစ်ထဲ၌ ခဏအကြာတွင်
ယန်ယဲ့သည် မျက်လုံးဖွင့်လိုက်ပြီး
သူ့လက်နှစ်ဖက်ကို စိုက်ကြည့်ရင်း
“စမ်းကြည့်ဖို့ အချိန်ခဏလောက်တော့
ပေးသင့်တယ်”

ဤအချိန်တွင် နန်လီမုန့် က ရုတ်တရက်

မေးလိုက်သည် "ဘာလုပ်မလို့တုန်း"

ယန်ယဲ့ က သူမကို

တစ်ချက်ကြည့်လိုက်ပြီး

"ဘာမှမဟုတ်ပါဘူး"

"ဟမ်..." နန်လီမုန့် က အဝေးကို

ငေးကြည့်ရင်း "မူလစစ်မြေပြင်မှာ

အခွင့်အလမ်းတွေနဲ့ ပြည့်နေတယ်။

ဒါပေမဲ့လည်း အန္တရာယ်တွေနဲ့

ပြည့်နေတယ်။ မဟုတ်ရင် အဲဒီ

အင်အားစုတွေက ဖြည်းဖြည်းချင်း

စူးစမ်းဖို့ ချိတ်ပိတ် ထားမှာ မဟုတ်ဘူး။

ဘာလို့လဲဆိုတော့ သူတို့က

အတွင်းပိုင်းနယ်မြေထဲကို

ပေါ်ပေါ်တင်တင်မဝင်ရဲကြလို့”

ယန်ယဲ့ က "ဘာဖြစ်လို့လဲ"

နန်လီမုန့်က “နင်

ထာဝရလျှို့ဝှက်နယ်မြေထဲကို

ရောက်ဖူးတာဆိုတော့ အဲဒီမှာ ရှိနေတာကို

သတိထားမိသင့်တယ် မဟုတ်လား။

မူလစစ်မြေပြင်က အဲဒီထက်ပိုပြီး

အန္တရာယ်များတယ်။ မူလခေတ်ရဲ့

အစွမ်းထက် မူလနတ်ဆိုးတွေနဲ့

မူလဝိညာဉ်အကြွင်းအကျန်တွေတောင်

တွေ့နိုင်သေးတယ်။ ဒါတင်မကသေးရင်

ဒီလောက်ဆိုးမှာမဟုတ်ဘူး။ ပြဿနာက
အဲဒီမှာ တခြားမသိသေးတဲ့
အရာတွေလည်း ရှိကောင်းရှိနိုင်တယ်”

ယန်ယွဲ့ က ရုတ်တရက်ပြောလိုက်တယ် "
သေချာတယ်"

နန်လီမုန့် က သူ့ကို ကြည့်နေသော်လည်း
ယန်ယွဲ့က ဘာမှ မပြောဘဲ အဝေးကိုသာ
လှမ်းကြည့်နေသည်။

အနှောင်အဖွဲ့ကင်းမဲ့သူက မည်သူနည်း။

သူသည် ထိုလူထူးဆန်းအကြောင်းကို

ကောင်းကောင်းသိထားလေသည်။

ထိုလူက

လောကတွင်အန္တရာယ်အရှိဆုံးနေရာများ

ကိုသာ သွားလေ့ရှိသည်။

အနှောင်အဖွဲ့ကင်းမဲ့သူက

မူလစစ်မြေပြင်ကို

အတင်းဝင်သွားလေရာ

သူ့မျက်စိကျစေသောအရာတစ်ခုရှိရပေမည်။

စစ်မှန်သော ပညာရှင်တွေ ။

ယန်ယဲ့ သည် သူ၏မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။ အနှောင်အဖွဲ့ကင်းမဲ့သူ၏ ခွန်အားက ဘယ်လောက်သန်မာလဲ။

အနိုင်ယူရန်မဖြစ်နိုင်တော့သလို

ခံစားလိုက်ရသည်။

ခဏအကြာတွင်တော့

ယန်ယဲ့၏မျက်နှာပေါ်တွင် အပြုံးတစ်ခု

တဖြည်းဖြည်း ပေါ်လာသည်။

စုချင်းရှီ၊ ကျွမ်းဝေယန်၊ အန်နန်ကျင်း၊

နှင်းပွင့် တို့လို

လူအများအကြောင်းကိုတွေးမိလိုက်လို့ပါ

...

အချိန်အတော်ကြာပြီးနောက် ယန်ယဲ့

သည် မျက်လုံးများကိုဖွင့်ကာ

အဝေးကိုလှမ်းကြည့်ပြီး

"အနှောင်အဖွဲ့တွေ၊ ဒါဟာ ငါ့ဓားတာအိုပဲ"

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၃၉ - သွေးဖြင့်ဖန်တီးခြင်း

နှောင်ကြိုးများ…

ဓားသမားတိုင်းဟာ နှလုံးသားကို

တည်ငြိမ်အောင်ကျင့်ကြံရသည်။

နှလုံးသားများအား ချည်နှောင်ခြင်းကို

ခွင့်ပြုလို့မရပေ။ နှလုံးသားကို

ချည်နှောင်ထားလျှင်

ဓားလမ်းစဥ်၏အထွတ်အထိပ်သို့
ရောက်နိုင်မည်မဟုတ်ပါ။

ရှေးခေတ်ဦးကတည်းက ဓားကျင့်ကြံသူ
အများအပြားသည် အရာအားလုံးကို
ဖြတ်တောက်ပြီး ဓားလမ်းစဉ်ကိုသာ
အဓိကထားလျှောက်လှမ်းခဲ့ကြသည်။

နှလုံးသားတွင်
ဘာခံစားချက်မှမရှိလေလေ

ဓားတာအိုကသန်မာလေဖြစ်သည်။
၎င်းက ခြွင်းချက်မရှိ
စစ်မှန်သောဓားလမ်းစဉ်ဖြစ်သည်။

သို့သော်လည်း ယန်ယဲ့သည်
ထိုအတိုင်းမဟုတ်ဘဲ အခြားလမ်း
ကြောင်းကိုလျှောက်လှမ်းနေခဲ့သည်။
ချုပ်နှောင်မှု နှင့်ပတ်သက်၍လား။
သူ့အမြင်ကတော့ အနှောင်အဖွဲ့များဟာ
ဓားတာအိုအစိတ်အပိုင်းများပင်။

ထိုအရာများက သူ့အတွက်

အနည်းငယ်ဝန်ပိုပိစေရှိသာ။

မည်သို့ပင်ဖြစ်စေ သူသည်

အဆုံးသတ်မှာ

ပိုပြီးသန်မာလာရပေမည်။

အတိုချုပ်ပြောရလျှင်

စိတ်ခံစားမှုအနှောင်အဖွဲ့များဟာ

ယန်ယဲ့အတွက်တော့ သူ၏ဓားတာအိုကို

ပိုသန်မာလာစေသောအရာများပင်။

"ငါတို့ ဒီမှာရောက်ပြီ"

ယန်ယဲ့အတွေးများနေစဉ်

နန်လီမုန့်၏အသံကို

ရုတ်တရက်ကြားလိုက်ရသည်။

ယန်ယဲ့က သူ့အတွေးကို ထိန်းကာ

လှည့်ကြည့်လိုက်သည်။ ဤအချိန်တွင်

သူတို့နှစ်ယောက်ဟာ

မြောက်ပိုင်းနယ်မြေမှ

ထွက်လာကြပြီဖြစ်သည်။

ဘမ်း...

နှစ်ယောက်သား နေရာမှာပင်

ပျောက်ကွယ်သွားပြီး

တိမ်တိုက်များကြား၌

ပြန်ပေါ်လာကြသည်။

ယန်ယဲ့ က "ငါတို့ ထာဝရနယ်စပ်မှာ ရှိနေတာလား"

နန်လီမုန့် က ခေါင်းညိတ်လိုက်သည်။ ယန်ယဲ့က "ထာဝရနယ်စပ်က ဒီလူတွေကို ငါဘယ်မှာနေမှန်း မသိဘူးလို့တော့ မပြောနဲ့"

နန်လီမုန့်က ပြုံးပြီး “သူတို့ ဒါကို သေချာပေါက်သိနေပါတယ်။ ဒါပေမဲ့ သူတို့က အလောတကြီးမလှုပ်ရှားသေးဘူး"

စကားပြေနေရင်းဖြင့် ကျောက်တုံးသေးသေးလေးတစ်တုံးကို ထုတ်ယူလိုက်ပြီး "ဒါက ဘာလဲဆိုတာ သိလား။ ကောင်းကင်လျှို့ဝှက်ကျောက်တုံး။ နင့်ကို

ကောင်းကင်ဘုံ

ကနေဖုံးကွယ်ထားနိုင်တယ်။ ဒါ့ကြောင့်

တခြားသူတွေက

ဘယ်လိုနည်းလမ်းပဲသုံးသုံးရှာတွေ့နိုင်မှာ

မဟုတ်ဘူး။ ဟုတ်ပါတယ်၊ ဒါက

နည်းနည်းချဲ့ကားရောက်တယ်လို့လည်း

ပြောနိုင်တယ်။ ဒီလောကမှာ ဘယ်အရာမှ

အကြွင်းမဲ့ဆိုတာ မရှိဘူးမဟုတ်လား။

အတိုချုပ်ပြောရရင်တော့ လက်ရှိနင်က

ဘာပြဿနာမှ မရှိနိုင်သေးဘူး။ ဟမ်…၊

နင်ဒါကိုလိုချင်နေတာထင်တယ်။

ကိစ္စမရှိပါဘူး၊

နတ်အဆင့်ရတနာတစ်ပါးနဲ့ဆို

ငါနင့်ကိုရောင်းပေးလိုက်မယ်။ ဟေး၊

ဟေး၊ မသွားပါနဲ့ဦး။

နတ်တစ်ပိုင်းအဆင့်ရတနာနဲ့လည်း

အလုပ်လုပ်လို့ရတယ်။ ဟေး၊ ဒါကို ငါတို့

ဆွေးနွေးနိုင်တယ်…”

၁၀ မိနစ်ခန့်အကြာတွင်

သူတို့နှစ်ယောက်ဟာ

အကန့်အသတ်မဲ့ရှည်လျားသောတောင်

တန်းတစ်ခု ထဲသို့

ဝင်ရောက်လာခဲ့ကြသည်။

တောင်တန်း၏အရှည်အပြင်အရွယ်အ

စားသည် သူတို့ထင်ထားသည်ထက်ပင်

ကျော်လွန်သွားခဲ့သည်။

အလွန်တရာကိုမှ ကြီးမားလှသော
တောင်တန်းကြီးပင်။

ကီလိုမီတာ (၅၀၀,၀၀၀) အကွာအဝေးထိ
လှမ်းမြင်နိုင်သော
ယန်ယဲ့၏အမြင်အာရုံပင်လျှင်
တောင်တန်းကိုကျော်ပြီးဘာမှမမြင်ရပေ။

ဤအတောအတွင်း နန်လီမုန့်က
ဘယ်ဖက်ကို ညွှန်ပြပြီး

“အဲဒီလမ်းကြောင်းအတိုင်း

အဆုံးထိသွားမယ်ဆိုရင်

တောင်တန်းတစ်ခုဆီကို ရောက်မှာပါ။

အဲဒီတောင်တန်းကိုဖြတ်ကျော်လိုက်တာနဲ့

ထာဝရမြစ်ကို ရောက်ပြီ။ နင်က

ထာဝရမြစ်ကိုဖြတ်ကျော်နိုင်ရင်တော့

ထာဝရစကြာဝဠာကိုဝင်သွားနိုင်တယ်။

တကယ်တော့

ထာဝရမြစ်ကိုဖြတ်ပြီးတော့

စကြဝဠာတံတိုင်းကို ဖျက်ဆီးရဦးမယ်။

ဘာလို့လဲဆိုတော့ စကြာဝဠာတံတိုင်းရဲ့

ဟိုဖက်ခြမ်းမှာ မရေမတွက်နိုင်တဲ့

သက်ရှိသတ္တဝါတွေရဲ့မျှော်လင့်ချက်ဖြစ်

တဲ့ ထာဝရစကြာဝဠာ ရှိနေလို့ပဲ။

ဒါ့အပြင် ဒီလောကရဲ့

အကြီးမားဆုံးသင်္ချိုင်းနယ်မြေက

မူလစစ်မြေပြင် ဒါမှမဟုတ်

တခြားနယ်မြေတွေလည်းမဟုတ်ဘူး။

ထာဝရမြစ် ပဲ။ မြစ်ထဲမှာ

မရေမတွက်နိုင်တဲ့

ပညာရှင်တွေရဲ့အကြွင်းအကျန်ဝိညာဉ်

တွေ ရှိနေတယ်”

ထို့နောက် နန်လီမုန့် က

ယန်ယဲ့ကိုလှည့်ကြည့်ရင်း ပြုံးကာ

"သွားကြည့်ချင်လို့လား"ဟုမေးလိုက်သ

ည်။

ယန်ယဲ့ သည် ထာဝရမြစ် ဆီသို့

ဦးတည်သည့်လမ်းကြောင်းအား

တစ်ချက်လှမ်းကြည့်လိုက်ပြီး

"ဘာလို့များ ထာဝရစကြာဝဠာထဲကို

ဒီလောက်များတဲ့လူတွေ ဝင်လာရတာလဲ။

ဒီနေရာလည်း လုံးဝ မဆိုးဘူးထင်တယ်"

နန်လီမုန့်က ပြုံးပြီး "သေမျိုးကမ္ဘာမှာ

ဆင်းရဲသားတွေက ပိုက်ဆံလိုချင်တယ်။

သူတို့ ဘာကြောင့် ငွေရှာချင်တယ်လို့

ထင်လဲ။ ဘာ့ကြောင့်လဲဆိုတော့ သူတို့က

နဂိုထက်ပိုပြီးကောင်းမွန်တဲ့ဘဝမှာနေထို

င်ချင်ကြတယ်လေ။

ချမ်းသာကြွယ်ဝသူတွေရဲ့

အဆင့်အတန်းမျိုးရယူချင်ကြတာ။ချမ်း

သာတဲ့သူတွေမှာ ပိုက်ဆံရှိပေမယ့်

ဝင်ငွေပိုရဖို့ ကြိုးစားနေကြတုန်းပါပဲ။

ဘာလို့လဲဆိုတော့ သူတို့က

ပိုမြင့်ချင်တာ။

ဥပမာပေးရရင် ထာဝရစကြာဝဠာက

ချမ်းသာကြွယ်ဝတဲ့နေရာတစ်ခု၊

ငါတို့ကတော့ ဆင်းရဲသားတွေ”

ယန်ယဲ့က "ငါတို့က အဆင့်တစ်ခုမှာ

ရှိနေပြီဆိုတော့ ဘာလို့များ

အတင်းအကြပ် ဝင်ရောက်ဖို့

ကြိုးစားနေတာလဲ"

"မိုက်မဲလိုက်တာ" နန်လီမုန့် က ယန်ယွဲ့ကို မျက်လုံးကြီးပြူးကြည့်ကာ “နင်က ဘယ်သူ့ထက် ပိုမချမ်းသာလို့လဲ။ ထာဝရနယ်စပ်မှာရှိတဲ့ ဘယ်အင်အားစုကများ ဝိညာဉ်ဖန်ဆင်းရှင် ရှိနေလို့တုန်း။ ဘယ်သူမဆို ဝိညာဉ်ဖန်ဆင်းရှင် နဲ့ မူလခရမ်းရောင်စွမ်းအင် ရှိလို့လား။ ဒါတင်မကဘူး၊ နင့်မှာ

နတ်ဘုရားရတနာတွေနဲ့

နတ်တစ်ပိုင်းအဆင့်ရတနာတွေအများ

ကြီးရှိတယ်။ ပြောပါ၊ နင်က ဘာများ

ချို့တဲ့နေလို့လဲ။ ဝိညာဉ်စွမ်းအင်လား၊

နင့်ဘေးနားမှာ

ဒီအကောင်ငယ်လေးရှိနေသရွေ့တော့

အဆုံးအစမဲ့တဲ့ဝိညာဉ်စွမ်းအင်တွေပိုင်ဆို

င်ထားတာပဲ။ရတနာပစ္စည်းတွေနဲ့ပတ်သ

က်ရင်လား၊ အခု နင့်မှာ

နတ်ဘုရားရတနာသုံးပါးထက်

မနည်းတော့ဘူးမဟုတ်လား။ ဒါ့အပြင်

နင့်အနားမှာ သူမ ရှိနေလို့

ပိုတောင်များလာဦးမယ်"

နန်လီမုန့်က သူ့ကို

တစ်ချက်ကြည့်လိုက်ပြီး ဆက်ပြောသည်

"တကယ်တော့ နင်ဟာ

ထာဝရစကြာဝဠာထဲက

လူတွေထက်တောင်

ပို ပြီးချမ်းသာကြွယ်ဝသေးတယ်။ နင်က အရမ်းငြိမ်သက်နေလို့သာ မသိသာတာ။ နင့်အမြင်မှာဆိုရင်တော့ သူတို့အားလုံး ဆင်းရဲတယ်။ ဒီတော့ နင် ထာဝရစကြာဝဠာကို မသွားချင်လို့ပြောနေတာပဲ"

ယန်ယဲ့က ဘာပြန်ပြောရမှန်းပင်မသိတော့ပေ။

နန်လီမုန့်က ခေါင်းခါလိုက်ပြီး "ဒါကို

မေ့ထားလိုက်ပါ။ ဒါဟာ ငါ့နှလုံးသားကို

နာကျင်စေတယ်။ လောလောဆယ်

မူလစစ်မြေပြင်မှာ

အမြတ်ထွက်နိုင်မလားပဲသွားကြည့်ရ

အောင်"

ထိုစကားပြောပြီးသည်နှင့်

နန်လီမုန့်၏ပုံရိပ်က

အလင်းတန်းတစ်ခုသဖွယ်ပြောင်းလဲကာ

အဝေးဆီသို့ ပျောက်ကွယ်သွားသည်။

ယန်ယဲ့က သူ့ပခုံးပေါ်ရှိ နှင်းပွင့်လေးကို

စိုက်ကြည့်ကာ "ငါတို့

အရမ်းချမ်းသာနေသလား"

နှင်းပွင့်လေးက

မျက်တောင်ခတ်နေသည်။

ခဏကြာအောင် စဉ်းစားပြီးနောက်

သူမလေးက

လက်သည်းများကိုဝှေ့ယမ်းရင်းခေါင်းခါပြလေသည်။

ယန်ယဲ့က

သူမလေး၏ဆိုလိုရင်းကိုနားလည်လိုက်သည်။

နှင်းပွင့်လေး ဆိုလိုသည်မှာ သူတို့က

အတော်လေးဆင်းရဲနေကြတုန်းပင်။

ယန်ယဲ့က တိုးတိုးလေး သက်ပြင်းချရင်း

“ကံကောင်းတာက အဲဒီအမျိုးသမီးက

ထွက်သွားပြီ။ မဟုတ်ရင် သူ

မင်းပုံစံကိုမြင်တာနဲ့ နှလုံးကွဲပြီး

သေလိမ့်မယ်”

ယန်ယဲ့က တဟားဟားရယ်ပြီး နှင်းပွင့်ကို

ပွေ့ချီကာ ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားခဲ့သည်။

၂ နာရီအကြာတွင် ယန်ယဲ့နှင့် နန်လီမုန့်

တို့ဟာ အကန့်အသတ်မဲ့တောင်တန်းထဲမှ

ထွက်လာနိုင်ကြသည်။ သူတို့ရှေ့တွင်

တံခါးပေါက်တစ်ခု ရှိနေသည်။

တံခါးပေါက်က ၃ ကီလိုမီတာကျော်

မြင့်မားသည်။ တံခါးချပ်၏

အလယ်ဗဟိုမှာတော့ ဓားရာများရှိနေကာ

အက်ကြောင်းများထပ်နေလေသည်။

နန်လီမုန့်က

တိုးတိုးလေးပြောလိုက်ပါသည် "အဲဒီမှာ

အရမ်းအစွမ်းထက်တဲ့

ချုပ်နှောင်ခြင်းအစီအရင်တစ်ခုရှိခဲ့ဖူးတ

ယ်။ဒါဟာ အဲဒီအင်အားစုတွေ

ပူးပေါင်းဖန်တီးထားတာပဲ။

အကန့်အသတ်ချိုးဖျက်နယ်ပယ်

တောင်မှ

ဒါကိုဖြတ်ကျော်နိုင်မှာမဟုတ်ဘူး။

သူတို့မှာရှိတဲ့ လျှို့ဝှက်တံဆိပ်ပြားတွေနဲ့ပဲ

ဖွင့်လှစ်နိုင်တယ်။ ဒါပေမဲ့

အဲဒီဓားသမားက

ချုပ်နှောင်ခြင်းအစီအရင်ကိုတစ်ခါတ

ည်းဖျက်ဆီးသွားတယ်။

ငါ့အမြင်ကိုပြောရင်တော့ တကယ်လို့

သူသာ ပြင်ပအင်အားကို

မသုံးခဲ့ဘူးဆိုရင် သူ့ရဲ့ ခွန်အားက

တကယ်ကို

ကြောက်စရာကောင်းလွန်းတယ်"

နန်လီမုန့်က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး တံခါးကို

ခေါက်လိုက်သည်။

ဘမ်း...

ချက်ချင်း တံခါးပွင့်လာ၏။ ထို့နောက်

ယန်ယွဲ့၏ပခုံးကို ဆွဲမကာ

တံခါးပေါက်ထဲသို့လှမ်းဝင်လိုက်သည်။

အထဲကို ဝင်လိုက်သည်နှင့်

အလင်းတန်းအချို့

ရုတ်တရက်ပေါ်လာသည်။ သို့သော်

တံခါးဝမှ တစ်စုံတစ်ခု

ထွက်ပေါ်လာသည်။ ၎င်းသည်

ရောင်စဉ်ခုနစ်ဖြာ ထွက်ပေါ်နေသော

အလင်းလုံးတစ်လုံးပင်။

နတ်ဘုရားအဆင့်ရတနာ ။

တစ်ချိန်တည်းမှာပင် တံခါးအတွင်းမှ

အသံတစ်သံ ထွက်ပေါ်လာသည်

"ငါ့ကံကို စမ်းကြည့်ချင်တယ်၊ ဒါကြောင့်

ငါ့ကို အခွင့်အရေးပေးပါ။ ကျေးဇူးပြုပြီး

ငါ့ရဲ့ ကြွင်နာတဲ့ ရည်ရွယ်ချက်တွေကို

လက်ခံပါ”

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

နတ်ဘုရားအဆင့်ရတနာက

ပျောက်ကွယ်သွား၏။

တစ်ချိန်တည်းမှာပင် အသံတစ်သံက

“မိန်းမပျိုမုန့်အာ၊ သတိထားပါ။

တောင်ဖက်ကို သိပ်မသွားပါနဲ့"

တံခါးက ဖြည်းညှင်းစွာပိတ်သွားသည်။

တံခါးတစ်ဖက်ခြမ်း ။

ဤအခိုက်အတန့်တွင် ယန်ယွဲ့နှင့် နန်လီမုန့်တို့ဟာ ဘေးချင်းကပ်ပြီး လမ်းလျှောက်လာကြသည်။ နန်လီမုန့်က ပြုံးပြီး "ဒါကိုတွေ့လား။ ပိုက်ဆံက ဘာမဆိုလုပ်လို့ရတယ်"

ယန်ယဲ့ က ဂရုမစိုက်ဘဲ ပြန်ပြောလိုက်၏

"မင်းဟာ ထိပ်သီးတစ်ယောက်လို့

ငါထင်ခဲ့တယ်။ ဒါပေမဲ့

နတ်ဘုရားရတနာတစ်ပါးနဲ့

လဲလှယ်ရလိမ့်မယ်လို့တော့

ငါမမျှော်လင့်ထားဘူး"

နန်လီမုန့် က ခေါင်းခါလိုက်ပြီး “ဒါက နင်

နားမလည်ပါဘူး။ ငါ

အင်အားသုံးလို့ရတယ်၊ သူတို့ ငါ့ကို ဘာမှ

လုပ်နိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့

နောက်ပိုင်းမှာ

ငါနဲ့စီးပွားရေးကိစ္စတွေလုပ်ဖို့

ဆန္ဒရှိတော့မှာမဟုတ်ဘူးလေ။

စီးပွားရေးသမားတွေအတွက်

နာမည်ဂုဏ်သတင်းက အရေးကြီးဆုံးပဲ။

ဒါ့အပြင် နတ်ဘုရားရတနာတစ်ပါးက

ငါ့ကိုလမ်းပြပေးတဲ့အပြင်

ထွက်လမ်းကိုတောင်

အသင့်ပေးထားလိမ့်မယ်။ ငါပြောတာကို

ယုံပါ၊ ဒီမှာ ဒုက္ခတစ်ခုခု ကြုံရရင်

တကယ် ကြီးကြီးမားမား

ဒုက္ခမဟုတ်သရွေ့ အဲဒီ

အပေါင်းအပါတွေ က ဝမ်းသာအားရနဲ့

ငါ့ကို လာကူညီလိမ့်မယ် ။

ဘာလို့လဲဆိုတော့ သူတို့က ငါ့ကို

အလကား ကူညီပေးမှာ မဟုတ်ဘူးဆိုတာ

သူတို့သိလို့"

သူမက ယန်ယဲ့၏ပခုံးကို အသာပုတ်ပြီး "ဒါဟာ ကမ္ဘာပေါ်က အရာတွေကို ကိုင်တွယ်ဖြေရှင်းတဲ့ နည်းလမ်းတစ်ခုပဲ။ နင် သင်ယူနိုင်ပါတယ်။ လိမ္မာပါးနပ်တယ်ဆိုတာက ဘယ်တော့မှမှားသွားတယ်လို့မရှိသေးဘူး”

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး ခေါင်းညိတ်ပြသည် "ငါသိပြီ"

နန်လီမုန့် က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး " နင်က

သတ်ရတာ ကြိုက်တဲ့

အရူးတစ်ယောက်လို့ ပြောကြတယ်။

ဒါပေမဲ့ နင့်ရဲ့ ဒေါသကလွဲလို့

ပေါင်းသင်းဆက်ဆံရ

သိပ်မခက်ဘူးဆိုတာ

ငါသတိထားမိတယ်။ ဟူး၊

နောက်ဆုံးတော့

ဒီအကောင်ငယ်လေးကြောင့်ပဲ...”

ဤအချိန်မှာ နှင်းပွင့်လေးက

ပုဆိန်လေးတစ်လက်ကို

ဆုပ်ကိုင်ထားရင်း နန်လီမုန့်အား

စူးစိုက်ကြည့်နေလေသည်။

ထို့နောက် နန်လီမုန့်ကို စိုက်ကြည့်ရင်း

ပုဆိန်ကို အကြိမ်ကြိမ်

ဝှေ့ယမ်းလိုက်သည်။ သူမလေးက

နန်လီမုန့်အား "

ဆက်ပြော၊ရှေ့ဆက်ပြောပါ"

ဟုပြောနေတာပါ။

သေချာသည်မှာ ထိုစကားက

ယန်ယွဲ့ဆီကနေ သင်ယူထားပုံပါ။

နန်လီမုန့် က တခစ်ခစ်ရယ်မောပြီး

ဘာမှပြန်မပြောပေ။ အမှန်တော့

နှင်းပွင့်ကို မျက်နှာသာပေးရန်သာ
ဆုံးဖြတ်ထားလို့ပါ။

ဤအတောအတွင်း နှင်းပွင့်လေးက
ဘေးဖက်ကို လှမ်းကြည့်လိုက်သည်။
နန်လီမုန့်က
ဤမြင်ကွင်းအားသတိထားမိသောအခါ
မျက်လုံးထဲမှာအရောင်များတောက်ပလာ

သည်။ ထို့နောက် နှင်းပွင့်လေးကို

ချက်ချင်း စိုက်ကြည့်နေသည်။

နှင်းပွင့်လေးက ထိုနေရာကိုသာ

စူးစိုက်ကြည့်နေလေသည်။

အချိန်အနည်းငယ်အကြာမှသာ

သူမ၏အကြည့်ကိုပြန်ဆုတ်လာသည်။

ထို့နောက် နန်လီမုန့်ကို

တစ်ချက်လှမ်းကြည့်ပြီး

ယန်ယဲ့၏ နားထဲကိုတစ်စုံတစ်ခုတီးတိုး

ပြောလိုက်လေသည်။

ဤမြင်ကွင်းကို မြင်သောအခါ

နန်လီမုန့်၏မျက်နှာကချက်ချင်း

မည်းမှောင်သွားသည်။ ...

သောက်ကျိုးနည်း၊

ဒီအကောင်ငယ်လေးက ဒီလို

ရန်စတတ်သလား ။

ဤအချိန်တွင် ယန်ယဲ့က နှင်းပွင့်လေး

ကြည့်နေခဲ့သည့် လမ်းကြောင်းကို

တစ်ချက်ကြည့်ရင်း နန်လီမုန့်ကို

စူးစိုက်ကြည့်ကာ "အဲဒီမှာ

အန္တရာယ်ရှိတယ်၊ ဒါပေမဲ့

ရတနာတွေလည်းရှိတယ်"

နန်လီမုန့် က

“ဘယ်လောက်အန္တရာယ်များလဲ”

ဟုထပ်မေးသည်။

ယန်ယဲ့ က “အရမ်းများတယ်” ဟူ၍ တိုးတိုးလေး ပြန်ဖြေသည်။

နန်လီမုန့် က ပြုံးပြီး “ဒါက အရမ်းပုံမှန်ပါပဲ။ ကံကြမ္မာက အန္တရာယ်နဲ့ အမြဲဒွန်တွဲနေတတ်ပါတယ်။ လာ၊ ဟိုမှာ ဘာရှိလဲ သွားကြည့်ရအောင်”

စကားပြောပြီးသည်နှင့်
သူမ၏အရှိန်ကိုမြှင့်လိုက်လေသည်။

ယန်ယဲ့က ခဏမျှစဉ်းစားပြီး
နောက်ကနေ လိုက်သွားသည်။

နန်လီမုန့် ပြောသည့်အတိုင်း အမှန်ပင်။
အန္တရာယ် သို့မဟုတ် စွန့်စားမှုမရှိဘဲ
ဘာကိုမှရယူနိုင်မှာမဟုတ်ပေ။

သို့သော် လမ်းတစ်လျှောက်လုံးတွင်
နန်လီမုန့်၏မျက်နှာက
သတိအပြည့်ထားနေသောအမူအရာများ
အပြည့်ပါ။ ထာဝရနယ်စပ်၏
ထိပ်သီးပညာရှင်တစ်ဦး ဖြစ်နေသည့်တိုင်
ပေါ့ပေါ့ဆဆ မလုပ်ရဲပေ။

အချိန်အတော်ကြာပြီးနောက်
နောက်ဆုံးတွင် နှစ်ယောက်စလုံး
ရပ်တန့်သွားကြသည်။ သူတို့ရှေ့တွင်

အလွန့်အလွန်ထူးဆန်းသော

မြစ်တစ်စင်းရှိနေ၏။

မြစ်က မီတာ ၁၀ ကျော်ကျယ်ပြန့်ကာ

တစ်ဖက်တစ်ချက်စီမှ

မြစ်ကမ်းပါးများကိုပင် မမြင်နိုင်ပေ။

ထူးဆန်းလှသော မြစ်ကြီးကို

မြင်လိုက်သဖြင့် နှစ်ယောက်လုံး

ငြိမ်သက်သွားကြသည်။

မြစ်က သာမန်မဟုတ်နေလို့ပါ။

သွေးမြစ် ။

မြစ်ပြင်တစ်လျှောက်
ပြည့်လျှံနေသောရေပြင်ဟာ
ရေမဟုတ်ဘဲ သွေးများသာဖြစ်နေ၏။

ဤအချိန်မှာပဲ ယန်ယဲ့၏ပုံရိပ်က
တုန်ခါသွားသည်။ ထို့နောက် သူ့ထံမှ

သွေးဆောဘာတစ်ချောင်းနှင့်

သွေးဓားတစ်ချောင်း ပျံထွက်လာကာ

မြစ်ထဲကိုထိုးဆင်းသွားသည်။

ဝုန်း...

သွေးမြစ်ကြီး ချက်ချင်းပင်

ပွက်ပွက်ဆူလာသည်။

တစ်ချိန်တည်းမှာပဲ မရေမတွက်နိုင်သော

သွေးစီးကြောင်းများဟာ

သွေးဆေဘာနှင့်

မူလနတ်ဓားထဲသို့တလဟောစီးဝင်သွား

သည်။

ယန်ယဲ့က မူလနတ်ဓားကို

ခဏကြာစိုက်ကြည့်နေပြီးနောက်

သူ့လက်ကို

ရုတ်တရက်ဝှေ့ယမ်းလိုက်သည်။

ခဏအကြာတွင် သူ့လက်ကောက်ဝတ်ကို အေးစက်စက်အလင်းတန်းတစ်ခု ပိုင်းဖြတ်သွားကာသွေးများပန်းထွက်လာ တော့သည်။
ယန်ယဲ့၏လက်ကောက်ဝတ်မှသွေးများ ဟာ မူလနတ်ဓားဆီသို့စီးဝင်သွားသည်။

ဤအတောအတွင်း ခပ်လှမ်းလှမ်းတွင် ရပ်နေသည့် နန်လီမုန့် ဟာ မျက်လုံးများ သိသိသာသာကျဉ်းမြောင်းသွားပြီး

"သူ့ဓားကို သူ့သွေးနဲ့ထောက်ပံ့ပြီး အဆင့်မြှင့်နေတာပဲ"

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၄၀ - သူ့ဓားကို သွေးပဲသောက်ခိုင်းထားတယ်

ယန်ယဲ့၏လက်ကောက်ဝတ်ကနေ
သွေးများ တစ်စက်စက်စီးကျနေကာ
မှုလနတ်ဓား ဆီသို့
အဆက်မပြတ်စီးဝင်နေသည်။

ခဏအကြာတွင် ယန်ယဲ့၏မျက်နှာက
ဖြူဖျော့သွားခဲ့သည်။

မူလနတ်ဓားဝိညာဉ်က

ယန်ယွဲ့ကိုတစ်ချက်ကြည့်လိုက်ပြီးနောက်

မြစ်အနက်ပိုင်းထဲသို့ထိုးဆင်းသွားသည်။

ယန်ယွဲ့က သူမကို မတားလိုက်ပေ။

ဓားဝိညာဉ်က

နဂိုထက်ပိုသန်မာလာပြီးသူ့ဘေးနားက

နေ

အတူတိုက်ခိုက်ချင်နေမှုန်းသိသာလှသည်

။

အဓိပတိဓား၊

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ပဲဖြစ်ဖြစ်

အခြားနတ်ရတနာများပင်ဖြစ်စေ

သူ့အတွက်က

မူလနတ်ဓားလောက်အရေးမကြီးပါ။

သူမက သူ့အနားတွင်

တစ်သက်လုံးရှိနေခဲ့၏။ ရုတ်စွအဆုံး

သူ့အတွက်

သတ်ဖြတ်ခြင်းများတစ်လက်ဖြစ်လာဖို့

တောင်ဆန္ဒရှိလေသည်။

သို့သော် ယန်ယဲ့သည် မူလနတ်များကို

တစ်ခါမှ ထုတ်မသုံးခဲ့ရပေ။ သူမက

အားနည်းလွန်းလို့မဟုတ်ပါ။ သူက

မူလနတ်များကို

အထိအခိုက်မဖြစ်ရအောင်ကာကွယ်ပေး

ထားရုံသာ။

အနည်းငယ်သောအမှားက

မူလနတ်ဓားကိုပျက်စီးစေပြီး

နတ်ဓားဝိညာဉ်လည်း

သေဆုံးသွားနိုင်၏။

အင်မော်တယ်အိမ်တော်၏

တည်ထောင်သူဘိုးဘေးနှင့်တိုက်ပွဲကဥပ

မာပင်။ အဓိပတိဓား ဟာ

ပျက်စီးလုနီးပါးဖြစ်သွားခဲ့ရသည်။

ယန်ယဲ့၏စိတ်ထဲတွင် အဓိပတိအားကို

တတ်နိုင်သမျှ

အမြန်ဆုံးအဆင့်မြှင့်ပေးရန်ရည်ရွယ်

ထားသည်။

ဤအတောအတွင်း မြစ်ထဲရှိ

သွေးများဟာ

တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

ယန်ယဲ့က နန်လီမုန့် ဆီကို

ပြန်လျှောက်လာသည်။ သူမက

"ဒီသွေးမြစ်က သာမန်မဟုတ်ဘူး"

ယန်ယဲ့က သူမကို စိုက်ကြည့်နေသည်။

နန်လီမုန့်က

တိုးတိုးလေးပြောလိုက်ပါသည်

“မှန်တယ်။ ဒါဟာ

ထိပ်သီးပညာရှင်တွေရဲ့ သွေးတွေပဲ။

အရင်တုန်းက ဒီစစ်မြေပြင်မှာ

မရေမတွက်နိုင်တဲ့ပညာရှင်တွေ

သေဆုံးခဲ့တယ်။ ဒီတော့

သူတို့ရဲ့သွေးတွေက

သွေးမြစ်ကြီးတစ်စင်းဖြစ်ပေါ်လာတာပဲ။

ဘာပဲဖြစ်ဖြစ် ဒီသွေးမြစ်ရဲ့စွမ်းအားက

နှစ်ပေါင်းများစွာအထိကြာတာတောင်

အဲဒီပညာရှင်တွေရဲ့စွမ်းအားကိုသက်သေ

ပြနိုင်တုန်းပဲ။

ဒါဟာ နင့်ရဲ့ သွေးဓားအတွက်

အရမ်းအကျိုးရှိလိမ့်မယ်"

ဤအချိန်တွင် နှင်းပွင့်လေးက မြစ်ထဲရှိ

မူလနတ်ဓားဝိညာဉ်ကို

ကြည့်ကာလက်ယမ်းပြလိုက်သည်။

သန့်စင်သောဝိညာဉ်စွမ်းအင်ကြိုးမျှင်တ

စ်ချောင်း စီးထွက်လာပြီး

မြစ်အောက်ခြေသို့ တိုးဝင်သွားသည်။

ထို့နောက် သွေးမြစ်ကြီး ဟာ
လှိုင်းထလာသည်။

နှင်းပွင့်လေးက မရပ်ဘဲ
သူမ၏လက်သည်းများကို
ထပ်ပြီးဝှေ့ယမ်းလိုက်ပြန်သည်။

နန်လီမုန့်၏မျက်လုံးထဲမှ
ထိတ်လန့်တကြားအမူအရာများ
ထွက်ပေါ်လာကာ "ဒါ... ဒါက

ဝိညာဉ်အဆင့်မြှင့်တင်ခြင်းပဲ"

ဟုပြောလိုက်သည်။

လောကရှိ အရာရာတိုင်းဟာ

ကိုယ်ပိုင်အသိစိတ်ဖြင့်

အခြားသူတစ်ယောက်ကို

ဝိညာဉ်စွမ်းအားကို

အဆင့်မြှင့်တင်ပေးနိုင်လေသည်။

သို့သော်လည်း အများစုက ထိုအဆင့်သို့

ရောက်ရန်အတွက်

နှစ်ပေါင်းများစွာတိုင်အောင်
ကြိုးစားရသည်။ နှင်းပွင့်လေး ကတော့
အသာအယာပင်လုပ်ဆောင်နေခဲ့သည်။

ပြောစရာမလိုအောင်ပင်၊
ဝိညာဉ်ဖန်ဆင်းရှင်၏စွမ်းအားက
ကောင်းကင်ဘုံကိုလုံးဝဆန့်ကျင်နေပါသ
ည်။

ဤအချိန်တွင် မြစ်အတွင်းမှ

သွေးများသည်

လုံးလုံးလျားလျားပျောက်ကွယ်သွားသ

ည်။ ခဏအကြာတွင် မြစ်အောက်ခြေမှ

သွေးနီရောင်အလင်းတန်းတစ်စင်းထိုးထွ

က်လာပြီး သွေးဆောဘာ တစ်ချောင်းဟာ

ကောင်းကင်ထက်သို့

လွင့်မျောသွားသည်။

သွေးဆောဘာ ပေါ်လာသည်နှင့်

တစ်ချိန်တည်းမှာပင်

ကောင်းကင်ကြီးဟာ

ချက်ချင်းကိုသွေးနီရောင်ပြောင်းသွား

လေတော့သည်။

ယန်ယဲ့ က သူ့လက်ကို ဆန့်လိုက်သည်။

သူ့လက်ထဲတွင်

သွေးဆောဘာတစ်ချောင်းပေါ်လာသည်။

ဒီအချိန်မှာ အနန္တဆောဘာ က

ယခင်နှင့်တော်တော်လေးကွာခြားနေပါပြီ

။ ဆောဘာကိုယ်ထည်က

သွေးများဖြင့်ဖန်တီးထားသည့်အလား

နီရဲနေခဲ့သည်။

ဆောဘာကိုတစ်ချက်ယမ်းလိုက်ရုံဖြင့်

သွေးအမှုန်အမွှားများဖြာထွက်လာသည်။

ထို့အပြင် ယန်ယွဲ့ဟာ

ပေါက်ကွဲခါနီးမီးတောင်ကြီးအားဆုပ်ကိုင်

နေသည့်အတိုင်း ခံစားလိုက်ရသည်။

သွေးဆေးဘာ

မှထွက်ပေါ်နေသောဖိအားက

သူကိုယ်တိုင်ပင် အနည်းငယ်

တုန်လှုပ်သွားသည် ။

နတ်ဘုရားတစ်ပိုင်းအဆင့် ရတနာ ။

မြစ်အတွင်းရှိ သွေးများကို

စုပ်ယူပြီးနောက်

အနန္တဆေဘာ ဟာ

နတ်ဘုရားတစ်ပိုင်းအဆင့်

ဆေဘာတစ်လက် ဖြစ်သွားလေပြီ။

ခဏအကြာတွင် ယန်ယဲ့က

သွေးဆေဘာကို ဖယ်လိုက်ပြီး

အပေါ်ကိုမော့ကြည့်လိုက်သည်။

အထက်ကောင်းကင်ယံ၌ သွေးနီရောင်

အမျိုးသမီးတစ်ဦး

ရုတ်တရက်ပေါ်လာခဲ့၏။

အခြားမဟုတ်ပေ၊ ယန်ယဲ့၏မူလနတ်ဓားဝိညာဉ်ပင်ဖြစ်သည်။

သွေးနီရောင်ဆံပင်ရှည်များနှင့် သွေးနီရောင်ဝတ်စုံတို့ဟာ မူလနတ်ဓားဝိညာဉ်ကို ငရဲနတ်ဆိုးကဲ့သို့ထင်ရစေသည်။

သို့သော် ယန်ယဲ့၏မျက်လုံးထဲမှာတော့ သွေးနီရောင်အမျိုးသမီးဟာ သူ့အတွက်အရင်းနှီးသူဖြစ်နေဆဲ။ အကြောင်းမှာ ထိုကဲ့သို့အသွင်အပြင်က သူ့အတွက်ကြောင့်ဖြစ်လာခဲ့တာပါ။

နတ်ဓားဝိညာဉ်က ယန်ယဲ့ဆီသို့ လျှောက်လာသည်။ ထို့နောက် ခေါင်းငုံ့ကာ သူ့မျက်နှာကို ညင်သာစွာ နမ်းလိုက်သည်။ သူမ၏မျက်နှာပေါ်တွင်

ပြုံးပြနေသော်လည်း အပြုံးက

အလွန်ကြောက်စရာကောင်းသော

အပြုံးဖြစ်သည်။ ဒီအချိန်မှာ

ဓားဝိညာဉ်က တစ်ခုခုကို

တွေးမိပုံရသည်။ နှင်းပွင့်လေးကို

စိုက်ကြည့်နေသည်။ နှင်းပွင့်လေးက

မျက်တောင်ခတ်ကာ

ချစ်စဖွယ်ပြုံးပြလိုက်သည်။

သူမလေးက နတ်ဓားဝိညာဉ်ကို

အသိအမှတ်ပြုတာပါ။

ဓားဝိညာဉ်က ပြုံးပြီး

“ကျေးဇူးတင်ပါတယ်”

နှင်းပွင့်က

သူမ၏လက်သည်းများကိုဝှေ့ယမ်းလိုက်

လေသည်။ ဆိုလိုသည်မှာ

ကျေးဇူးတင်ရန်မလိုအပ်ကြောင်းပြောနေ
တာပါ။

ယန်ယဲ့က ပြုံးလိုက်ပြီး
ဓားဝိညာဉ်၏လက်ကို ကိုင်လိုက်သည်။
ဓားဝိညာဉ်က ဖျတ်ခနဲ
ပျောက်ကွယ်သွားပြီး
ယန်ယဲ့၏လက်ထဲမှာ
သွေးဓားတစ်ချောင်း ပေါ်လာသည်။

ဆားက

သွေးဖြင့်သာဖန်တီးထားသည့်အလားပင်

။ သူဆုပ်ကိုင်လိုက်တာနဲ့ တစ်ကိုယ်လုံးရှိ

သွေးများ ဆူပွက်လာသည်။ ထို့အပြင်

သွေးဆားက

သူ၏အဓိကအစိတ်အပိုင်းတစ်ခုလိုမျိုးခံ

စားမိလိုက်သည်။

ဤအချိန်တွင် နန်လီမုန့်က ပြုံးပြီး

"ဂုဏ်ယူပါတယ်၊ နင်က

နတ်ဘုရားအဆင့်

ရတနာနှစ်ပါးရရှိသွားပြီး"

ယန်ယဲ့က နန်လီမုန့် ကို

တစ်ချက်ကြည့်လိုက်ပြီး ဓားဝိညာဉ်ကို

မူလစေတီထဲသို့ ပြန်ပို့လိုက်သည်။

အထဲမှာ ဓားဝိညာဉ်နှင့် အဓိပတိဓား

အတွက်

သီးသန့်နန်းတော်တစ်ခုတည်ဆောက်ပေး

ထားသည်။ ဓားနှစ်ချောင်းစလုံးက

သာမန်ဓားများမဟုတ်ကြပေ။

မူလနတ်ဓားဝိညာဉ်က

အဓိပတိဓားဝိညာဉ်ရှိရာ တောင်ပေါ်သို့

ရောက်လာသည်။ နှစ်ယောက်သား

ခပ်လှမ်းလှမ်းကနေပင်အကြည့်ချင်းဖလှ

ယ်ကြသည်။ ခဏအကြာတွင်

အလင်းတန်းနှစ်စင်း

လင်းလက်လာသည်။

သွေးနီရောင်အလင်းတန်း နှင့်
ရွှေရောင်အလင်းတန်း ။

ဓားနှစ်လက် တိုက်ခိုက်နေတာပါ။

သို့သော် ယန်ယဲ့ က မတားခဲ့ပေ။
နှစ်ယောက်စလုံးအတွက် အကျိုးရှိမှန်း
သတိပြုမိသောကြောင့်ပင်။

ခဏအကြာတွင် ယန်ယဲ့က အသိစိတ်ကို အပြင်ကမ္ဘာသို့ ပြန်ခေါ်လိုက်သည်။ သူက နန်လီမုန့်ကို စိုက်ကြည့်ရင်း "သွားရအောင်"

နန်လီမုန့်က ခေါင်းညိတ်လိုက်သည်။ ထို့နောက် နှစ်ယောက်သား သွေးမြစ်ဆီသို့ လျှောက်သွားကြသည်။

မြစ်၏အဆုံးသတ်တွင် အကျယ် ၃

ကီလိုမီတာနှင့် ၁

ကီလိုမီတာကျော်ရှိမြင့်မားသော

ရောမစက်ဝိုင်းပုံစံစင်မြင့်ကြီးတစ်ခုရှိနေ

ခဲ့သည်။ ၎င်းအပေါ်တွင်

လျှို့ဝှက်ဆန်းကြယ်သော သင်္ကေတများ

ရေးထိုးထားသည်။

နန်လီမုန့်က ရောမစင်မြင့်ကြီးကို

စိုက်ကြည့်နေသည်။ ခဏကြာမှ

"ငါပြောတာ မမှားဘူးဆိုရင် အဲဒါက မူလခေတ်က ကမ္ဘာခုန်ကူးခြင်းပေါ်တယ် ဖြစ်ရမယ်"

ယန်ယဲ့က သူမကို စိုက်ကြည့်ရင်း "ကမ္ဘာကူးပြောင်းတာလား"

နန်လီမုန့်က အနည်းငယ်ခေါင်းညိတ်ပြပြီး "နင်က ကမ္ဘာငယ်လေးတစ်ခုကလာတာမဟုတ်

လား။ ဒီတော့

ပညာရှင်တော်တော်များများက

သတ်မှတ်ထားတဲ့အဆင့်တစ်ခုရောက်တဲ့

အခါ သူတို့က

ကမ္ဘာကြီးရဲ့အတားအဆီးတွေကို

ကျော်ဖြတ်ပြီး ပိုမြင့်တဲ့ကမ္ဘာတက်ဖို့

ရွေးချယ်ကြတာကို သိထားသင့်တယ်"

ယန်ယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်ကာ "မူလခေတ်ရဲ့

ပညာရှင်တွေက ထာဝရစကြာဝဠာအထိ ခုန်တက်ချင်နေတာလား"

နန်လီမုန့်က အချိန်အတော်ကြာအောင် တိတ်ဆိတ်သွားပြီး “မဖြစ်နိုင်ပါဘူး” ဟု ပြန်ဖြေသည်။

ယန်ယွဲ့၏မျက်လုံးများက အနည်းငယ် မှေးကျဉ်းသွားကာ "ဘာကိုဆိုလိုတာလဲ"

နန်လီမုန့်က ခေါင်းကိုသာခါလိုက်သည်။

သူမက “အဲဒီအချိန်က

သမိုင်းမှတ်တမ်းကို ဘယ်သူမှ

တိတိကျကျမသိခဲ့ဘူး။ မူလခေတ်

ဆိုတာ ဘယ်လိုခေတ်မျိုးလဲ၊ တိုက်ပွဲက

ဘာဖြစ်တာလဲ၊ ဘယ်သူက ရန်သူလဲ။

ဒါတွေအားလုံးက အခုထိ

ပဟေဠိဖြစ်နေတုန်းပဲ"

ယန်ယဲ့က

ရောမစက်ဝိုင်းပုံစံစင်မြင့်ကြီးကို

ငုံ့ကြည့်ကာ ခဏမျှ တုံ့ဆိုင်းနေပြီး

"ဘာလုပ်လို့ရလဲ" ဟု မေးလိုက်သည်။

နန်လီမုန့်က

“အဆင့်မြင့်ပညာရှင်တွေအတွက်

တော်တော်လေးအသုံးဝင်ပါတယ်၊

ဒါပေမဲ့ နင့်အတွက်ကတော့

အသုံးမဝင်တာဖြစ်နိုင်တယ်။

ဘာလို့လဲဆိုတော့

နင်ကအရမ်းအားနည်းလို့

ဒါကိုအသုံးမချနိုင်ဘူး”

ယန်ယဲ့က ဘာပြန်ပြောရမှန်းမသိပေ။

နန်လီမုန့်က စကားဆက်ခါနီးတွင်

ယန်ယဲ့ဟာ သူ၏ညာလက်ကို

ဝှေ့ယမ်းလိုက်ပြီး ရောမစင်မြင့်ကြီးအား

မူလစေတီထဲသို့ဆွဲယူလိုက်သည်။

နန်လီမုန့်က ဤမြင်ကွင်းကြောင့်

အံ့အားသင့်နေကာ

စကားပင်မပြောနိုင်တော့ပေ။

ယန်ယဲ့က

ရောမစက်ဝိုင်းပုံစံစင်မြင့်ကြီးကို

ကောင်းကင်အသံလှိုင်းတောင်တန်းရှိ

တောင်ကုန်းငယ်တစ်ခုသို့
ပြောင်းရွှေ့လိုက်သည်။

အမှန်တော့ ယန်ယဲ့ဟာ ဘာကိုမှ
သိပ်ပြီးထွေထွေထူးထူး မစဉ်းစားခဲ့ပါ။
သို့သော် သူ၏လုပ်ရပ်က အနာဂတ်တွင်
သူ့အား အဆုံးမဲ့ ဒုက္ခပေးမည်ကိုတော့
မသိခဲ့ပေ။

"နင်က ဓားပြတစ်ယောက်လား" နန်လီမုန့်

က ယန်ယဲ့ဆီကို လျှောက်လာပြီး

စူးစိုက်ကြည့်နေလေသည်။

သူမကိုယ်တိုင်က အရင်းအမြစ်များ

နှင့်ပတ်သက်၍

လောဘတက်သော်လည်း

စည်းမဥ်းများရှိပါသည်။

သို့သော် သကောင့်သားယန်ယဲ့က

လုံးဝကိုဓားပြတစ်ယောက်ပင်။

ယန်ယဲ့ က "ဘာပဲဖြစ်ဖြစ် ဒါကိုဘယ်သူမှ မလိုချင်ကြဘူးလေ။ ဒါကြောင့် ငါလိုချင်တာ အရေးမကြီးပါဘူး၊ ဟုတ်တယ်မလား"

နန်လီမုန့် က အကြည့်ကို ဆုတ်လိုက်ပြီး “နင့်ကိုသတိမပေးလို့ ငါ့ကို အပြစ်မတင်နဲ့။ ဒီလောကမှာရှိတဲ့အရာတွေ၊ အထူးသဖြင့်တော့ နတ်ရတနာတွေမှာ

ကံတရားနဲ့ဆက်စပ်နေကြတယ်။ နှင်

အခုအဆင်ပြေနေနိုင်ပေမယ့်

အနာဂတ်မှာ အဆင်ပြေနေမယ်လို့

အာမမခံနိုင်ဘူး"

ယန်ယဲ့က ခေါင်းညိတ်ပြီး

"သတိပေးတဲ့အတွက်

ကျေးဇူးတင်ပါတယ်"

သူက နှင်းပွင့်ကို စိုက်ကြည့်ကာ "သူမက အဲဒီနတ်ရတနာတွေကို ယူလိုက်ရင် ကံကြမ္မာရဲ့ ကောင်းချီးပေးမှုကိုခံရမှာလား" ဟု ဆက်ပြောသည်။

နှင်းပွင့်လေးက မျက်တောင်ခတ်ကာ ယန်ယဲ့၏စကားများကို နားထောင်နေသည်။

အခြားတစ်ဖက်တွင် နန်လီမုန့်ကတော့
မျက်လုံးထောင့်များ
လှုပ်ယမ်းသွားသည်။ ဝိညာဉ်ဖန်ဆင်းရှင်
က ဘယ်လိုကံတရား သို့မဟုတ်
ကံကြမ္မာကို ရင်ဆိုင်စရာလိုမည်နည်း။

နန်လီမုန့်က အနည်းငယ်
ခေါင်းခါလိုက်ပြီး "ကောင်းပြီ။
မင်းအနိုင်ရတယ်"

သူမက ယန်ယဲ့၏ဆိုလိုရင်းကို

ကောင်းကောင်းနားလည်လိုက်သည်။

နှင်းပွင့်လေးက ထိုနတ်ရတနာများနှင့်

ဆက်စပ်နေသော ကံတရားကြိုးများကို

ဖြေရှင်းပါလိမ့်မည်။

ရိုးရိုးရှင်းရှင်းပြောရလျှင်

နတ်ရတနာများအတွက်

နှင်းပွင့်လေး၏ကောင်းချီးပေးမှုကို

သဘောကျမည်သား။

နှစ်ယောက်သား

ရှေ့သို့ဆက်သွားကြသည်။

သိပ်မကြာလိုက်ပေ၊

တောင်ပေါ်သို့ရောက်လာခဲ့သည်။

သို့သော် သူတို့ရှေ့တွင်

ရောမတောင်ကြီးတစ်လုံးဖြင့်

ပိတ်ထား၏။

နှစ်ယောက်သား အကြည့်ချင်းဖလှယ်ပြီး

အထဲကို ဝင်ရန်ပြင်လိုက်ကြသည်။

သို့သော် နန်လီမုန့်၏အမူအရာက

ရုတ်တရက်ဆိုသလို

သိသိသာသာပြောင်းလဲသွားသည်။

ထို့နောက် ယန်ယဲ့၏

ပခုံးကိုဆွဲကိုင်ကာ မီတာ ၃၀၀

ကျော်အကွာသို့ လွင့်ထွက်သွားသည်။

ဘမ်း..

အထက်မှ

အနက်ရောင်အလင်းတန်းတစ်စင်း

ထိုးဆင်းလာပြီး သူတို့ရပ်နေသည့်နေရာ၌

အပေါက်ကြီးတစ်ခု ပေါ်လာသည်။

အထဲမှာ

အနက်ရောင်ပုဆိန်တစ်လက်ရှိနေ၏။

ယန်ယဲ့နှင့် နန်လီမုန့် တို့ဟာ

တောင်ကုန်းငယ်ဆီသို့

မျှော်ကြည့်လိုက်သည်။

ဤအချိန်တွင်ဘတောင်ကုန်းငယ်နှစ်လုံး
က သူတို့ဆီကို ပြေးဝင်လာနေကြသည်။

တစ်ချိန်တည်းတွင်
တောင်တန်းနှစ်ခုကြားမှ
ခေါင်းပြတ်လူသားတစ်ယောက်
ဖြည်းညှင်းစွာ ထွက်လာခဲ့သည်။
သူ့ခြေလှမ်းတိုင်းသည် မြေပြင်နှင့်
တောင်တန်းများကို တုန်လှုပ်စေ၏။

ဤအတောအတွင်း ယန်ယဲ့က နန်လီမုန့်

ကိုစိုက်ကြည့်နေသည်။ နှစ်ယောက်သား

အကြည့်ချင်းဖလှယ်ထားသည်။

ဒီအချိန်မှာပဲ ခေါင်းပြတ်လူသားက

ရုတ်တရက်ခုန်ဝင်လာသဖြင့်

နှစ်ယောက်စလုံး၏အမူအရာများ

သိသိသာသာ ပြောင်းလဲသွားခဲ့တယ်။

သို့သော် သူတို့နှစ်ယောက်

ပြန်ဆုတ်သွားသည်နှင့် တပြိုင်နက်
ပုဆိန်ကြီးတစ်လက်က မြေပြင်ပေါ်သို့
ခုတ်ချလာသည်။

အုန်း…

မြေပြင်သည် ချက်ချင်းပြိုကျလာသည်။

ယန်ယွဲ့က နန်လီမုန့်ကို လှမ်းဆွဲလိုက်ပြီး
"အကြီးအကဲ၊ မင်းရဲ့ ခွန်အားကို ပြသဖို့

အချိန်ရောက်ပြီ"

ဟုပြောလိုက်လေသည်။

နန်လီမုန့်က ခေါင်းပြတ်နေသူကို

စိုက်ကြည့်ကာ

အနည်းငယ်ခေါင်းညိတ်လိုက်၏။ သူမက

အဖြူရောင် သစ်ရွက်တစ်ရွက်ကို

ထုတ်ယူလိုက်သည်။

တစ်ချိန်တည်းမှာပင် နေရာတင်ပဲ

ဖျတ်ခနဲပျောက်သွားခဲ့သည်။

ယန်ယဲ့ဟာ

အနည်းငယ်အံ့အားသင့်သွားသည်။

သို့သော် သူက နန်လီမုန့်၏အရှိန်အဝါကို

အာရုံမခံနိုင်တော့ပေ။

သူ့စိတ်ထဲ တစ်စုံတစ်ရာကို

တွေးမိသည့်အလား

ယန်ယဲ့၏မျက်နှာကမည်းမှောင်သွားသ

ည်။ ထို့နောက်

ဒေါသတကြီးကျိန်ဆဲလေတော့သည်"

မင်း...”

သို့သော် ခေါင်းပြတ်လူသားက

သူ့ရှေ့ကိုရောက်လာသဖြင့်

ယန်ယွဲ့၏ကျိန်ဆဲသံကတစ်ပိုင်းတစ်သာ

ရပ်တန့်သွားတော့သည်။ ဒီအချိန်မှာ

ရောမပုဆိန်ကြီးက

ယန်ယွဲ့၏ခေါင်းပေါ်ကို

တည့်တည့်ခုတ်ချလာသည်။

ပုဆိန်ခုတ်ချက်က

အင်မတန်ကြောက်စရာကောင်းလှသည်၊

ကမ္ဘာကြီးကိုနှစ်ခြမ်းခွဲပစ်လိုက်နိုင်သည့်

အလားပင်ပင်ရလေသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၄၁ - ရပ်လိုက်

ယန်ယဲ့ သည် ပေါ့ပေါ့ဆဆမလုပ်ရဲပေ။

သူသည် ပုဆိန်ကို
ထိပ်တိုက်ရင်မဆိုင်ရဲဘဲ
ခြေတစ်ချက်ဆောင့်ကာ
ခေါင်းကိုဘေးသို့စောင်းငဲ့ပေးလိုက်သည်
။ တစ်ချိန်တည်းမှာပင် သူ၏သွေးခေါးကို

မြှောက်ပြီး ခေါင်းပြတ်လူသား၏ပခုံးကို

ထိုးသွင်းလိုက်ပါသည်။

ယန်ယဲ့ သည် ခေါင်းပြတ်လူသား၏

တုံ့ပြန်မှုအရှိန်ကို လျှော့တွက်မိခဲ့သည်။

ပုဆိန်လွတ်သွားသည့်အခိုက်မှာ

ခေါင်းပြတ်လူသား၏ပုဆိန်က

အလျားလိုက်ခုတ်ချလာလေသည်။

ယန်ယဲ့ သည်

အသက်ရှုကြပ်သွားမတတ်ခံစားလိုက်ရသည်။

အကယ်၍ ပုဆိန်သာ
သူ့ကိုယ်ပေါ်ခုတ်ချလိုက်ပါက
တစ်ခါတည်း
အသားတစ်ပုံကြီးဖြစ်သွားနိုင်၏။

ယန်ယွဲ့ သည် ထိပ်တိုက်ရင်မဆိုင်ရဲပေ။

မြေပြင်ကို ခြေတစ်ချက်ဆောင့်၍ မီတာ ၃၀ အကွာသို့ ချက်ချင်းပြန်ဆုတ်လာခဲ့သည်။

ဆူး...

ပုဆိန်ဟာ ယခင်က ယန်ယွဲ့ရပ်နေခဲ့သည့်နေရာကို ပိုင်းချလိုက်သည်။

ဝုန်း…

မြေပြင်သည် ချက်ချင်းပြိုကျသွား၏။

တစ်ချိန်တည်းမှာပင်

ခေါင်းပြတ်လူသားက

မြေတစ်ချက်ဆောင့်၍

ရှေ့သို့ခုန်ထွက်လာသည်။ ထို့နောက်

သူ၏ပုဆိန်ကြီးကိုလက်နှစ်ဖက်ဖြင့်ဆုပ်

ကိုင်လျက် ယန်ယဲ့ကို
ခုတ်ချလိုက်ပြန်သည်။

ပုဆိန်ခုတ်ချက်က ကမ္ဘာကြီးကို
ဖြတ်တောက်ပစ်နိုင်ပုံကသည်။

ယန်ယဲ့၏ မျက်လုံးများသည်
အနည်းငယ် ကျဉ်းမြောင်းသွားကာ
ညာခြေကိုတစ်ချက်ပုတ်လိုက်သည်။

ဝှစ်...

သူ့ပုံရိပ်က သစ်ရွက်တစ်ရွက်အလား
လွင့်မျောလာပြီး မီတာ ၃၀၀ အကွာသို့
ချက်ချင်း ရောက်ရှိသွားသည်။
တစ်ချိန်တည်းမှာပင် သွေးဓားကို
လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်
ဖြည်းညှင်းစွာ မြှောက်လိုက်သည်။

ဤအချိန်တွင် ခေါင်းပြတ်လူက
ပုဆိန်ကြီးကိုမြှောက်၍
ယန်ယဲ့အားပစ်ပေါက်လိုက်သည်။

ပုဆိန်ကြီးက လေထုကိုဆုတ်ဖြဲကာ
အာကာသပြင်ကိုပင်
ပွင့်ထွက်သွားစေသည် ။

"ခုတ်ပိုင်းလိုက်စမ်း..." ယန်ယဲ့ သည် ဒေါသတကြီးအော်လိုက်ပြီး သွေးဓားကို ပိုင်းချလိုက်တော့သည်။

အနန္တဓားနယ်မြေနှင့် ပေါင်းစပ်ထားသည့် ဓားလှိုင်းနှစ်ခုက အောက်သို့ ဆင်းသက်လာပါသည်။

ဒုတိယဓားလှိုင်း ဆင်းသက်လာသည်နှင့် တပြိုင်နက် ရောမပေါက်ကွဲသံကြီး

ထွက်ပေါ်လာသည်။ ယန်ယဲ့ သည် ၁

ကီလိုမီတာအကွာသို့

ပြန်ဆုတ်သွားရသည်။

ရောမပုဆိန်ကြီးက

နောက်ပြန်ကန်ထွက်ကာ

ခေါင်းပြတ်လူသား၏လက်ထဲကိုပြန်ရော

က်သွားသည်။ ခေါင်းပြတ်လူသားက

ပုဆိန်ကိုဖမ်းဆုပ်လိုက်ချိန်မှာ

တန်ပြန်အားကြောင့်

ဆက်တိုက်နောက်ပြန်ဆုတ်သွားရလေသ
ည်။

သို့သော်လည်း ခေါင်းပြတ်လူသားက
ရှေ့သို့ခုန်ထွက်လာပြီး ယန်ယဲ့အား
တိုက်ခိုက်လိုက်ပြန်သည်။

ဤအချိန်တွင်
ရွှေရောင်အလင်းတန်းနှစ်စင်း
ရုတ်တရက် လင်းလက်လာသည်။

ရွှေရောင်ဓားပျံနှစ်စင်းပါ။

ခေါင်းပြုတ်လူသားက ရွှေဓားပျံများကို

ရှောင်တိမ်းရန်ပင် မကြိုးစားခဲ့ပေ။

သူ၏ပုဆိန်ကို အလျားလိုက်

ခုတ်ချလိုက်သည်။

ငင်းသယ်ဆောင်လာသော စွမ်းအားက

ဓားပျံများကို

နောက်ပြန်လွင့်ထွက်သွားစေခဲ့သည်။

သို့သော်လည်း ခေါင်းပြတ်လူသားက

မရပ်တန့်ဘဲ သူ၏ပုဆိန်ကိုမြှောက်ပြီး

နောက်တစ်ကြိမ်ခုတ်ချလိုက်သည်။

ဘမ်း...ဘမ်း...

ဓားပျံများဟာ ရှေ့ကို

ဆက်မတိုးနိုင်တော့ဘဲ

လွင့်စင်ထွက်သွားသည်။

ဤအချိန်တွင် ယန်ယဲ့သည်

ခေါင်းပြတ်လူသား ရှေ့မှာ

ရုတ်တရက်ပေါ်လာခဲ့သည်။

တစ်ချိန်တည်းမှာပဲ

သွေးနီရောင်တလက်လက်တောက်ပနေ

သော

ဓားစွမ်းအင်များကျဆင်းလာသည်။

ခေါင်းပြတ်လူသား က

တုန်လှုပ်သွားပုံမရပေ၊

သူ၏ရောမပုဆိန်ကြီးကို မြှောက်ကာ

ခုတ်ချလေသည်။

ဘမ်း...

တိုက်ခိုက်မှုနှစ်ခု ဆုံတွေ့သည်နှင့်

ချက်ချင်းပင် ပေါက်ကွဲသွားသည်။

နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်သွားကြသည်။

ဤအခိုက်အတန့်တွင် ဓားပျံနှစ်ချောင်း

နှင့် ဓားသုံးချောင်း ရုတ်တရက်

ပျံသန်းလာကာ

ခေါင်းပြတ်လူသား၏

သေကွင်းသေကွက်နေရာများကို

ပစ်တ်လိုက်လေသည်။

ခေါင်းပြုတ်လူသားက ပုဆိန်ကို

နောက်ပြန်ဆွဲယူကာ

ချက်ချင်းပြန်ဆုတ်သွားခဲ့သည်။

ဘုန်း…

တစ်ချိန်တည်းမှာပင် ပုဆိန်ကနေ

စူးရှသော

အလင်းတန်းတစ်ခုသည်

လင်းလက်သွားသည်။ အလင်းတန်းသည်

ရှေ့သို့ပြေးထွက်လာပြီး

ယန်ယဲ့ပစ်လွှတ်လိုက်သော

ဓားပျံနှစ်ချောင်းနှင့် ဓားသုံးချောင်းကို

ထိမှန်သွားလေတော့သည်။ ထို့နောက်

ခေါင်းပြတ်လူသားက ရှေ့သို့

ခြေတစ်လှမ်းတိုးလာကာ

သူ၏ပုဆိန်ကိုမြှောက်၍ အဝေးရှိ

ယန်ယဲ့ကို လှမ်းခုတ်လိုက်သည်။

ကြောက်မက်ဖွယ်ရာ

ဖိအားလှိုင်းကြီးတစ်ခု ပျံ့လွင့်လာပြီး

ယန်ယွဲ့ပေါ်သို့ ချက်ချင်း

ကျရောက်သွားသည်။

ဆူး...

ခေါင်းပြတ်လူသား၏ရှေ့က

အာကာသပြင်ဟာ ရုတ်တရက်

ကွဲအက်သွားသည်။

ဓားဖြင့်လှီးဖြတ်ထားသော
အထည်တစ်စနှင့်တူသည်။

ပုဆိန်ခုတ်ချလိုက်သည်နှင့်တပြိုင်နက်
ပတ်ပတ်လည်ရှိ အာကာသသည်
ကွဲထွက်သွားသည် ။

ဤမြင်ကွင်းအား မြင်လိုက်သောအခါ
ယန်ယွဲ့၏အမူအရာသည် သိသိသာသာ
ပြောင်းလဲသွားသည်။ ဤအချိန်တွင်

သူ့စိတ်ထဲမှာ

နန်လီမုန့်၏အသံပဲ့တင်ထပ်လာသည်။

သူမက "သတိထားပါ။ အဲဒါက အဆင့် ၂

လောကသခင်ပဲ”

အဆင့် ၂ လောကသခင် လား ။

လက်ရှိမှာ ယန်ယဲ့အတွက်ကား

အသေးစိတ်စဉ်းစားနေရန်အချိန်မရှိပေ။

သူ့ထံမှ ဆန်းကြယ်ချီစွမ်းအင်များ ရှူးသွပ်စွာမြင့်တက်လာသည်။ ထို့နောက် လက်နှစ်ဖက်ဆီသို့ပို့လွှတ်လိုက်ပြီး မူလနတ်ဓားကိုထုတ်ယူကာ လက်နှစ်ဖက်ဖြင့် ဖမ်းဆုပ်လိုက်သည်။ တစ်ချိန်တည်းမှာပဲ မူလနတ်ဓားကို မြှောက်ကာ ပိုင်းချလိုက်လေတော့သည်။

အနန္တဓားနယ်မြေ...

သို့သော် မတူညီသော ဓားလှိုင်း ၃ ခုပါ။

ယန်ယဲ့ သည် ခေါင်းပြတ်လူသားကို
အနည်းငယ်ပင် လျှော့မတွက်ရဲပေ။
ပုဆိန်ခုတ်ချက်ကို မြင်သောအခါ
သူ့ကိုယ်သူထိန်းမထားဝံ့ဘဲ
အနန္တဓားနယ်မြေကို
သုံးကြိမ်ဆက်တိုက်ထုတ်ဖော်လိုက်ပါ
တော့သည်။

ဓားလှိုင်း ၃ ခုက လောကကြီးကို
ပွင့်သွားစေနိုင်လေသည်။

သို့သော် ပုဆိန်ခုတ်ချက်က
ဆင်းသက်လာသည်နှင့်တပြိုင်နက်
ယန်ယဲ့၏အမူအရာသည်
သိသိသာသာပြောင်းလဲသွားသည်။
ထို့နောက်တွင် သူသည်
တုံ့ပြန်နိုင်ခြင်းမရှိခင်မှာပဲ ၃

ကီလိုမီတာအကွာသို့
ချက်ချင်းလွင့်ထွက်သွားခဲ့သည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်
တပြိုင်နက် ယန်ယဲ့၏ပါးစပ်ထောင့်မှ
သွေးများ အန်ထွက်လာသည်။

ထို့အပြင် သူ့နောက်ကွယ်ရှိ မြေပြင်သည်
တဝုန်းဝုန်း ပြိုကျလာသည်။

ခေါင်းမရှိသောလူသားက လုံးဝကို
သန်မာလွန်းသည်။

ယန်ယွဲ့ သည် ထပ်ပြီးမတိုက်ခိုက်သေးဘဲ
ခေါင်းပြတ်လူသားကို
မော့ကြည့်လိုက်သည်။
ထိုအမည်မသိပညာရှင်၏ ခွန်အားသည်
လုံးဝကို ကြောက်စရာကောင်းလှသည် ။
အထူးသဖြင့် နောက်ဆုံးတိုက်ခိုက်မှုပင်။
အကယ်၍ သူသာ

မူလတာအိုအဆင့်မှာပဲရှိနေသေးရင်တော့ ဘယ်လိုမှခုခံနိုင်မှာမဟုတ်ပေ။ သို့တိုင် လက်ရှိတွင်လည်း မခုခံနိုင်ခဲ့ပါ။

ဤအချိန်တွင်

ခေါင်းပြတ်လူသားကပုဆိန်ကိုလက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ

ယန်ယဲ့ရပ်နေသည့်နေရာကို

လှမ်းခုတ်လိုက်သည်။

ဆူး...

သူတို့နှစ်ယောက်ကြားမှ မိတ်ရာနှင့်ချီ ကျယ်ပြန့်သော ဧရိယာက ချက်ချင်းပင် အသွင်ပြောင်းသွားခဲ့သည်။

"ပုဆိန်တစ်ချက်ခုတ်တာက အဆင့် ၂ လောကသခင်ရဲ့ခွန်အားနဲ့ညီမျှတယ်" ဤအချိန်တွင် နန်လီမုန့်က ထပ်ပြောလိုက်သည်။

"တိုက်ခိုက်လိုက်စမ်း။ ဒါဟာ နင့်အတွက်
အားကုန်ထုတ်တိုက်ခိုက်ရလိမ့်မယ်။တ
ကယ်လို့ နင်သာ သူနဲ့ အကြိမ် ၁၀၀
လောက်တိုက်ခိုက်နိုင်ရင် သာမန်
အကန့်အသတ်ချိုးဖျက်နယ်ပယ်တွေက
နင့်ပြိုင်ဖက်မဖြစ်နိုင်တော့ဘူး”

တိုက်ခိုက်ရမလား ။

ယန်ယဲ့၏နှုတ်ခမ်းထောင့်တွင်

ရက်စက်သော အပြုံးတစ်ခု

ပေါ်လာသည်။ လက်ရှိမှာတော့

ပြင်းထန်သည့် တိုက်ခိုက်လိုစိတ်များ

ပေါက်ကွဲလာခဲ့သည်။

သူသည် မူလတာအိုအဆင့်

မှာကတည်းက

စိတ်နှလုံးကျေနပ်သည်အထိ

မတိုက်ခိုက်ရသေးပါ။ ယခုအချိန်တွင်မူ တိုက်ခိုက်နိုင်ပါပြီ။

ဘမ်း...

စူးရှသော ဓားအူသံ နှင့်အတူ ယန်ယဲ့ထံမှ ဓားလှိုင်းတစ်ခု ရုတ်ချည်းလွင့်ထွက်သွားသည်။ ထို့နောက် ဓားစွမ်းအင်တစ်စင်းက ရောမပုဆိန်ကြီးကို ထိမှန်သွား၏။

အုန်း...

တိုက်မိလိုက်သည်နှင့် ဓားစွမ်းအင်က ပြန်ကန်ထွက်လာသည်။ ဤအချိန်တွင် ခေါင်းပြတ်လူသား၏နောက်ကွယ်၌ အရိပ်တစ်ခု ရုတ်တရက် ပေါ်လာသည်။

"အရိပ်မဲ့ဓား..."

ယန်ယဲ့ မသုံးတာ

တော်တော်ကြာပြီဖြစ်သည်။ ယခုမှ

ထုတ်သုံးလိုက်တာပါ။

ဤလောကတွင်

အားနည်းသောနည်းစနစ်များမရှိခဲ့ပေ။

အသုံးချသူများကသာ

အားနည်းကြသည်။ သူ၏ လက်ရှိ

ခွန်အားက ယခင်နှင့်မတူတော့ပေ။

အရိုပ်မဲ့ဓားသိုင်း ဟာလည်း

ယခင်ထက်အဆပေါင်းများစွာ
လျင်မြန်သွားသည်။

အေးစက်စက်အလင်းတန်းတစ်ခုဟာ
ခေါင်းပြတ်လူသား၏ နောက်ကျောကို
တိုးဝင်သွားသည်။ သို့သော်လည်း
ခေါင်းပြတ်လူသားက ဘေးသို့
ရှောင်ထွက်သွားသည်။ ယန်ယဲ့၏ဓားက
လေထုကိုသာထိုးခွဲသွားသည်။

ယန်ယဲ့က ချက်ချင်းရှေ့တက်လာပြီး

သူ့ဓားကို ထပ်မံပိုင်းချလိုက်သည်။

ဤအချိန်တွင် လက်သီးတစ်ချက်က

သူ့ဗိုက်ကိုထိမှန်သွားသည်။

ဘမ်း…

ယန်ယဲ့၏ခန္ဓာကိုယ်သည်

လေးကိုင်းသဏ္ဍာန် ကွေးညွတ်ကာ

နောက်ပြန်လွင့်ထွက်သွားသည်။

ခေါင်းပြတ်လူသား က

ပုဆိန်ကိုမြှောက်ပြီး

ယန်ယဲ့၏နောက်ကျောကို

ပစ်ပေါက်လိုက်သည်။ ယန်ယဲ့က

လှည့်မကြည့်ဘဲ သူ့ထံမှ

စိတ်ဆန္ဒတစ်မျှင်ထုတ်ဖော်လိုက်သည်။

ထိုခဏလေးမှာပဲ ဘူးသီးနက်ထဲမှ

ဓားသုံးချောင်း ပျံထွက်လာပြီး

ပုဆိန်ကိုထိမှန်သွားသည်။

ဘုန်း...ဘုန်း...ဘုန်း...

ပေါက်ကွဲသံများ ပဲ့တင်ထပ်လာသည်။

တစ်ချိန်တည်းတွင် အလင်းတန်း ၃ ခုဟာ

ခေါင်းပြတ်လူသား ထံ

တိုးဝင်သွားခဲ့သည်။

ခေါင်းပြတ်လူသား က

ရှောင်ထွက်မသွားဘဲ ရှေ့သို့

ခြေတစ်လှမ်းတိုးကာ

သူ၏ညာဖက်လက်သီးဖြင့်

ရှေ့ကိုဆောင့်ထိုးလိုက်သည်။

အုန်း…

လက်သီးချက်က သူ့ပတ်ပတ်လည်ရှိ

အာကာသကို

ချက်ချင်းကြေမွသွားစေသည်။ သို့သော်

ခွန်အားက ပြန့်ကျဲမသွားဘဲ

လက်သီးထိပ်မှာစုစည်းသွားသည်။ထို့အပြင် သူ၏လက်သီးချက်က အဆင့် ၂ လောကသခင်၏စွမ်းအားကိုသယ်ဆောင်လာသည်။

ဤအချိန်မှာပဲ ယန်ယွဲ့ဓားပိုင်းချက်က လက်သီးချက်ပေါ်သို့ ပိုင်းချလိုက်တော့သည်။ သို့သော် သူ့ဓားက ပြင်းထန်စွာ

တုန်ခါသွားပြီးနောက်

ကွေးညွတ်သွားလေသည်။ အကယ်၍

မူလနတ်ဓား သာ

နတ်ဘုရားအဆင့်ရတနာတစ်ပါးဖြစ်မနေ

ရင်တော့

သေချာပေါက်ပျက်စီးသွားနိုင်လေသည်။

အုန်း...

တန်ပြန်အားလှိုင်းက ယန်ယဲ့ကို

လွင့်ထွက်သွားစေသည်။

ဆူး...

သူသည် မီတာအနည်းငယ်အကွာထိ

ဆုတ်သွားပြီးမှသာ

ရပ်တန့်လိုက်နိုင်သည်။ ဒီအချိန်မှာ

သူ၏ပါးစပ်ထောင့်က သွေးများ

စီးကျနေပါသည်။

ဤအချိန်တွင်

ခေါင်းပြတ်လူသားကရုတ်တရက်ငုတ်တု

တ်ထိုင်ချလိုက်သည်။ ယန်ယွဲ့သည်

မျက်ခွံများ

တဆတ်ဆတ်လှုပ်ယမ်းသွားသည်။

ဒီကောင် ဘာလုပ်နေတာလဲ။

ခဏအကြာတွင် ခေါင်းပြတ်လူက

ခြေဆောင့်ကာ ယန်ယဲ့ဆီသို့

ခုန်ဝင်လာပြီး ပုဆိန်ကြီးဖြင့်

ခုတ်ချလိုက်လေသည်။

ဘာ....

ပုဆိန်နဲ့လူသားခန္ဓာကိုယ်ပေါင်းစပ်လိုက်

တာလား ။

...

တစ်ချိန်တည်းတွင်

ကြောက်မက်ဖွယ်အရှိန်အဝါတစ်ခုက

ယန်ယဲ့အပေါ်သို့ကျရောက်သွားသည်။

ဤအခိုက်အတန့်တွင် သူသည်

လုံးဝမရှောင်နိုင်ပေ။ အရှိန်အဝါကြောင့်

အသက်ရှူပင်ကျပ်လာသည်။

သို့သော်

ရှောင်တိမ်းနိုင်ခြင်းမရှိပေ၊ထိပ်တိုက်ရင်

ဆိုင်ရုံသာတတ်နိုင်သည် ။

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူကာ

မူလနတ်ဓားကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်

သူ၏နဖူးအလယ်သို့ဖိကပ်ထားလိုက်သ

ည်။ ဒီအချိန်မှာ

သူ၏ဆန်းကြယ်ချီစွမ်းအင်များက

မူလနတ်ဓားထဲကို

အဆက်မပြတ်တိုးဝင်လာပါသည်။

ထို့အပြင် သူ့လက်မောင်းနှစ်ဖက်က

သွေးကြောများဟာ
ပေါက်ထွက်လုမတတ်ထောင်ထလာသ
ည်။

ရုပ်ခန္ဓာခွန်အား ပင်ဖြစ်သည်။

ထို့အပြင် သူ့ထံမှ
အဆုံးအစမဲ့ဓားစိတ်ဆန္ဒနှင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
တို့ထွက်ပေါ်လာသည်။ အားလုံးက

မှုလနတ်ဓားထဲသို့
အဆက်မပြတ်တိုးဝင်သွားသည်။

ဤအချိန်တွင် ပုဆိန်ကြီးက
ခုတ်ချလာပါတော့သည်။

ယန်ယဲ့ သည် မှုလနတ်ဓားကို
လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်
မြှောက်ကာ ပင့်ထိုးလိုက်သည်။

အနန္တစားနယ်မြေ ။

ပထမစားလှိုင်း

ဒုတိယစားလှိုင်း

တတိယ စားလှိုင်း

တတိယအကြိမ်မြောက် ဓားလှိုင်းကို

ထုတ်ဖော်လိုက်ပြီးနောက် ယန်ယွဲ့ဟာ

မရပ်တန့်ဘဲ ထပ်မံထုတ်ဖော်လိုက်သည်။

စတုတ္ထမြောက် ဓားလှိုင်း

စတုတ္ထမြောက်

ဓားလှိုင်းကိုထုတ်ဖော်လိုက်ချိန်မှာတော့

ယန်ယွဲ့၏ခန္ဓာကိုယ်ဟာ

ကွဲအက်သွားသည်။ အထူးသဖြင့်

သူ့လက်မောင်းနှစ်ဖက်က အလွှာလိုက်

ကွဲအက်သွားခဲ့သည်။

စတုတ္ထမြောက် ဓားလှိုင်း သည် သူ၏

အကန့်အသတ်ပင်။

၎င်းက ဘူးသီးနက်နှင့်

ဝိညာဉ်ဝါးမျိုခြင်းနည်းစနစ်ကို

အသုံးမပြုဘဲ

သူ၏အပြင်းထန်ဆုံးတိုက်ခိုက်မှုပါ။

အကြောင်းမှာ

စတုတ္ထမြောက်ဓားလှိုင်းတွင်

သူ၏ခွန်အားကို အကန့်အသတ်ထိ

ပေါင်းစပ်ထားသောကြောင့်ပင်။

ထို့အပြင် ဓားလှိုင်း ၄ ခုဟာ

ထပ်နေခဲ့သည်။

အုန်း...

ပုံရိပ်တစ်ခု လွင့်ထွက်သွားသည်။

ဤတစ်ခါတော့ ယန်ယဲ့ မဟုတ်ပေ။ ခေါင်းပြတ်လူသား ပင်ဖြစ်သည်။ ၎င်းက အဝေးရှိ တောင်ပေါ်သို့ ပြုတ်ကျသွားသည်။ မြေပြင်ပေါ်သို့ ဆင်းသက်လာသည့်တိုင် တန်ပြန်အားက ခေါင်းပြတ်လူသားကိုအကြိမ်ကြိမ်နောက် ပြန်ဆုတ်သွားစေသည်။ နောက်ဆုံးတွင်

သူ၏ခန္ဓာကိုယ်သည်

တောင်နံ့ရံကိုမှန်ကာ ရပ်တန့်သွားသည်။

သူရပ်လိုက်သည်နှင့် ဧရာမပုဆိန်ကြီးဟာ

အပိုင်းပိုင်းကွဲသွားသည်။

ယန်ယဲ့ ကတော့

အခြေအနေပိုဆိုးလေသည်။ ဓားလှိုင်း ၄

ခုကို ဆက်တိုက်ထုတ်ဖော်လိုက်သဖြင့်

သူ့ခန္ဓာကိုယ်ဟာ

ချက်ချင်းကွဲအက်သွားသည်။ ဒီအချိန်မှာ

သူ့တစ်ကိုယ်လုံး

သွေးများအပြည့်ဖုံးလွှမ်းထားသည်။

အကယ်၍ သာ သူ့ခန္ဓာကိုယ်ကို

နဂါးဝိညာဉ်ပုလဲဖြင့် သန့်စင်မထားပါက

တစ်စစီပေါက်ကွဲနေလောက်ပေသည်။

သူ၏မူလဝိညာဉ်ပင်ကွဲအက်သွားနိုင်ပါ

သည်။

ဤအတောအတွင်း ယန်ယဲ့ သည်
မြေပြင်ပေါ်တွင် လှဲနေသည်။
မူလခရမ်းရောင်စွမ်းအင်သည်
သူ၏ခန္ဓာကိုယ်ကို
အဆက်မပြတ်ပြုပြင်နေခဲ့သည်။

ဤအချိန်တွင် ခေါင်းပြတ်လူသားက
ယန်ယဲ့ဆီသို့လျှောက်လာခဲ့သည်။

သူလှမ်းလိုက်သည့် ခြေလှမ်းတိုင်းသည်
မြေပြင်အား ပြင်းပြင်းထန်ထန်
လှုပ်ခါသွားစေသည်။ သူ့ထံမှ
ထွက်ပေါ်နေသော
ဖိအားကကြောက်စရာကောင်းလှသည်။

ယန်ယဲ့၏ရင်ဘတ်ထဲမှ အဖြူရောင်
အလင်းတန်းများ တောက်ပလာသည်။
ခဏအကြာတွင် နှင်းပွင့်လေးက
ယန်ယဲ့ရှေ့မှာပေါ်လာသည်။

ခေါင်းပြုတ်လူသားကို စိုက်ကြည့်ရင်း

သူမ၏လက်သည်းလေးများကို

ဆုပ်ကိုင်ထားသည်။ အနည်းငယ်

ကြောက်ရွံ့နေသည့်တိုင်

ထွက်မပြေးနိုင်ပေ။

ယန်ယဲ့က သူမ နောက်မှာရှိနေလို့ပါ။

ခေါင်းပြုတ်လူသား က မရပ်တန့်ဘဲ

တဖြည်းဖြည်းနီးကပ်လာပါတော့သည်။

မီတာ ၃၀ အကွာသို့

ရောက်လာချိန်တွင်တော့

နှင်းပွင့်လေးထံမှ မရေမတွက်နိုင်တဲ့

ထာဝရသလင်းကျောက်များ ရုတ်တရက်

ထွက်လာသည်။

အများအပြားရှိပြီး သာမန်

ထာဝရအင်မော်တယ်

သလင်းကျောက်များထက် ကွဲပြားသည်။

၎င်းတို့ကို မူလခရမ်းရောင်စွမ်းအင်ဖြင့်

ထပ်ပြီးသန့်စင်ထားခဲ့သည်။ သာမန်

ထာဝရအင်မော်တယ်သလင်းကျောက်

များက လုံးဝမယှဉ်နိုင်ပါ။

ဤအချိန်တွင် ခေါင်းပြတ်လူသားက

ရပ်သွားသည်။

နှင်းပွင့်လေးက

ထာဝရသလင်းကျောက်များကို ညွှန်ပြပြီး

ခေါင်းပြတ်လူသားကို ညွှန်ပြသည်။

ဆိုလိုသည်မှာ ထိုသလင်းကျောက်များကို

အကုန်ယူသွားပြီး

တိုက်ခိုက်မနေတော့ဘဲထွက်သွားခိုင်းနေ

တာပါ။

တစ်ချိန်တည်းမှာပင်

သူမ၏လက်သည်းများကြား၌

ပုဆိန်လေးတစ်လက်ပေါ်လာသည်။

ခေါင်းပြတ်လူသားက မလှုပ်ရှားသေးဘဲ

နေရာတွင် ရပ်နေ၏။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၄၂ - သူမက ပြိုင်ဖက်ကင်းတယ်

နှင်းပွင့်လေးက

မှူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကို

တင်းကြပ်ကြပ်ဆုပ်ကိုင်ထားရင်း

ခေါင်းပြတ်လူသားကို

စူးစိုက်ကြည့်နေလေသည်။

စေ့စပ်ညှိနှိုင်းမှု ပျက်ပြယ်သွားပါက
ပုဆိန်ကို လွှဲခုတ်ရန်
အသင့်ပြင်ထားပုံရသည်။

ခေါင်းပြတ်လူသားက
ထာဝရအင်မော်တယ်သလင်းကျောက်ပုံ
ကြီးကို လစ်လျူရှုကာ နှင်းပွင့်လေးအား
လက်ညိုးထိုးလိုက်သည်။ သူ
ဘာပြောဖို့ကြိုးစားနေသလဲတော့မသိနိုင်
ပေ။

နှင်းပွင့်လေးက မျက်တောင်ခတ်ကာ
ခဏမျှ တုံ့ဆိုင်းသွားပြီးမှ
ကျောက်တုံးများကို ခေါင်းပြတ်လူသား
ထံတွန်းပို့လိုက်လေသည်။

ခေါင်းပြတ်လူသား က ထိုနေရာတွင်
အချိန်အတော်ကြာ ရပ်နေခဲ့သည်။
နောက်ဆုံးမှာ တော့ ချာခနဲလှည့်ကာ
ထွက်သွားလေတော့သည်။

နှင်းပွင့်လေးက

စိတ်သက်သာရာရာသွားပုံပါ။

ယန်ယွဲ့ထံသို့ ပြန်ပြေးသွား၏။ သို့သော်

ယန်ယွဲ့၏ပုံစံကို မြင်သောအခု

ပွေ့ဖက်ပြီး ငိုကြွေးပါတော့သည်။

အဆက်မပြတ်

ငိုကြွေးနေလေသောကြောင့်

သူမ၏မျက်လုံးအစုံမှ
သိပ်သည်းသောဝိညာဉ်စွမ်းအင်များ
ထွက်လာသည်။

ယန်ယဲ့က နှင်းပွင့်၏ခေါင်းလေးကို
ပွတ်သပ်ကာ "ငါအဆင်ပြေပါတယ်။
မငိုနဲ့တော့ ဟုတ်ပြီလား"

နှင်းပွင့်လေးက သူ့စကားကို
မကြားသည့်အလား

ယန်ယဲ့၏ရင်ဘတ်ကို

ခေါင်းလေးဖြင့်ပွတ်သပ်နေသည်။

ယန်ယဲ့ သည်

နှင်းပွင့်၏အပြုအမူအကြောင့်

ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်သွား

လေသည်။

ဤအချိန်တွင် နန်လီမုန့်က သူ့နံဘေးမှာ ပြန်ပေါ်လာသည်။ ယန်ယဲ့ကို စိုက်ကြည့်ကာ “နင် ဘယ်လိုခံစားရလဲ”

ယန်ယဲ့က "ဘာပဲဖြစ်ဖြစ် ငါမသေသေးဘူး"

နန်လီမုန့်က တခစ်ခစ် ရယ်မောရင်း "မူလခရမ်းရောင်စွမ်းအင် ဆိုတဲ့အတိုင်း မျှော်လင့်ထားသလိုပဲ။ ဒီလိုပြင်းထန်တဲ့

ဒဏ်ရာတွေက ဒီအချိန်ခဏလေးနဲ့

တကယ်ကို

သက်သာပျောက်ကင်းသွားပြီ"

ယန်ယဲ့က နန်လီမုန့်ကို လစ်လျူရှုပြီး

မျက်လုံးမှိတ်ထားလိုက်သည်။

နန်လီမုန့် က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး "ငါ့ရဲ့

ခန့်မှန်းချက်တွေအရ နင့်ခွန်အားနဲ့ဆို

ဒီကမ္ဘာရဲ့ ကန့်သတ်ချက်တွေကို ချိုးဖျက်ဖို့ လုံလောက်သင့်တယ်။ အဲဒီ ခေါင်းပြတ်လူသားက အနည်းဆုံးတော့ အကန့်အသတ်ချိုးဖျက်နယ်ပယ်ပဲ။ ဒါပေမဲ့ သူက အဆင့် ၂ ခွန်အားပဲပိုင်ဆိုင်ထားတယ်။ ဒီတော့ အကန့်အသတ်ချိုးဖျက်နယ်ပယ်တွေမှာတောင် ခွန်အားကွာဟချက်ရှိနေတာ သက်သေပဲ"

ယန်ယဲ့က “ဘယ်လို ကွဲပြားကြလဲ” ဟု မေးလိုက်သည်။

နန်လီမုန့်က ပြုံးပြီး "အကန့်အသတ်ချိုးဖျက်နယ်ပယ်တွေဟာ ကမ္ဘာ့စွမ်းအားကို ပိုင်ဆိုင်ထားတယ်၊ ဒါမှမဟုတ် ပိုတိကျအောင်ပြောရရင် သူတို့မှာ ကမ္ဘာကြီးကို ဖျက်ဆီးပစ်နိုင်တဲ့ စွမ်းအားတွေရှိတယ်။ ကမ္ဘာနှစ်ခုရဲ့စွမ်းအားဆိုတာ ဆိုလိုတယ်။

ရိုးရိုးရှင်းရှင်းပြောရရင်
အကန့်အသတ်ချိုးဖျက်နယ်ပယ် ကို
အဆင့်ငယ် ၅ ဆင့်ပေါင်းမှ ကမ္ဘာတစ်ခု၊
ပြီးတော့ ကမ္ဘာငယ်နှစ်ခု၊ နောက်ထပ်
ကမ္ဘာငယ် ၃ ခု၊ ၄ ခုမြောက်ကမ္ဘာ၊ ကမ္ဘာ
၅ ခု ဆိုပြီး ပိုင်းခြားထားတယ်။ ကမ္ဘာ ၅
ခုပြီးသွားရင်တော့
မတူညီတဲ့ကမ္ဘာတစ်ခုကို
တက်လှမ်းလို့ရပြီ။ ဒါပေမဲ့

ထာဝရနယ်စပ်မှာ ကမ္ဘာ ၅ ခုအထက်ဆင့်

ပညာရှင်တွေမရှိနိုင်ဘူး။

ဒီလိုအဆင့်တွေက ထာဝရစကြာဝဠာ

ဒါမှမဟုတ် ထာဝရမြစ်ထဲမှာ

သေဆုံးနေခဲ့တယ်။

ဘာ့ကြောင့်လဲဆိုတော့

အဲဒီအဆင့်ကိုရောက်တာနဲ့ သူတို့ရဲ့

ဘဝသက်တမ်းက

ကုန်ဆုံးခါနီးလာပြီဆိုတာ သိထားလို့ပဲ”

ယန်ယဲ့ က လေးနက်စွာပြောခဲ့သည်

"အကန့်အသတ်ချိုးဖျက်နယ်ပယ်တွေက

ကမ္ဘာကြီးကို တကယ်ပဲ

ဖျက်ဆီးနိုင်သလား"

"ဘယ်ဟုတ်မလဲ" နန်လီမုန့် က ပြုံးပြီး

“တကယ်တော့ အဲဒါက

ချဲ့ကားလိုက်တာ။ ဥပမာအနေနဲ့

အကန့်အသတ်ချိုးဖျက်နယ်ပယ်တစ်

ယောက်က ထာဝရနယ်နိမိတ် ကို

ဖျက်ဆီးနိုင်ရင်တောင်

အားနည်းနေတုန်းပဲမဟုတ်ဘူးလား။

အကန့်အသတ်ချိုးဖျက်နယ်ပယ်

ဆိုတာက ဒီလောကရဲ့ အာကာသကို

တစ်စစီဖျက်ဆီးပစ်နိုင်တယ်လို့ကိုယ်စား

ပြုတယ်။ ပိုပြီးတိကျအောင်ပြောရရင်

နှင့်ခွန်အားကို အပြည့်သုံးတာနဲ့

ဒီနေရာတစ်ခုလုံးကို

ဖျက်ဆီးပစ်နိုင်ပါ့မလား"

ယန်ယွဲ့ က ခဏလောက်စဉ်းစားပြီး
ခေါင်းညိတ်လိုက်သည်။

နန်လီမုန့် က အနည်းငယ်
ခေါင်းညိတ်ပြပြီး “ဒါက တကယ့်
ပျက်စီးခြင်းပဲ။
သူ့အလိုလိုမပြုပြင်နိုင်တဲ့နေရာကို
ဖြစ်သွားစေတဲ့ ပျက်စီးခြင်းပါ။
အကန့်အသတ်ချိုးဖျက်နယ်ပယ်
တွေကြားမှာ ခွန်အားကွာဟချက်ကို

နည်းနည်းလောက်ရှင်းပြမယ်။ အဆင့် ၁

အကန့်အသတ်ချိုးဖျက်နယ်ပယ်က

ဒီနေရာမှာ ကီလိုမီတာ ၅၀၀

လောက်ရှိတဲ့ဧရိယာကို

အသာလေးဖျက်ဆီးနိုင်တယ်။ အဆင့် ၂

ချိုးဖျက်ခြင်းသခင်တွေက ကီလိုမီတာ

၁၅၀၀ လောက်ရှိတဲ့

ဧရိယာကို ဖျက်ဆီးပစ်နိုင်တယ်။ အဆင့်

၃ နဲ့ပတ်သက်ရင်တော့

ပို့ပြီးတော့တောင်ကြောက်စရာကောင်း

သေးတယ်”

သူမက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

“လွတ်လပ်ခြင်းဂိုဏ်း၊

ဖန်ဆင်းခြင်းဂိုဏ်း၊ အင်မော်တယ်ဂိုဏ်းနဲ့

ထာဝရရှင်သန်ခြင်းဂိုဏ်းတွေမှာ

အကန့်အသတ်ချိုးဖျက်နယ်ပယ်တွေရှိ

တယ်။ သူတို့က အဆင့် ၁

ချိုးဖျက်ခြင်းသခင်တွေများတယ်။

သူတို့ဂိုဏ်းက ပညာရှင်တွေ၊

ဘိုးဘေးအဆင့် ၂ ယောက်စီကတော့

ထာဝရမြစ်ထဲကိုဝင်သွားပြီ"

ယန်ယွဲ့က သူမကို စိုက်ကြည့်ရင်း

"တျန်းရှူ

က ဘယ်လောက်တောင် သန်မာလဲ"

နန်လီမုန့်က ခဏကြာအောင်
တိတ်ဆိတ်သွားသည်။

ယန်ယွဲ့ က သူမကို စိုက်ကြည့်နေတယ်။
ထိုအမျိုးသမီးက
အကုန်နီးပါးသိထားကြောင်း
သူသိနေလို့ပါ။

နန်လီမုန့်က ယန်ယွဲ့ကို စိုက်ကြည့်ရင်း
"နင်တကယ်သိချင်နေတာလား"

ယန်ယဲ့က ခေါင်းညိတ်ပြီး

"ကျေးဇူးပြုပြီး"

နန်လီမုန့်က “သူမရဲ့ စစ်မှန်တဲ့ခွန်အားက

အဆင့် ၂ ထက်ကျော်လွန်နေတယ်။

ဖြစ်နိုင်တာက သူမဟာ အဆင့် ၃

ဒါမှမဟုတ် ဒီထက်ပိုမြင့်တဲ့နယ်ပယ်မှာ

ရှိနေနိုင်ပါတယ်…”

ဤအထိပြောပြီးနောက် နန်လီမုန့်က
ခေါင်းယမ်းလိုက်ပြီး
"နင်သတိမထားမိပေမယ့် သူမက
ကျင့်ကြံမှုအဆင့်ကို
အမြဲလိုလိုဖိနှိပ်ထားတယ်"

ဖိနှိပ်ထားတာလား ။

ယန်ယွဲ့က သူ၏လက်သီးများကို
ဖြည်းညှင်းစွာ ဆုပ်လိုက်ပြီး "ဘာလို့လဲ"

နန်လီမုန့်က အကူအညီမဲ့စွာ ရယ်မောရင်း “သူက အရမ်းသန်မာတဲ့အတွက်”

ယန်ယဲ့က "ငါနားမလည်ဘူး"

နန်လီမုန့် က “သတ္တုကို အကြိမ်ပေါင်း ထောင်နဲ့ချီပြီး ထုထောင်းပေးရတယ်။ အဲဒါမှ ထက်မြိုနေတဲ့ဓားတစ်လက်ဖြစ်အောင်

လုပ်နိုင်တယ်။ ငါ့ကိုပြောပါ၊

ဓားတစ်ချောင်းဟာ

အကြိမ်ကြိမ်ထုထောင်းတာကို မခံနိုင်ဘဲ

မီးဖိုထဲက ကြိုထွက်ခဲ့ရင်

ဘာဖြစ်သွားမလဲ"

ယန်ယဲ့ က ချက်ချင်းငြိမ်ကျသွားသည်။

နန်လီမုန့် က ဆက်ပြောသည်

“တကယ်တော့ သူ့ကိုယ်သူ

ထက်မြိုနေတဲ့ဓားတစ်လက်ဖြစ်အောင်

အမြဲတမ်းပြုပြင်နေတာပါ။ သူမက

မီးတောင်တစ်လုံးလိုပဲ၊

ပိုပြီးဖိနှိပ်ထားလေလေ

စမီးတောင်ပေါက်ကွဲတဲ့အခါ

ပိုကြောက်စရာကောင်းလေပါပဲ။

တကယ်တော့ ငါ သူ့အကြောင်းကို

အချိန်အကြာကြီးစုံစမ်းခဲ့တယ်။ ဒါဟာ

ဟင်းလင်းပြင်ဝိညာဉ်မျိုးနွယ်ကြောင့်သာ

မဟုတ်ရင် သူမက

ရှေးခေတ်မှာကတည်းက

အထွတ်အထိပ်ကိုရောက်နေလောက်ပြီ။

ကံမကောင်းစွာပဲ၊ သူက နောက်ဆုံးမှာ

ပျောက်ကွယ်သွားပြီ။

ထာဝရနယ်နိမိတ်အပါအဝင်

ကမ္ဘာအသီးသီးက

ကျင့်ကြံသူတွေတောင်

သိတော့မှာမဟုတ်ဘူး”

နန်လီမုန့်က ခဏရပ်ပြီး

“အင်မော်တယ်မျိုးနွယ်ရဲ့

ဘိုးဘေးကလည်း

အံ့သြစရာကောင်းတယ်။ သူက

ဟင်းလင်းပြင်ဝိညာဉ်ကေရီ လိုမျိုးပဲ။

မဟုတ်ရင်…”

ယန်ယဲ့က

ရုတ်တရက်ရယ်မောလိုက်သည်။

သို့သော် သူ့ပါးပြင်ပေါ်မှာ
မျက်ရည်များစီးကျလာသည်။

သူမ အသက်ရှင်နေသေးတယ်။

နန်လီမုန့်၏ ပြောစကားအရ တျန်းရှူ
အသက်ရှင်နေသေးမှန်း သိသာပါသည်။

နန်လီမုန့်က မြေပြင်ပေါ်တွင်
လဲလျောင်းနေသော ယန်ယွဲ့ကို

စိုက်ကြည့်ကာ "သူမ
အသက်ရှင်နေသေးပေမယ်လို့
ထာဝရနယ်စပ်ကနေ ထွက်သွားပြီ။
ထွက်မသွားခင်မှာ ထာဝရနယ်စပ်ရဲ့
အင်အားစုတွေကို ဘာ့ကြောင့်
မဖြေရှင်းသွားတာလဲသိလား"

ယန်ယဲ့ က သူမကို စိုက်ကြည့်ရင်း "ငါ့ကို
လှေ့ကျင့်ပေးဖို့မဟုတ်ဘူးလား"

"ဒါက

နည်းနည်းတော့မှန်တယ်ထင်တယ်"

နန်လီမုန့်က ယန်ယွဲ့ဆီကို

လျှောက်လာပြီး "သူမက နင့်ကို အရမ်း

အထင်ကြီးတယ်။ ဒါပေမဲ့ သူမက

အနာဂတ်မှာ

ပိုပြီးပိုပြီးတော့သန်မာလာလိမ့်မယ်။

ပြောရရင် အနာဂတ်မှာ နင်က

သူ့အနားမှာရှိနေဖို့မျှော်လင့်ထားတာပဲ။

သန်မာတဲ့တစ်စုံတစ်ယောက်ရဲ့လမ်းဟာ

အမြဲလိုလိုချည်နှောင်ထားခံရတာပဲလေ။

ဒါ့အပြင်

တစ်စုံတစ်ယောက်က နင့်အတွက်

ရှင်းပေးမှာမဟုတ်ဘူး။ ကိုယ့်လမ်းကိုယ်

ဖောက်ရမယ်။ သူမက နင့်အတွက်

ရှင်းလင်းပေးမှာမဟုတ်ဘူး။

နင်ကိုယ်တိုင် လမ်းဖောက်ရလိမ့်မယ်။

အရာအားလုံးအတွက် နင့်ကိုယ်နင်

အားကိုးရမယ်ဆိုတာ သိအောင်လို့
ငရဲကံကြမ္မာလက်နက် ကို
ဖောက်ခွဲခဲ့တာ။ မဟုတ်ရင်
ကျောထောက်နောက်ခံတွေ
သေကုန်တဲ့အခါ နင်လည်းသေလိမ့်မယ်။
နားလည်လား"

ယန်ယဲ့ သည် စကားပြန်မပြောဘဲ
မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။

သူ့စိတ်ထဲမှာတော့ လောကကို

ငုံ့ကြည့်နေသည့်

မိန်းမငယ်လေးတစ်ယောက်သာလျှင်

မြင်နေမိသည်။

ဤအချိန်တွင် ယန်ယဲ့၏ရင်ဘတ်ပေါ်မှာ

လဲလျောင်းနေသော

နှင်းပွင့်လေးကမျက်လုံးများကို

ရုတ်တရက်ပွတ်သပ်ကာ နန်လီမုန့်ကို

စိုက်ကြည့်နေသည်။ ထို့နောက်

သူ့ကိုယ်သူ ညွှန်ပြလိုက်သည်။
ဆိုလိုသည်မှာ တျန်းရှူက သူမအတွက်
ဘာပြောခဲ့သေးလဲဟုမေးနေတာပါ။

နန်လီမုန့်က နှင်းပွင့်လေးကို
တစ်ချက်ကြည့်လိုက်ပြီး "ငါ့ရဲ့
မှတ်တမ်းထဲမှာ ကြောက်စရာကောင်းတဲ့
ခန္ဓာကိုယ် (၁၀) ခုအကြောင်းပါတယ်။
အဲဒီထဲက တစ်ခုကို ပိုင်ဆိုင်တဲ့သူက
သမိုင်းတစ်လျှောက်မှာ ထူးခြားတဲ့

အုပ်စိုးရှင် ဖြစ်လာလိမ့်မယ်။ အခု အသစ်ထပ်ထည့်ရမှာပေါ့။ အဲဒါဘာလဲဆိုတာ နင်သိလား"

နှင်းပွင့်လေးက မျက်တောင်ခတ်နေလေသည်။

နန်လီမုန့်က နှင်းပွင့်ကို စိုက်ကြည့်ကာ လေးလေးနက်နက်ပြောသည် " မယုံနိုင်စရာကောင်းတဲ့

ချစ်စရာခန္ဓာကိုယ်လေး။

တခြားခန္ဓာကိုယ်တွေထက်

ပိုထူးခြားတယ်။ မရေမတွက်နိုင်တဲ့

စွမ်းအားရှင်တွေက သူမအတွက်

တိုက်ခိုက်ပေးဖို့ဆန္ဒရှိနေလို့

ကိုယ်တိုင်ဝင်ပါစရာမလိုဘူး။

အရာအားလုံး၊ လူသားတွေနဲ့

တခြားသက်ရှိတွေဟာ

သူမကိုမျက်နှာသာပေးရလိမ့်မယ်။

လောကမှာ ကံတရား၏စွမ်းအားကို

မကြောက်တာဆိုလို့

သူတစ်ယောက်ပဲရှိတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူမက လုံးဝကို

မယုံကြည်နိုင်စရာပဲ”

ယန်ယဲ့က အံ့အားသင့်နေကာ

စကားပင်မပြောနိုင်တော့ပေ။

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး ယန်ယဲ့ကို စိုက်ကြည့်နေသည်။ သူမလေးက နန်လီမုန့်၏ စကားများကို ဘာမှန်းမသိပေ။

ယန်ယဲ့က သူမ၏ခေါင်းလေးကို ပွတ်လိုက်ပြီး "ဘာပဲဖြစ်ဖြစ် မင်းက တကယ်ကို အံ့သြစရာပဲ"

နှင်းပွင့်လေးက ချစ်စဖွယ်ပြုံးလိုက်ပြီး

ယန်ယွဲ့၏မေးစေ့ကို

ပွတ်သပ်လိုက်သည်။

နန်လီမုန့်က ခေါင်းခါပြီး

သက်ပြင်းချရင်း "ဝိညာဉ်ဖန်ဆင်းရှင် က

ဒီလိုမျိုး မဖြစ်သင့်ဘူး"

ဟုပြောလိုက်ပါသည်။

ယန်ယဲ့က နန်လီမုန့် ကို ရုတ်တရက် စိုက်ကြည့်ရင်း "မင်းပြောခဲ့တဲ့ ဒဏ္ဍာရီလာခန္ဓာကိုယ် (၁၀) ခုက ဘာတွေလဲ"

သူမက "နင့်ရဲ့ချစ်သူ အန်နန်ကျင်း အကြောင်းကို သိလား" ဟု ပြန်ဖြေသည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "သူမ ဘယ်လိုလဲ"

နန်လီမုန့် က “သူ့မှာ သိုင်းနတ်ဘုရားခန္ဓာကိုယ် ပိုင်ဆိုင်ထားတယ်။ သီအိုရီအရ သူမက ကြောက်စရာအကောင်းဆုံးပဲ”

အန်နန်ကျင်း

ယန်ယွဲ့ က အသက်ပြင်းပြင်းရှူပြီး “သူမ ဘယ်ရောက်နေလဲ သိလား။ ငါ မင်းကို

နတ်ဘုရားအဆင့်ရတနာနဲ့လဲလှယ်ပေးမယ်။”

နန်လီမုန့်က ခေါင်းယမ်းရင်း “ငါလည်းသိချင်ပါတယ်။ ကံမကောင်းစွာပဲ သူမ ဘယ်မှာရှိနေတယ်ဆိုတာ ဘယ်သူမှမသိပါဘူး။ သူမ ဘယ်မှာရှိတယ်ဆိုတာကို ခန့်မှန်းဖို့ ပိုက်ဆံကောင်းကောင်းပေးခဲ့တယ်၊

ဒါပေမဲ့ ရလာဒ်က ဘာဖြစ်သွားလဲ သိလား။ အဲဒီကိုလွှတ်လိုက်တဲ့ မူလကမ္ဘာအဆင့် နှစ်ယောက်စလုံး အသတ်ခံလိုက်ရတယ်”

"ဘာကိုဆိုလိုတာလဲ" ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။

နန်လီမုန့်က “ငါဆိုလိုတာက သူမကို ကောင်းကင်ဘုံကနေ

ဖုံးကွယ်ပေးထားတာပဲ။ အဲဒါကို လုပ်တဲ့သူက အရမ်းသန်မာတယ်။ အရမ်းကိုကြောက်စရာကောင်းလွန်းတယ်"

ယန်ယဲ့က

ပိုလို့တောင်မျက်မှောင်ကြုတ်လိုက်သည်။

"နင် သူမအတွက် စိတ်ပူစရာမလိုဘူး"

နန်လီမုန့်က "သူမရဲ့ ပင်ကိုယ်စွမ်းရည်ကို အခြေခံပြီး ရောက်လေရာရာမှာ စွမ်းအားရှင်တွေက သူမကို ရတနာတစ်ပါးလိုသတ်မှတ်ကြလိမ့်မယ်။ နင်က ကိုယ့်ကိုကိုယ် စိတ်ပူတာ ပိုကောင်းတယ်"

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး တစ်စုံတစ်ခုကို နားလည်လိုက်သည်။

နန်လွမုန့် ပြောတာကအမှန်ပင်။

လက်ရှိမှာ သူ့ကိုယ်သူ စိတ်ပူနေသင့်၏။

အန်နန်ကျင်း၏ပင်ကိုယ်စွမ်းရည်နှင့်

ကံတရားက သူ့ထက် သာလွန်ပါသည်။

ခဏအကြာတွင် ယန်ယဲ့ က

သူ့အတွေးတွေကို ထိန်းလိုက်သည်။

ထို့နောက် နန်လီမုန့် ကို စိုက်ကြည့်ရင်း

"နောက်ဆုံးမေးခွန်းတစ်ခု။ ငါ့မှာ

ဘယ်လိုခန္ဓာကိုယ်ရှိနေမလဲ။ ဒါမှမဟုတ်

အဲဒီ ခန္ဓာကိုယ် (၁၀) ခုစလုံး

ရဲ့အစိတ်ပိုင်းတွေများပေါင်းစပ်ထားသ

လား”

နန်လီမုန့်က ယန်ယဲ့ကို ငုံ့ကြည့်ရင်း

“မဟုတ်ဘူး၊ ဒါပေမဲ့ အဆိုးဝါးဆုံး

ခန္ဓာကိုယ် (၁၀) ခုရှိရင် နင် ထိပ်ဆုံးမှာ

သေချာပေါက် ရောက်လိမ့်မယ်။

မှန်ပါတယ်၊ ကံဆိုးခြင်းခန္ဓာကိုယ်။

နင်သွားတဲ့နေရာတိုင်းမှာ

ကံဆိုးတာနဲ့သေဆုံးတာတွေဖြစ်ပေါ်လာ
လို့ပဲ”

ယန်ယွဲ့က ဘာပြောရမှန်းမသိတော့ပေ။

ခဏအကြာတွင် သူ့ကိုယ်သူ ကုသရန်
ယန်ယွဲ့သည် မူလစေတီထဲသို့
ဝင်သွားလိုက်သည်။

အထဲမှာ ရက်အနည်းငယ်ကြာမှု

ဒဏ်ရာအားလုံး

ပျောက်ကွယ်သွားသော်လည်း အ

ပြင်ပလောက၌ နာရီအနည်းငယ်သာ

ကုန်ဆုံးခဲ့သည်။

ထို့နောက်တွင် ရှေ့ကို

ဆက်သွားကြသည်။

နှစ်ယောက်စလုံးက တောင်တန်းများကို

ဆက်တိုက်ဖြတ်လျှောက်ခဲ့ကြသည်။

သူတို့နောက်ကွယ်တွင် မီတာ ၃၀၀

ကျော်ကျယ်ဝန်းသော

ချောက်နက်ကြီးတစ်ခုရှိနေခဲ့သည်။

ရှေ့သို့ မျှော်ကြည့်လိုက်သောအခါ

မြင်နိုင်သမျှက

ကောင်းကင်တမျှမြင့်မားလှသော

တောင်တန်းများချည်းသာ။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်
ရှေ့ဆက် မသွားဘဲ
ရုတ်တရက်ရပ်တန့်လိုက်သည်။

နန်လီမုန့် က အနည်းငယ် အံ့သြသွားပြီး
"ဘာဖြစ်တာလဲ"

ယန်ယဲ့ က ပြန်မဖြေအားပေ၊ သူ့ရှေ့ကို
လှမ်းကြည့်လိုက်သည်။
ခပ်လှမ်းလှမ်းတွင်

ဖျင်ကြမ်းဝတ်အဘိုးကြီးတစ်ယောက်

ရပ်နေ၏။ အဘိုးကြီးက

နောကကျောမှာဝါးသေတ္တာငယ်တစ်လုံး

ကိုလွယ်ထားလေသည်။

ညာဖက်လက်ထဲ၌

ဝါးခြမ်းပြားတစ်ချောင်းကိုင်ထား၏။

ဝါးခြမ်းပြားထိပ်မှာ

အဖြူရောင်ပိတ်စတစ်စကိုထပ်ဆင်ထား

လေသည်။ ပိတ်စပေါ်၌ “公平” ဟူသော

အနက်ရောင်စာလုံးနှစ်လုံးကို

ရေးသားထားသည်။

ထိုစကားလုံးနှစ်လုံး၏ အဓိပ္ပါယ်က

"တရားမျှတမှု" ပင်။

အဘိုးကြီးက ယန်ယွဲ့နှင့် နန်လီမုန့် တို့ထံ

လျင်မြန်စွာ လျှောက်လာသည်။

လမ်းလျှောက်လာရင်း

ရေရွတ်နေသည်ကား

“ထူးဆန်းလိုက်တာ၊ ထူးဆန်းလိုက်တာ။

ထာဝရနယ်နိမိတ်လိုမျိုး

သေးငယ်တဲ့နေရာတစ်ခုမှာ

ဓားတာအိုအထွတ်အထိပ်ရောက်နေတဲ့သူ

ဆိုတာ ပေါ်လာဖို့မဖြစ်နိုင်ပါဘူး။

မဖြစ်သင့်ဘူး၊

တကယ်ကိုမဖြစ်သင့်ဘူး...”

သိပ်မကြာလိုက်ပေ၊ စကားပြေ

နေရင်းဖြင့် ယန်ယဲ့နှင့် နန်လီမုန့်

တို့ရှေ့ကိုရောက်လာပါသည်။

သူဖြတ်သွားခါနီးတွင် အဘိုးကြီးက

ရုတ်တရပ်လိုက်ပြီး ယန်ယွဲ့ကို

စိုက်ကြည့်ရင်း "မင်းငါ့ကိုတွေ့လား"

ဤအတောအတွင်း နှင်းပွင့်လေးက

အဘိုးကြီးလွယ်ထားသည့်

ဝါးသေတ္တာငယ်လေးကို

စူးစိုက်ကြည့်နေသည်။

အဘိုးကြီးက သတိထားမိသောအခါ

တစ်ခုခု

မကောင်းတော့သလိုခံစားလိုက်ရသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၄၃ - သာမန်ဓား

အဘိုးကြီးက

“ငါ့ကိုတွေ့လိုက်တာလား”ဟု

ထပ်မေးသည်။

ယန်ယဲ့ က ပြုံးပြီး "အကြီးအကဲ၊

မင်းနောက်နေတာလား"

သူက ဘေးနားရှိ နန်လီမုန့်ကို ကြည့်ကာ

"မင်းမတွေ့ဘူးလား"

နန်လီမုန့်က ယန်ယဲ့ကို စိုက်ကြည့်နေပြီး

မျက်ခမှောင်ကြုတ်သွားသည်။

အစကတော့ ယန်ယဲ့ဟာ

တမင်လှည့်စားနေသည်ဟုယူဆခဲ့သည်။

သို့သော် နှင်းပွင့်လေး၏အပြုအမူကို

မြင်လိုက်သောအခါ

နန်လီမုန့်၏အမူအရာက

ပြောင်းလဲသွားသည်။

နှင်းပွင့်လေး၏အမူအရာကိုကြည့်လျှင်
သူတို့ရှေ့မှာ
တစ်စုံတစ်ခုရှိနေကြောင်းသိနိုင်ပါသည်။

သို့သော် နန်လီမုန့်က မမြင်နိုင်ပေ။

အမှန်ပင်ဖြစ်သည်၊ နန်လီမုန့် ကဲ့သို့
အဆင့် ၂
အကန့်အသတ်ချိုးဖျက်နယ်ပယ်က

မြင်တွေ့နိုင်ခြင်းမရှိလေရာ
ထိတ်လန့်သွားမိသည်။

ဤအချိန်တွင် အဘိုးကြီး၏
အကြည့်သည် နှင်းပွင့်လေး အပေါ်သို့
ကျဆင်းသွားသည်။ ထို့နောက်
သူ့မျက်လုံးများ တောက်ပလာကာ
“အယ်။ ဒါက ဝိညာဉ်ဖန်ဆင်းရှင်
မဟုတ်ဘူးပဲ။ ဟမ်၊ ဒါပေမဲ့
မကြာတော့ပါဘူး။ ထူးဆန်းတယ်၊

တကယ်ထူးဆန်းတယ်။ ဒီနေရာမှာ
ဝိညာဉ်ဖန်ဆင်းရှင်ကို
တကယ်တွေ့ခဲ့တယ်။ ဟား၊ဟာစ...”

နှင်းပွင့်လေးက
မျက်တောင်ခတ်နေလေသည်။
အဘိုးကြီးကို ကြည့်နေသော်လည်း
သူမ၏အကြည့်များက
ဝါးသေတ္တာလေးပေါ်မှာသာရှိနေခဲ့သည်။

ဤအတောအတွင်း အဘိုးကြီးက

ယန်ယွဲ့ကို စိုက်ကြည့်ကာ “ဒီဓားအိမ်နဲ့

မင်းခန္ဓာကိုယ်ထဲက

ထာဝရစွမ်းအင်မျိုးစေ့တွေအပြင် မင်းမှာ

ငါ့စိတ်ကြိုက် ဘာတစ်ခုမှ မရှိဘူး။

မှန်ပါတယ်၊ ဒီကလေးမလေးက

အရမ်းကောင်းပါတယ်။

မင်းသူ့ကိုရောင်းဖို့ ဆန္ဒရှိသလား"

ယန်ယဲ့က ချက်ချင်းပဲ

ခေါင်းယမ်းလိုက်သည်။

သူက နှင်းပွင့်ကို ရောင်းချရမည်လား ။

တစ်ချိန်တည်းမှာပင် သူသည်

အနည်းငယ်သတိရှိအပြည့်ဖြစ်လာသည်

။

သူ့ရှေ့က အဘိုးကြီးဟာ အတော်ကို
လျှို့ဝှက်ဆန်းကြယ်လွန်းလှသည်။

အဘိုးကြီးက ပြုံးပြီး ယန်ယဲ့ကို
စိုက်ကြည့်သည်။ သူက ခဏကြာအောင်
တုံ့ဆိုင်းသွားပြီး “မင်းအတွက်
ပြီးပြည့်စုံတဲ့ ရတနာတွေ ငါ့မှာရှိတယ်။
မင်းသူတို့ကိုဝယ်ယူချင်လား"

ယန်ယဲ့က ခေါင်းခါရန်ပြင်လိုက်စဉ်

နှင်းပွင့်လေးက

အလျင်စလိုခေါင်းညိတ်လေသည်။

ထို့နောက် အဘိုးကြီးအား

အမြန်လက်ယမ်းပြလိုက်လေသည်။

အဘိုးကြီးက နှင်းပွင့်ကို စိုက်ကြည့်ကာ

ဝါးရင်ဘတ်ကို ရွှေ့ချထားလိုက်သည်။

အထဲမှ ဓားတိုတစ်ချောင်းကို

ထုတ်ယူလိုက်သည်။

လက်ဝါးအရွယ်ခန့်သာရှိ၏၊

လုံးဝအနက်ရောင်ဖြစ်သည်။

ဓားကိုကြည့်ရတာ

ဘာမှထူးခြားတာမရှိပေ။

သို့ရာတွင်

နှင်းပွင့်၏မျက်လုံးလေးများက

တောက်ပသွားခဲ့သည်။

အဘိုးကြီးက “ဒီဓားကို

ဒဏ္ဍာရီလာဥပဒေသဖန်တီးခြင်းဓား

လို့ခေါ်တယ်။ အရွယ်အစားကိုပဲကြည့်ပြီး

လျှော့မတွက်ပါနဲ့။ ထာဝရစကြာဝဠာရဲ့

ကောင်းကင်ဘုံတာအိုဥပဒေသတွေအပါ

အဝင်

တခြားတာအိုဥပဒေသတွေအများကြီးပါ

တယ်။ ဒီဓားရဲ့စွမ်းအား နဲ့ပတ်သက်လို့

ပြောရရင် ဒီလောကမှာရှိတဲ့
ဓားနှစ်လက်ပဲ သူ့ကိုယှဉ်နိုင်လိမ့်မယ်"

ယန်ယဲ့က သိချင်စိတ်ဖြင့် "အဲဒါက
ဘာတွေလဲ"ဟုမေးလိုက်သည်။

အဘိုးကြီးက “တရားစီရင်ခြင်းဓား လို့
ခေါ်တယ်။ အဲဒီဓားရဲ့စွမ်းအားက
ခေတ်အဆက်ဆက်မှာ
အမြင့်မြတ်ဆုံးဖြစ်တဲ့အပြင်

ကံကြမ္မာကတောင် ကြောက်ရတယ်။

ကံမကောင်းစွာပဲ... ဓားစိတ်ဝိညာဉ်

ကွဲအက်သွားတဲ့အပြင်

မူလဓားဝိညာဉ်တောင်မှ

ပြိုကွဲသွားတယ်။ အခုတော့

ဘယ်မှာရှိမှန်းတောင် မသိရတော့ဘူး။

သူ့ရဲ့ အသိစိတ်ဝိညာဉ်နဲ့ ဓားဝိညာဉ်က

ဘယ်လောက်တောင်

ပြန်ကောင်းလာနေပြီလဲလို့ တွေးမိတယ်”

တရားစီရင်ခြင်းဓား...

ယန်ယွဲ့ သည် မျက်ခွံများ
လှုပ်ယမ်းလာသည်။
အဘိုးကြီးပြောနေတာက
ထာဝရစကြာဝဠာ၏ နံပါတ်တစ်ဓား
ပင်မဟုတ်ပါလား။

ယန်ယွဲ့ က ခဏလောက်စဉ်းစားပြီး
"တခြားဓားတစ်လက်က ဘယ်လိုလဲ"

အဘိုးကြီးက ယန်ယွဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

အနည်းငယ်ပြုံးပြကာ

"ရှေးခေတ်ကတည်းက ဘယ်ဓားက

အပြင်းထန်ဆုံးလဲဆိုတာ မင်းသိလား"

ယန်ယွဲ့ က ခေါင်းယမ်းလိုက်သည်။

အဘိုးကြီးက ပြုံးပြီး "သာမန်ဓား..."

ယန်ယွဲ့ သည် တော်တော်လေးကို
အံ့သြသွားရသည်
"ဒါကဘာကိုဆိုလိုတာလဲ"

အဘိုးကြီးက ပြုံးပြီး
“ဘယ်လိုဓားပဲဖြစ်ဖြစ် ပိုင်ရှင်မရှိရင်
ဓားက ဓားပဲမဟုတ်ဘူးလား။ ဒါပေမဲ့
ဓားပိုင်ရှင်က သန်မာတယ်ဆိုရင်တော့
သာမန်ဓားတစ်ချောင်းတောင်မှ

ဒဏ္ဍာရီလာကောရာဇ်တွေကို

သတ်နိုင်သလို နတ်ဘုရားတွေကိုတောင်

ချေမှုန်းပစ်နိုင်တယ်”

အဘိုးကြီးက စကားခဏရပ်လိုက်ပြီး

"ဒီဓားက

သာမန်ဓားတစ်ချောင်းလိုဖြစ်နေပြီ"

ဟုရုတ်တရက်ပြောခဲ့သည်။

ယန်ယဲ့က အဘိုးကြီး၏နောက်သို့ တစ်ချက်ကြည့်လိုက်ပြီး “ဓားကဘာလဲ” ဟုမေးသည်။

အဘိုးကြီးက ခေါင်းခါလိုက်ပြီး “ဘာမှမဟုတ်ပါဘူး။ တာအိုရောင်းရင်း၊ ဒီဓားကို ဝယ်မှာလား"

ယန်ယဲ့က  ခဏလောက်စဉ်းစားပြီး “ဘယ်ဈေးလဲ” ဟု မေးလိုက်သည်။

အဘိုးကြီးက ပြုံးပြီး "မင်းမှာ နည်းလမ်းသုံးမျိုးရှိတယ်။ ပထမဦးဆုံး မင်းခန္ဓာကိုယ်ထဲမှာရှိတဲ့ နတ်ဘုရားရတနာနဲ့ ထာဝရစွမ်းအင်။ နောက်တစ်ချက်ကတော့ မင်းရဲ့အဖော်ငယ်လေး" ဒီအချိန်မှာ သူ့အကြည့်က နှင်းပွင့်လေး အပေါ်ကိုကျရောက်သွားသည်။

ဤအချိန်တွင် နှင်းပွင့်လေးက
ဝါးသေတ္တာလေးကိုသာ
စူးစိုက်ကြည့်နေသည်။

ယန်ယဲ့ က အဘိုးကြီးကို
တစ်ချက်ကြည့်လိုက်ပြီး
“တတိယအချက်က ဘယ်လိုလဲ"

အဘိုးကြီးက သူ့အကြည့်ကို
ဆုတ်လိုက်ပြီး ယန်ယဲ့ ကိုကြည့်ကာ

"တတိယကတော့

မင်းရဲ့ဝိညာဉ်ကြိုးမျှင်ပဲ"

ငါ့ဝိညာဉ်ကြိုးမျှင်လား ။

ယန်ယွဲ့က ခေါင်းယမ်းပြီး ပြုံးလိုက်သည်

"မေ့လိုက်ပါ"

အဘိုးကြီးက သက်ပြင်းချရင်း

“တာအိုရောင်းရင်း၊ ငါ့ကို

ရိုးရိုးသားသားပြောခွင့်ပြုပါ။

မင်းရဲ့စိတ်ဝိညာဉ်က

တကယ်တန်ဖိုးမရှိဘူး၊ ဒါက ငါ့အတွက်

အတော်လေး ဆုံးရှုံးသွားတဲ့

သဘောတူညီချက်တစ်ခုလို့

ပြောရင်တောင် ငါမလွန်ပါဘူး။ ဒါပေမဲ့

မင်းဟာ ဝိညာဉ်ဖန်ဆင်းရှင် တောင်မှ

ချစ်ခင်တွယ်တာနေတာဆိုတော့

ဒါဟာငါ့အတွက်လောင်းကြေးထပ်ဖို့တန်

ပါတယ်လေ။ ငါအလေးအနက်ထားပြီး ငါ့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေကို ဆုံးရှုံးဖို့ ပြင်ဆင်နေတာပဲ”

ယန်ယဲ့ က ပြုံးပြီးပြောသည်
"မင်းပြောသလိုပဲ၊ ကမ္ဘာပေါ်မှာ အကောင်းဆုံးဓားက သာမန်ဓားတစ်လက်ပဲဖြစ်တယ်။ အဲဒါက တော်တော်ကို အဓိပ္ပါယ်ရှိမယ်ထင်တယ်။ ဓားသမားက သန်မာတယ်ဆိုရင်

သစ်ကိုင်းတစ်ခက်ကတောင်

နတ်ဘုရားတွေကို သတ်နိုင်တယ်”

အဘိုးကြီးက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

“သာမန်ဓားတစ်လက်က ဒီလောက်

လွယ်လွယ်နဲ့ ပြီးမြောက်တာ မဟုတ်ဘူး။

ဒါတောင်မှ အကုန်လုံး ရှင်းပြလို့ မရဘူး။

ဒါပေမဲ့ မင်းဝယ်ဖို့ ငွေ်းနေမှတော့

ငါမင်းကို အတင်းအကြပ်မလုပ်ဘူး"

သူက ဓားတိုလေးကို
ဝါးသေတ္တာငယ်ထဲသို့
ပြန်ထည့်လိုက်သည်။

ဤအတောအတွင်း
နှင်းပွင့်လေးကသူမ၏လက်သည်းများ
ကို ဖြည်းညှင်းစွာ ဆုပ်ကိုင်ရင်း
မျက်တောင်ခတ်လိုက်သည်။

အဘိုးကြီးက အခြားတစ်ဖက်ရှိ နန်လီမုန့်

ကို တစ်ချက်ကြည့်လိုက်သည်။

သူ့အကြည့်က နန်လီမုန့်၏လက်ထဲမှ

စာလိပ်ထူကြီးပေါ်ကျရောက်သွားသည်။

သူက “စိတ်ဝင်စားဖို့ကောင်းသည်” ဟူ၍

ပြောပြီး

အကြည့်ကို ဖယ်ထားလိုက်သည်။

သို့သော် နန်လီမုန့်ကို

နောက်တစ်ကြိမ်စိုက်ကြည့်ပြီး “သူမမှာ

ကြီးမားတဲ့ ဆန္ဒတွေ ရှိသလို သူမရဲ့

လမ်းကြောင်းက အရမ်းထူးခြားပါတယ်။

အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်။

သူမကို

သတင်းစကားတစ်ခုလောက်ပေးပေးပါ

လား။ အရာရာတိုင်းမှာ ဘာကိုမှ

အတင်းအကြပ် မကြိုးစားပါနဲ့။

ဘာ့ကြောင့်လဲဆိုတော့ တစ်စုံတစ်ခုကို

ခွဲလမ်းတာဟာ ခွဲလမ်းမှုဖြစ်တယ်၊

ခွဲလမ်းမှုမှာ

အကောင်းနဲ့အဆိုးဒွန်တွဲနေတယ်။

အဟန့်တားမရှိတဲ့ အတွေးတစ်ခုက

အရာအားလုံးကို ဖျက်ဆီးပစ်နိုင်တယ်”

ထိုစကားပြောပြီးတာနဲ့

ထွက်သွားရန်ပြင်လိုက်၏။ သို့သော်

နှင်းပွင့်က ဝါးသေတ္တာလေးကို
လက်ဖြင့်ဖိထားလိုက်သည်။

အဘိုးကြီးက နှင်းပွင့်ကို စိုက်ကြည့်ရင်း
"မင်းဘာလုပ်နေတာလဲ"

နှင်းပွင့်က မျက်တောင်ခတ်ပြီး
ပြုံးစိစိလုပ်နေသည်။ ဝါးသေတ္တာလေးကို
ခပ်ဖွဖွလေး ပုတ်လိုက်သည်။ အထဲမှ

တစ်စုံတစ်ခု လွတ်မြောက်ချင်သလိုမျိုး
ဝါးသေတ္တာလေးဟာ တုန်လှုပ်သွားသည်။

နှင်းပွင့်လေးက
ခဏကြာအောင်မျက်တောင်ခတ်နေရင်း
သန့်စင်သော ဝိညာဉ်စွမ်းအင်ကို
ထွေးထုတ်လိုက်သည်။
ဝါးသေတ္တာလေးက ပို၍ပင် ပြင်းထန်စွာ
တုန်လှုပ်လာသည်။

အဘိုးကြီး၏အမူအရာက

ပြောင်းသွားကာ ဝါးသေတ္တာကို

ကျောပေါ်သိုင်းလွယ်ထားလိုက်သည်။

သူက နှင်းပွင့်ကို စူးစူးစိုက်စိုက်ကြည့်ကာ

"အငယ်ကောင်လေး၊ မင်း ဘာလုပ်ဖို့

ကြိုးစားနေတာလဲ"

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး

သူ့ကိုယ်သူ ညွှန်ပြသည်။

ဝါးသေတ္တာကို လိုချင်နေတာပါ။

ယန်ယဲ့ သည်

နှင်းပွင့်လေး၏အပြုအမူကိုကြည့်၍

ဘာပြောရမှန်းပင်မသိတော့ပေ။

အဘိုးကြီးဟာ မျက်နှာပေါ်တွင်

ထူးဆန်းတဲ့အမူအရာနဲ့ “ဒါ ငါ့ဥစ္စာပဲ”

နှင်းပွင့်လေးက ဝါးသေတ္တာကို ညွှန်ပြပြီး သူ့ကိုယ်သူ နှင့် အဘိုးကြီးကို ညွှန်ပြလိုက်သည်။ ဆိုလိုသည်မှာ ဝါးသေတ္တာကို ရွေးချယ်ခွင့်ပေးရန် ပြောနေတာပါ။

"ငါ့ဖင်ကို ရွေးပါလား…" အဘိုးကြီးက ဒေါသတကြီးခုန်ထပြီး “မင်းရဲ့

နတ်ရတနာတွေကို ဘာလို့ မထုတ်ဘဲ

ရွေးခွင့်ပေးရမှာလဲ”

ထိုစကားကို ပြောပြီးသည်နှင့်

အဘိုးကြီး၏အမူအရာက ချက်ချင်း

ပြောင်းလဲသွားပြီး

ထွက်ပြေးရန်ပြင်လိုက်လေသည်။

သို့သော် နှင်းပွင့်လေးက

အနက်ရောင်ဓားအိမ်တစ်ခုနှင့်

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ကို

အမြန်ထုတ်ယူလိုက်သည်။

ထို့နောက် အဘိုးကြီးရှေ့တွင်

ချထားလိုက်ပြီး

သူ့ကိုယ်သူညွှန်ပြပါတော့သည်။

ဆိုလိုသည်မှာ အဘိုးကြီးက

၄င်းကိုရွေးချယ်နိုင်သည်ဟု

ပြောနေတာဖြစ်သည်။

ယန်ယဲ့က အသံအကျယ်ကြီးရယ်မောချင်နေပါသည်။ နှင်းပွင့်၏လုပ်ရပ်က လှည့်စားနေရုံသက်သက်ပါ။

အသေချာအပင်၊ နှစ်ခုစလုံးက နှင်းပွင့်လေးဆီကိုပြန်ရောက်လာကြသည်။

ဤအတောအတွင်း အဘိုးကြီးက

သူ့နဖူးကိုပြန်ရိုက်လိုက်ပြီး“သောက်ကျိုး

တော့နည်းပြီ။ ငါမှားတာ၊

ငါကိုကမိုက်မဲလိုက်တာ"

အဘိုးကြီး၏ တာအိုကို

လောကရှိလူအနည်းစုလောက်သာသိရှိခဲ့

ကြသည်။

သူနဲ့ ထိတွေ့ဖူးသူတိုင်းကတော့

တရားမျှတမှုကို

အလေးအနက်ထားသဖြင့်

အလွန်ကျေနပ်အားရကြလေသည်။

ထို့အပြင် သူဟာ လူအများနှင့်

အရောင်းအဝယ်လုပ်ပါက

မျှမျှတတလဲလှယ်ပေးတတ်သည်။ သူ့မှာ

အတင်းအကြပ်လုပ်ရန်

ခွန်အားရှိနေသည့်တိုင်
လုယက်ဖို့မကြိုးစားပေ။

"တရားမျှတမှု..."

၎င်းက အဘိုးကြီး၏တာအို
ပင်ဖြစ်သည်။

သို့သော် သူပြောခဲ့သောစကားကြောင့်
နှင်းပွင့်က သူမ၏ နတ်ရတနာများကို
"မျှမျှတတ" ထုတ်ပြခဲ့သည်။ သို့ရာတွင်

သူမကိုပဲ ရွေးချယ်ကြသည်။ ယခုတော့
အဘိုးကြီးအလှည့် ရောက်လာပါပြီ။

အဘိုးကြီးက အတော်လေး
ချီတုံချတုံဖြစ်နေ၏။
သူ့ရတနာတွေကို ထုတ်ပြရမလား။
ရလာဒ်က ဘာဖြစ်မယ်ဆိုတာ
အသိသာကြီးပါ။ ဝိညာဉ်ဖန်ဆင်းရှင် က

အရာခပ်သိမ်းကို

အလိုလိုဆွဲယူနိုင်စွမ်းရှိ၏။

သို့ရာတွင် သူက နတ်ရတနာများကို

ထုတ်မပြလျှင်၊ ... အမှန်တော့

ဝိညာဉ်ဖန်ဆင်းရှင်က "တရားမျှတစွာ"

လုပ်ဆောင်ထားသည်။

ခဏအကြာတွင် အဘိုးကြီးက

သက်ပြင်းချကာ “တရားမျှတမှု။

ဒီကမ္ဘာကြီးမှာ အားလုံးက

လိုက်နာသင့်တယ်လို့ ထင်ပါတယ်။

အားကြီးတဲ့သူရော အားနည်းတဲ့သူပါ

လိုက်နာရင် ကမ္ဘာကြီးက ငြိမ်းချမ်းမှာပါ”

သူက ဝါးသေတ္တာထဲကို လက်နှိုက်ကာ

အဖြူရောင်ကျောက်စိမ်းပုလင်းတစ်လုံး

နှင့် အဝါရောင်စာရွက်တစ်ရွက်ကို

ထုတ်ယူလိုက်သည်။

ထို့နောက်

နှင်းပွင့်လေးကိုပစ်ပေးလိုက်သည်။

နှင်းပွင့်လေးက ချစ်စဖွယ် ပြုံးပြီး

ကွဲအက်နေသော

ယန်ယဲ့၏လက်မောင်းကို

ဆွဲကိုင်လိုက်သည်။ ခဏအကြာတွင်

ထိုရတနာများကို

မူလစေတီထဲသို့ပို့ထားလိုက်သည်။

ထို့နောက်

အဘိုးကြီး၏နောက်ကျောမှာလွယ်ထား
သော ဝါးသေတ္တာကို စိုက်ကြည့်နေသည်။

ယန်ယဲ့ က သတိထားမိလိုက်ရာ
ဝါးသေတ္တာဟာ
စစ်မှန်သောရတနာတစ်ပါးမှန်းသိလိုက်
သည်။

နှင်းပွင့်လေး၏အကြည့်ကို
သတိပြုမိသောအခါ အဘိုးကြီးဟာ

နှုတ်ခမ်းများ လှုပ်ယမ်းသွားသည်။

သူက ခေါင်းယမ်းပြီး ယန်ယွဲ့ ကို

စိုက်ကြည့်ရင်း “အဲဒီပုလင်းထဲမှာ

နှင်းရည်တွေ ရှိတယ်။ တကယ်တော့

ဒါဟာ စွမ်းအားရှင်ရဲ့ သွေးအဆီအနှစ်နဲ့

ဝိညာဉ်စွမ်းအားပါ။ ငါဒီလိုရှင်းပြပါရစေ၊

မင်းရဲ့ ဓားစိတ်ဆန္ဒနဲ့

သတ်ဖြတ်ခြင်းဓားကို

စုပ်ယူခိုင်းလိုက်ရင် သူတို့ရဲ့

အရည်အသွေးက ချက်ချင်း

မြင့်တက်လာလိမ့်မယ်။ ဒါပေမဲ့

နတ်ဘုရားသွေးအဆီအနှစ်က

အရမ်းပြင်းထန်လွန်းတယ်၊ ဒါ့ကြောင့်

မင်းရဲ့ဓားကို စုပ်ယူခိုင်းလိုက်ရင်

ဓားစိတ်ဝိညာဉ်က

တစ်ခါတည်းပျက်စီးသွားနိုင်တယ်။

ဒီတော့ ကိုယ့်ဘာသာ ဆုံးဖြတ်ပါ။

ဒါ့အပြင်

တခြားအသုံးပြုလို့ရတာတွေရှိသေးတယ်

။ ဥပမာအနေနဲ့

မင်းရဲ့ခန္ဓာကိုယ်ကိုသန့်စင်ပေးနိုင်တယ်။

နတ်ဘုရားသွေးစက်က

မူလနဂါးသွေးထက်အများကြီးသာတယ်

။ မင်းဘယ်လောက်ပဲ

ကြီးထွားသန်မာနေပါစေဦးတော့

ဒီနတ်ဘုရားသွေးစက်ဟာ

မင်းခန္ဓာကိုယ်အတွက်

နောင်ဆယ်စုနှစ်တစ်ခုစာလောက်ကြာ

အောင် ဆက်ပြီးရှိနေလိမ့်မယ်”

သူက ခဏရပ်ပြီး

“အဲဒီအဝါရောင်စာလိပ်ကို

စကြာဝဠာမှတ်တမ်း လို့ခေါ်တယ်။

အတိတ်တစ်ချိန်က

အနန္တတန်ခိုးရှင်တစ်ပါးဟာ

အဲဒီစာလိပ်ထဲမှာ

စကြာဝဠာအသီးသီးကကမ္ဘာတွေအား

လုံးကို ပေါင်းစည်းခဲ့တယ်။ တကယ်တော့

ဒါဟာ မြေပုံတစ်ခုပါပဲ။ ဒါပေမဲ့

သာမန်မြေပုံတော့ မဟုတ်ပြန်ဘူး။

ဘယ်လိုပဲဖြစ်ဖြစ်

မင်းသွားချင်တဲ့နေရာဆိုရင်

ဒါကိုတစ်ချက်ပုတ်လိုက်တာနဲ့သွားလို့ရ

ပြီ။ ဟုတ်ပါတယ်၊ တချို့နေရာတွေကို

မသွားရင် အကောင်းဆုံးပဲ။ ဒါ့အပြင်

အဲဒီမှာ

တခြားလုပ်ဆောင်ချက်တစ်ခုရှိသေးတ

ယ်။ ဒါဟာ

ကမ္ဘာပိတ်လှောင်ခြင်းစွမ်းရည်ပဲ၊

မင်းဟာ

တစ်စုံတစ်ယောက်နဲ့တိုက်ခိုက်နေတုန်း

အဲဒီလူကိုမလွတ်မြောက်စေချင်ဘူးဆိုရ

င်တော့

မှတ်တမ်းထဲကိုအသုံးချပြီးပိတ်လှောင်

ထားနိုင်တယ်။ ဒီစွမ်းအားက

လောကသခင် ၄ ပါးကို

ပိတ်လှောင်ထားဖို့လုံလောက်တယ်။

သေချာပါတယ်၊

ကြိုတင်သတ်မှတ်ချက်ကတော့

မင်းအနေနဲ့ ဒီလိုပညာရှင်တွေကို

အနိုင်ယူနိုင်မှလုပ်တာကောင်းတယ်။မဟု

တ်ရင်တော့

ကိုယ့်သေတွင်းကိုတူးလိုက်သလိုပဲ"

ဤအချိန်တွင် သူက သက်ပြင်းချကာ

“ဒီနေ့ငါ့အတွက်တကယ်ကို

ဆုံးရှုံးမှုကြီးတစ်ခုပဲ”

စကားပြောပြီးချိန်မှာ

ထွက်သွားရန်ပြင်လိုက်တော့သည်။

သို့သော် နှင်းပွင့်လေးက

အဘိုးကြီးရှေ့မှာပေါ်လာပြီး သူ့ကိုယ်သူ

ညွှန်ပြကာ ဝါးသေတ္တာလေးကို

ညွှန်ပြလိုက်သည်။

အဘိုးကြီး၏နောက်ကျောမှာ
လွယ်ထားသည့် ဝါးသေတ္တာလေးဟာ
ပြင်းထန်စွာတုန်လှုပ်လာသည်။

အဘိုးကြီးက ရှုံ့မဲ့နေသောမျက်နှာဖြင့်
“ကံ ဆိုးလိုက်တာ။
ငါလူအိုကြီးကမင်းလိုဓားပြနဲ့ဘာလို့
ကြုံနေရတာလဲ"

သူက ဝါးသေတ္တာကို

တစ်ချက်ပုတ်လိုက်ရာ နှင်းပွင့်ရှေ့တွင်

အစိမ်းရောင်သစ်သီးနှစ်လုံး

ပေါ်လာသည်။ အဘိုးကြီးက

“ဒါကိုယူလိုက်။

ငါ့လက်ဆောင်လို့သဘောထား။

အဲဒီအရာတွေကို

သွေးဆောင်နေတာရပ်လိုက်။ နောင်မှာ

ပြန်တွေ့မယ်။ မဟုတ်ဘူး၊

ငါတို့နောက်ထပ်မတွေ့ဖို့

မျှော်လင့်ပါတယ်"

ထိုစကားပြောပြီးသည်နှင့်

လေထုထဲမှာပင်

ပျောက်ကွယ်သွားလေတော့သည်။

Translated By NyiNyiSoe

May Be:

.အဆိုးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၄၄ - ဘာမှမရှိ

နှင်းပွင့်လေးဟာ

အစိမ်းရောင်သစ်သီးနှစ်လုံးကို

ကိုင်ထားရင်း အံ့အားသင့်နေပုံရသည်။

ခဏအကြာတွင် အသီးများကိုသိမ်းကာ

ယန်ယွဲ့ထံပြန်ပြေးလာခဲ့သည်။ ထို့နောက်

လက်သည်းများကို လျင်မြန်စွာ
ဖွေယမ်းလိုက်လေသည်။ ထို့အပြင်
မျက်နှာသေးသေးလေးက
စိတ်လှုပ်ရှားမှုအပြည့်နှင့်ပါ။

စစ်မှန်သောရတနာတစ်ပါး ။

သူမလေးက ဝါးသေတ္တာဟာ
စစ်မှန်သောနတ်ဘုရားရတနာတစ်ပါးဟု
ပြောနေတာပါ။

သူမ မြင်တွေ့ဖူးသမျှထဲမှာပင် အကောင်းဆုံးဖြစ်လေသည်။

ယန်ယဲ့က နှင်းပွင့်၏ခေါင်းကို ပွတ်သပ်ပြီး တိုးတိုးလေးပြောလိုက်ပါသည် "ငါတို့ အများကြီး ရနေပြီ မဟုတ်လား"

နှင်းပွင့်လေးက ခဏမျှတုံ့ဆိုင်းနေလေသည်။ ထို့နောက်

အစိမ်းရောင်သစ်သီးနှစ်လုံးကို
ထုတ်ယူလိုက်ပြီး
စူးစိုက်ကြည့်နေပါသည်။

ဤအတောအတွင်း နွားနတ်ဆိုး၊
မူလနဂါးနှင့် ဝမ်အရူးမလေးတို့ဟာ
အပြင်ထွက်လာခဲ့ကြသည်။ မူလနဂါးဟာ
နှင်းပွင့်၏လက်ထဲမှ
အစိမ်းရောင်သစ်သီးနှစ်လုံးကို
မြင်သောအခါ မျက်လုံးထဲမှာ

လောဘအရိပ်အယောင်များ

တောက်ပလာလေသည်။

နွားနတ်ဆိုး ကလည်း

အစိမ်းရောင်သစ်သီးကိုစိုက်ကြည့်နေ၏။

သို့သော် အနည်းငယ် ထိန်းထားပြီး

နှင်းပွင့်လေးကို မကြာခဏ

စိုက်ကြည့်သည်။

နှင်းပွင့်လေးက

ထိုအသီးများ၏ပိုင်ရှင်မဟုတ်ပါလား။

ဝမ်အရှူးမလေး ကတော့

ထိုနှစ်ယောက်စလုံးထက်

ပိုပြီးအဆင်ပြေနေသေးသည်။

သူမက အသီးတစ်လုံးကို

ယူလိုက်ပြီးစတင်စူးစမ်းပါတော့သည်။

နှင်းပွင့်လေးက ဝမ်အရှူးမလေးနှင့်

ရင်းနှီးနေလေရာ ဒေါသမထွက်ခဲ့ပေ။

ဝမ်အရှူးမလေး က နေ့တိုင်းနေ့တိုင်း

သူမ၏အရိုးချောင်းများထဲတစ်ခုကို

ခဲပေးနေကျပင်။

ထို့ကြောင့် နှစ်ယောက်သား

တော်တော်လေးကို ရင်းနှီးသွားကြသည်။

ဝမ်အရှုးမလေး က

အချိန်အတော်ကြာအောင်

စူးစမ်းနေပြီးနောက် "ဒီအသီးက

အရမ်းကောင်းတယ်" ဟုသာ

ပြောပါသည်။

ထို့နောက် အစိမ်းရောင်သစ်သီးကို

နှင်းပွင့်လေးအား ပြန်ပေးလိုက်သည်။

နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး
သူ့ဆီ ပြန်ပေးလိုက်သည်။ ဆိုလိုသည်မှာ
ဝမ်အရှူးမလေးကို
တစ်လုံးစားခိုင်းနေတာပါ။

ဝမ်အရှူးမလေး က ခေါင်းခါလိုက်သည်
“ဒါက နင်ပိုင်တယ်။
ရှားပါးတဲ့ရတနာသစ်သီးတစ်လုံးဆိုတော့
နင်ပဲစားလိုက်"

နှင်းပွင့်လေးက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
ဝမ်အရှူးမလေးကို ကြည့်ပြီးနောက်
ထပ်ပေးလိုက်ပြန်သည်။

ဝမ်အရှူးမလေး က ခေါင်းခါပြီး
ပြင်းပြင်းထန်ထန်ပြောလိုက်သည်
"နင်ကအရမ်းကောင်းတာပဲ၊ နင်ပဲစားပါ"

နှင်းပွင့်လေးက

ခဏလောက်စဉ်းစားပြီးမှ

ဝမ်အရှူးမလေးကို

မပေးခင်တစ်ကိုက်ကိုက်လိုက်သည်။

ဝမ်အရှူးမလေးက သစ်သီးကိုယူပြီး

တစ်ကိုက်ကိုက်လိုက်လေသည်။

ဤမြင်ကွင်းကိုကြည့်၍ နွားနတ်ဆိုးနှင့်

မူလနဂါး တို့ဟာ

ဆန္ဒပြင်းပြနေကြသည်။

ခဏအကြာတွင် နှင်းပွင့်က တစ်ခုခုကို

တွေးနေပုံရပြီး နွားနတ်ဆိုးအား

လှည့်ကြည့်လိုက်သည်။ ထိုအကြည့်က

နွားနတ်ဆိုးကို

ကြောက်ရွံ့ထိတ်လန့်သွားစေသည်။

နှင်းပွင့်က ခဏမျှ စဉ်းစားပြီး သစ်သီးကို
စိုက်ကြည့်ကာ
လေးခြမ်းခွဲလိုက်လေသည်။

ထို့နောက် သူမ၏လက်သည်းများကို
ဝှေ့ယမ်းကာ နွားနတ်ဆိုး
အားပစ်ပေးလိုက်သည်။ နွားမိုက်ဟာ
ပျော်ရွှင်မှုနှင့်အတူ တုန်လှုပ်နေသည်။
ယခုအချိန်တွင် နှင်းပွင့်က

တစ်ခုခုတောင်းဆိုလာရင်တောင်

တွန့်ဆုတ်နေမည်မဟုတ်ပေ။

နှင်းပွင့်က နောက်ဆုံး အသီးနှစ်ခြမ်းကို

ကိုင်ထားရင်း

မူလနဂါးကိုစိုက်ကြည့်နေသည်။

နဂါးငယ်လေးက ချက်ချင်း စိတ်လှုပ်

ရှားလာတယ်။ နှင်းပွင့်လေးဟာ ခဏမျှ

တုံ့ဆိုင်းသွားပြီး

မူလနဂါးကိုပစ်ပေးလိုက်၏။

နဂါးငယ်လေးက

နှင်းပွင့်ကိုမော့ကြည့်ကာ သစ်သီးခြမ်းကို

ညွှန်ပြသည်။ ...တကယ်လားလို့

မေးနေတာ။

နှင်းပွင့်က ပြန်မပြောဘဲ မူလနဂါးလေးကို

တစ်ချက်ကြည့်ပြီး ရုတ်တရက်

ပျောက်သွားသည်။ မူလစေတီထဲကို

ပြန်ဝင်သွားတာပါ။ သို့မဟုတ်

ကောင်းကင်ငယ်တိုက်ကြီးရှိ ဇိအာ

နေထိုင်သော

နန်းတော်သို့ဝင်သွားလိုက်တာပါ။

ဇိအာ က နှင်းပွင့်လေးကို

ရုတ်တရက်မြင်လိုက်သောအခါ

အံ့သြသွားသည်။

ခဏအကြာတွင် နှင်းပွင့်၏ခေါင်းလေးကို

ပွတ်သပ်ပြီး "နင်ပဲစားလိုက်ပါ"

နှင်းပွင့်က ခေါင်းခါပြီး

သူမ၏လက်သည်းများကို

ဝှေ့ယမ်းလိုက်ပါတော့သည်။ အသီးက

ဇီအာ အတွက်

အလွန်အသုံးဝင်ကြောင်းပြောပြနေတာပါ

။

အမှန်တော့ ဇီအာ လည်း

ကောင်းကောင်းသတိထားမိပါသည်။

နှင်းပွင့်၏လက်ထဲမှ အသီးကို

မြင်လိုက်သည်နှင့် သူမအတွက်

အဆင့်တစ်ခုသို့

တက်လှမ်းစေနိုင်ကြောင်းသိလိုက်သည်။

ဒီအချိန်မှာ နှင်းပွင့်လေးကို

ငေးကြည့်ရင်း ဇီအာ၏ နှလုံးသားက

နွေးထွေးသွားသည်။

ခအကြာတွင် အသီးကိုယူ၍

တစ်ဝက်ခွဲယူပြီး တစ်ဝက်ကို နှင်းပွင့်အား

ပြန်ပေးလိုက်သည် "ငါတို့
ဝေယူလိုက်မယ်... ဟုတ်ပြီလား"

နှင်းပွင့်က ခဏလောက်စဉ်းစားပြီး
ခေါင်းညိတ်လိုက်သည်။ ထို့နောက်
မူလစေတီထဲမှ ပြန်ထွက်သွားခဲ့သည်။

ဇိအာ က အသီးခြမ်းကို
တစ်ချက်ကိုက်လိုက်သည်နှင့် အသီးထဲမှ
အရည်များစီးဝင်လာသည်။

ထိုခဏလေးမှာပဲ

သူမ၏ခန္ဓာကိုယ်လေးဟာ ပြင်းထန်စွာ

တုန်ခါသွားသည်။ ထို့နောက်တွင်

မရေမတွက်နိုင်သော

ခရမ်းရောင်အလင်းတန်းများ

ဖြာထွက်လာပါတော့သည်။

တစ်ချိန်တည်းမှာပင်

သူမ၏အရှိန်အဝါက ရုတ်တရက်ကြီး

ပြင်းထန်လာလေသည်။

အပြင်ဖက်တွင် ။

နှင်းပွင့်လေးက ယန်ယဲ့ထံ ပြန်ရောက်လာခဲ့သည်။ ထို့နောက် အသီးခြမ်းကို ညွှန်ပြပြီး ယန်ယဲ့ကို လက်ညှိုးထိုးပြပြီး သူမ၏လက်သည်းများကို ဝှေ့ယမ်းလိုက်သည်။ ယန်ယဲ့က အသီးကိုလုံးဝစားလို့မရကြောင်းပြောနေတာပါ။

ယန်ယွဲ့က သူမ၏ခေါင်းလေးကို ပွတ်သပ်လိုက်ပြီး ပြုံးကာ "ကောင်းပြီ ၊ မင်းစားလိုက်"

နှင်းပွင့်လေးက ခေါင်းခါလိုက်သည်။ ထို့နောက် သူမ၏လက်သည်းများကို ဖြောက်လိုက်ရာ အနက်ရောင် သစ်စေ့လေးနှစ်စေ့ ရှိနေသည်။ ယန်ယွဲ့ကိုအနည်းငယ်ပြုံးပြပြီးနောက်

မူလစေတီထဲသို့ ပြန်ဝင်သွားသည်။

နှင်းပွင့်လေးက

အနက်ရောင်သစ်စေ့နှစ်စေ့ကို

မြောက်ပိုင်းဓားဂိုဏ်း၏

အနောက်ဖက်တောင်တန်းပေါ်၌

စိုက်ထားလိုက်လေသည်။

ဤအခိုက်အတန့်မှစလို့ နှင်းပွင့်လေးဟာ

နေ့တိုင်း

အခြားအလုပ်တစ်ခုရသွားခဲ့သည်။

၎င်းမှာ သစ်စေ့များအား

ဝိညာဉ်စွမ်းအားဖြင့်

အာဟာရဖြည့်တင်းရန်ဖြစ်သည်။

နှင်းပွင့်လေး၏

ဝိညာဉ်စွမ်းအင်ဖြင့်သာမကဘဲ

မူလခရမ်းရောင်စွမ်းအင်ဖြင့်ပါ

အားဖြည့်ပေးနေခဲ့သည်။

ဤအတောအတွင်း မူလနဂါး၊

နွားနတ်ဆိုးနှင့် ဝမ်အရှူးမလေး တို့ဟာ

အသီးအစိတ်များကိုစားလိုက်ပြီးနောက်

အကြည့်ချင်းဖလှယ်ကြသည်။

နောက်ဆုံးတွင် မူလနဂါး နှင့် နွားနတ်ဆိုး

တို့ဟာ မူလစေတီထဲသို့

ပြန်ဝင်သွားကြတော့သည်။

နှစ်ကောင်စလုံးက

မြောက်ပိုင်းဓားဂိုဏ်း၏

အနောက်ဖက်တောင်တန်းများဆီသို့

ပြန်သွားခဲ့ကြသည်။ တစ်ချိန်တည်းတွင်

သူတို့ထံမှ အစွမ်းထက်အရှိန်အဝါများ ပျံ့လွင့်နေခဲ့သည်။

ဝမ်အရှူးမလေး ကတော့ အတော်လေးတည်ငြိမ်နေ၏။ သို့သော်လည်း ယန်ယဲ့၏အမြင်အရ ဝမ်အရှူးမလေးဟာ ခန္ဓာကိုယ်တွင်းအပြောင်းအလဲများဖြစ်နေမှန်းသတိထားမိလိုက်သည်။

ဤအချိန်တွင် နန်လီမုန့်က ရုတ်တရက်
မေးသည် "သူထွက်သွားပြီလား"

ယန်ယဲ့က သူမကို စိုက်ကြည့်ကာ
ခေါင်းညိတ်ပြလိုက်သည်။

နန်လီမုန့်က "ဒါဆို သွားကြရအောင်"

စကားပြောနေစဉ် ရှေ့ကနေ

ဦးဆောင်ထွက်သွားသည်။

ဤအချိန်တွင် ယန်ယဲ့က

နောက်ကနေလိုက်လာရင်း

"အလှမယ်မုန့်အာ၊ ဘယ်သူလဲဆိုတာ

မင်းမသိချင်ဘူးလား"

နန်လီမုန့်က ပြုံးပြီး “နင်တစ်ယောက်ပဲ

သူ့ကိုတွေ့ဖို့ ခွင့်ပြုထားတော့ ဒါဟာ

နင့်ရဲ့ကံကြမ္မာကို ကိုယ်စားပြုတယ်။

ဒါဖြင့် ငါက ဘာကိုရှာနေရမှာလဲ”

ယန်ယဲ့ က ခဏလောက်စဉ်းစားပြီး

"သူက မင်းကို

သတင်းစကားတစ်ခုပါးခိုင်းလိုက်တယ်"

ဟုပြောလိုက်သည်။

နန်လီမုန့် က အတော်လေး

သိချင်သွားမိသည် "ဘာလဲ"

ယန်ယဲ့ က “မင်းရဲ့ ဆန္ဒတွေက

အရမ်းပြင်းထန်ပြီး မင်းရဲ့လမ်းက

အရမ်းထူးခြားသလို

စိတ်ဝင်စားဖို့ကောင်းတယ်လို့

ပြောခဲ့တယ်။ ဒါ့အပြင် တစ်စုံတစ်ခုကို

အဆုံးအစွန်ထိ စွဲလမ်းတာက

စွဲလမ်းမှုဖြစ်တယ်။ စွဲလမ်းမှုဆိုတာဟာ

အကောင်းနဲ့အဆိုး ဒွန်တွဲနေတယ်။

အပြန့်အတားမရှိတဲ့ အတွေးတစ်ခုဟာ

အရာအားလုံးကို ဖျက်ဆီးပစ်နိုင်တယ်”

"စိတ်မပူပါနဲ့" နန်လီမုန့်က

မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။

အချိန်အတော်ကြာမှ

မျက်လုံးပြန်ဖွင့်လိုက်ပြီး

ချောက်ကမ်းပါးဖက်ကို စိုက်ကြည့်ကာ

“ကျေးဇူးတင်ပါတယ်”

ဟုပြောလိုက်သည်။

ထို့နောက် ယန်ယဲ့ကို စိုက်ကြည့်ကာ

"ဂုဏ်ယူပါတယ်"

ယန်ယဲ့ သည် သူ့ထက်စာရင်

ပိုကြီးမားသော

အကျိုးအမြတ်များရခဲ့သည်မှာ

သိသာပါသည်။

ယန်ယဲ့ က ပြုံးပြီး “နှင်းပွင့်ကို ကျေးဇူးတင်ပါ။ သူ မရှိဘဲနဲ့ ငါဘာမှ ရနိုင်မှာ မဟုတ်ဘူး”

နန်လီမုန့်က ယန်ယဲ့၏ပခုံးပေါ်၌ ဟောက်အိပ်နေသော နှင်းပွင့်လေးကို တစ်ချက်ကြည့်လိုက်သည်။ နှင်းပွင့်လေးက ယန်ယဲ့၏ပခုံးပေါ်တွင် တွဲလဲလွဲခိုကာ အိပ်စက်နေလေသည်။

သူမလေးက ယန်ယဲ့အနားမှာရှိနေသရွေ့

အလွန်လုံခြုံသည်ဟု မှတ်ယူထားပုံပါ။

ဝိညာဉ်ဖန်ဆင်းရှင်က ယန်ယဲ့ကို

ဘာ့ကြောင့်များ

ထိုမျှယုံကြည်နေသလဲတော့

နန်လီမုန့်တစ်ယောက် မသိနိုင်ခဲ့ပေ။

ထို့ပြင် ထိုလူယန်ယဲ့က

အစုလိုက်အပြုံလိုက်သတ်ဖြတ်တတ်သူ

မဟုတ်ပါလား။

သို့သော် သူမက သိပ်ပြီး

ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ

ရှေ့ကိုသာဆက်လျှောက်သွားသည်။

ချောက်နက်ကြီးဟာ ကြီးမားလှပြီး

တစ်နာရီလောက်ကြာမှသာ

နှစ်ယောက်စလုံး ထွက်လာနိုင်ကြသည်။

ဒီအချိန်မှာ အထက်ကောင်းကင်ကြီးက မှောင်မည်းလာပါပြီ။

သိပ်မကြာလိုက်ပေ၊ ညအမှောင်ထု၏ ကုလားကာ ကျဆင်းလာပါတော့သည်။ လရောင်မရှိသဖြင့် ပတ်ဝန်းကျင် သည် အမှောင်အတိဖုံးနေလေသည်။

နန်လီမုန့်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "ဒီမှာပဲ ရပ်လိုက်ရအောင်" ဟုပြောလိုက်သည်။

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ" ဟုပြန်မေးသည်။

နန်လီမုန့်က အဝေးကို လှမ်းကြည့်လိုက်ရင်း "ညဘက်ဆို သရဲတွေ ကျက်စားနေတတ်တယ်"

ယန်ယဲ့ သည် အံ့အားသင့်သွားပြီး

စကားပင်မပြောနိုင်တော့ပေ။

ဤအတိုင်းပင်၊ နှစ်ယောက်သား

ချောက်နက်အဝတွင်သာ

ထိုင်ချလိုက်ကြသည်။ ယန်ယဲ့ သည်

မူလစေတီထဲသို့ ဝင်သွားခဲ့သည်။

သူသည် နတ်ဘုရားသွေးစက်
နှင့်ပတ်သက်၍ အတွေးများနေခဲ့သည်။

ယန်ယဲ့သည် ကျောက်စိမ်းဖြူပုလင်းနှင့်
စကြာဝဠာမှတ်တမ်း ကို
ထုတ်ယူလိုက်သည်။ သူ့အကြည့်က
နတ်ဘုရားသွေးစက်အပေါ်
ကျဆင်းလာသည်။ "အနန္တသွေးဆောဘာနဲ့
မူလနတ်ဓားကို ပေးလိုက်ရမလား"
သို့သော်လည်း ခဏသာကြာ၏။

ယန်ယဲ့ကထိုအတွေးကိုစွန့်လွှတ်လိုက်သ
ည်။

ဓားနှစ်လက်ကို
အဆင့်မြှင့်တင်နိုင်သည့်တိုင်
အဘိုးကြီးပြောခဲ့သောစကားများကိုမမေ့
ခဲ့ပေ။ ဓားနှစ်လက်၏ စိတ်ဝိညာဉ်များ
ပျက်စီးသွားနိုင်လေသည်။

ထိုအတွေးကို စွန့်လွှတ်ပြီးနောက်

ယန်ယွဲ့ဟာ ပုလင်းအဖုံးကို

ဖွင့်လိုက်သည်။ အထဲမှာ နီညိုရောင်

သွေးစက် (၅)စက်ရှိနေ၏။

ငါ သွေးတစ်စက်ကို

မျိုချလိုက်ရကောင်းမလားပဲ။

ဤအချိန်တွင် ဓားစာလိပ်က သူ့အနားမှာ

ပေါ်လာသည်။ သူမက
နီညိုရောင်သွေးစက်များကို
တစ်ချက်ကြည့်လိုက်ပြီး “နင်ဒါတွေကို
လောလောဆယ် မစုပ်ယူတာ
အကောင်းဆုံးပဲ။ ဒါဟာ
သာမန်မဟုတ်ပါဘူး။ ဒီသွေးတစ်စက်ရဲ့
ခွန်အားကို မခံနိုင်ရင် နင့်ရဲ့ ခွန်အားကို
မမြှင့်တင်နိုင်ဘဲ
ကိုယ့်သေတွင်းကိုတူးသလိုဖြစ်လိမ့်မယ်"

ယန်ယွဲ့ကလည်း ခေါင်းညိတ်လိုက်သည်။

နတ်ဘုရားသွေးစက်မှ ဖိအားက

သူ၏နှလုံးသားကိုပင် အနည်းငယ်

တုန်လှုပ်စေခဲ့သည်။

ရိုးရိုးရှင်းရှင်းပြောရလျှင်

နီညိုရောင်သွေးတစ်စက်ကို

စုပ်ယူလိုက်သည်နှင့်

ပြဿနာတက်နိုင်ကြောင်း

သူ၏ပင်ကိုယ်အသိစိတ်က
ပြောနေခဲ့သည်။

ဤအချိန်တွင် ဓားစာလိပ် က
ရုတ်တရက်ပြောခဲ့သည် "ပိုင်ဇီရှန်
ကိုသွားတွေ့လိုက်"

ယန်ယွဲ့က ခဏလောက်
တုံ့ဆိုင်းသွားပြီးနောက် ပိုင်ဇီရှန်

နေထိုင်သည့် အင်မော်တယ်နန်းတော်သို့
သွားလိုက်သည်။

အထဲသို့ ဝင်လိုက်သည်နှင့်
မွှေးရနံ့လှိုင်းတစ်ခုက သူ့ကို
လွှမ်းခြုံသွားသည်။

ခဏအကြာတွင် ယန်ယဲ့သည်
ကြီးမားသောရေချိုးကန်ကြီးကိုမြင်လိုက်
ရလေသည်။ အထဲမှာ ချောမောလှပသော

အမျိုးသမီးတစ်ဦး ရေချိုးနေခဲ့သည်။

ပိုင်ဇီရှန် ပင်။

ယန်ယဲ့က  ခဏတံ့ဆိုင်းသွားပြီး "ငါ့ကို ခဏစောင့်ပါ"

သူက မူလစေတီထဲမှ ပြန်ထွက်သွားပြီး အနီးနားတွင် တင်ပျဉ်ခွေထိုင်နေသော နန်လီမုန့်ကို စိုက်ကြည့်ကာ “ငါ

ခဏလောက် ကျင့်ကြံဖို့ ပြင်နေတယ်။

ငါတို့ရဲ့ လုံခြုံမှုကို

မင်းတာဝန်ထားလိုက်မယ်"

ထိုစကားပြောပြီးသည်နှင့်

မူလစေတီထဲကို

ချက်ချင်းပြန်ဝင်လာသည်။

ယန်ယဲ့ဟာ

ရေချိုးကန်အနားသို့လျှောက်သွားခဲ့သည်

။ သူ့ညာလက်ကို ဝှေ့ယမ်းလိုက်ရာ

ကိုယ်ပေါ်ရှိ

အဝတ်အစားများပျောက်ကွယ်သွား၏။

ဒီအချိန်မှာ ပိုင်ဇီရှန် က ရုတ်တရက်

ထရပ်လာသည်။

သူမ၏ကိုယ်ပေါ်မှာလည်း

ဘာအဝတ်အစားမှမရှိပေ။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၄၅ - ယင်ယန် ကျင့်စဉ်

(အပြန်အလှန်ကျင့်ကြံခြင်း သို့မဟုတ်

နှစ်မျှာကျင့်ကြံခြင်း)

လောကကို ယင် နှင့် ယန် ဟူ၍

ပိုင်းခြားထားပြီး အရာခပ်သိမ်းတွင်

တူညီစွာရှိကြသည်။ ယင် ရှိလျှင် ယန်

ရှိ၏။ ယင် နှင့် ယန် သည် မဟာတာအို

အမျိုးအစားဖြစ်သည်။

အစပိုင်းတွင်တော့

သိပ်ပြီးအဆင်မပြေသလို

ဖြစ်တေသော်လည်း

အချိန်ကြာလာတာနဲ့အမှု ပိုပိုပြီး

ကျွမ်းကျင်လာသည်။

ပိုင်ဇိရှန်၏စိတ်ထဲမှာ

နည်းလမ်းများစွာပေါ်လာသည်။

၎င်းတို့ကို

ယင်ယန်နည်းစနစ်များဟုသတ်မှ

တ်ထားသည်။

စုစုပေါင်း ၃၆ မျိုးအထိရှိခဲ့သည်။

အစပိုင်းတွင် ပိုင်ဇီရှန်ဟာ

ဤနည်းလမ်းများကို

ကျွမ်းကျင်ခြင်းမရှိပေ။ သို့သော်လည်း

အချိန်ကြာလာသည်နှင့်အမျှ

အဆိုပါနည်းလမ်းများကို

တစ်ခုပြီးတစ်ခုသုံးလိုက်ပါတော့သည်။

ဒီအချိန်မှာတော့ ပိုင်ဇိုရှန် ဟာ

သူမတူသော

ပျော်ရွှင်မှုမျိုးကို ခံစားလိုက်ရသည်။

စကားလုံးများဖြင့် ဖော်ပြရန်

မဖြစ်နိုင်သော အရာဖြစ်သည်။

၂ နာရီခန့်ကြာသွားသည်။

ယန်ယဲ့သည် ရေချိုးဘောင်ပေါ်တွင်

လှဲနေသည်။ ပိုင်ဇီရှန်က

သူ့ရင်ခွင်ထဲမှာငြိမ်သက်စွာပင်လဲလျော

င်းနေခဲ့သည်။

ရေကန်က အနည်းငယ်

ရှုပ်ပွနေသယောင်ထင်ရသည်။

ပိုင်ဇိရှန်၏မျက်နှာလှလှလေးက အနည်းငယ်နီမြန်းနေလေသည်။

ယန်ယဲ့က သူ့ရင်ခွင်ထဲရှိ ပိုင်ဇိရှန်ကို ငုံ့ကြည့်ရင်း "ကံကြမ္မာက တကယ့်ကို အံ့သြစရာပဲ"ဟူ၍ ပြောလိုက်ပါသည်။

သူ ထာဝရနယ်နိမိတ်ကို စရောက်လာချိန်က ပိုင်ဇိရှန်၏လက်ချက်ဖြင့်အသတ်ခံရလု

နီးပါးပင်ဖြစ်ခဲ့သေးသည်။ သို့သော်လည်း မျက်စိတစ်မှိတ်အတွင်းမှာပဲ သူတို့နှစ်ယောက်ဟာ အချစ်ရဆုံးဇနီးမောင်နှံများပင်ဖြစ်သွားကြလေသည်။

လူအတော်များများဟာ ကျင့်ကြံခြင်းလမ်းစဉ်တစ်လျှောက်လုံး အမျိုးသားနှင့် အမျိုးသမီးကြားက ဆက်ဆံရေးကို များများစားစား

မတွေးခဲ့ကြပေ။ အချိန်ခဏလောက်

ကုန်ဆုံးရုံဖြင့် ၎င်းတို့လိုချင်သောအရာကို

ရရှိနိုင်လေသည်။ ယန်ယွဲ့ ကတော့

ထိုအတိုင်းလုပ်ဆောင်မည်မဟုတ်ပေ။

ပိုင်ဇီရှန် က ယန်ယွဲ့၏ရင်ခွင်ထဲမှာ

လှဲနေရင်း ချစ်စဖွယ်အသံဖြင့်

တိုးတိုးလေးပြောပါသည် "တကယ်တော့

ထာဝရကျေးရွာ မှာနေခဲ့ရတဲ့

နေ့ရက်တွေကို ငါတကယ်လွမ်းတယ်"

ထာဝရကျေးရှာ ။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ အမှန်တော့

သူလည်း

အနည်းငယ်သတိရလွမ်းဆွတ်မိသည်။

ထာဝရကျေးရွာတွင် ရှိနေစဉ်က

မည်သည့်အရာကိုမျှ တွေးတောနေစရာ

မလိုတော့သလို ဖိအားလည်း

မခံစားရပေ။ အရမ်းအေးချမ်းခဲ့သည်။ ထို့အပြင် သူသည် သားသတ်သမား၊ ကလေးမျက်နှာအဘိုးကြီး၊ အန်တီယန်နှင့် ဝမ်အရူးမလေး၏အဖိုးဖြစ်သူတို့ကို လွမ်းဆွတ်နေပါသည်။

ဒီအချိန်မှာ ပိုင်ဇီရှန် က ယန်ယဲ့၏ပေါင်ပေါ်မှာ တက်ထိုင်လိုက်ပြီး ဆွဲဆောင်မှုရှိသောမျက်နှာပေးဖြင့် ပြုံးပြကာ "ငါ့နည်းစနစ်တွေထဲမှာ

ငြင်သာသောပုလွေ" လို့ ခေါ်တဲ့
လှုပ်ရှားမှုတစ်ခု ရှိတယ်။
စမ်းကြည့်ချင်လား"

ယန်ယဲ့က ရုတ်တရက်
အံ့အားသင့်သွားသည်။ ဤအချိန်တွင်
ပိုင်ဇီရှန်က အောက်ကို ရုတ်တရက်
လျှောဆင်းသွားသည်။ ထို့နောက်
သူမ၏ခေါင်းက ရေအောက်ထဲသို့
ငုံ့သွားခဲ့သည်။

ယန်ယဲ့ သည်

တစ်စုံတစ်ခုကိုခံစားလိုက်ရသဖြင့်

သူ့လက်သီးများကို ဖြည်းညှင်းစွာ

ဆုပ်ထားလိုက်ပါသည်။

၂ နာရီခန့်ကြာပြီးနောက် ယန်ယဲ့သည်

မူလစေတီထဲမှ ပြန်ထွက်သွားခဲ့သည်။

မူလစေတီ၏အပြင်ဖက်က်တွင် ။

နန်လီမုန့်နှင့် မနီးမဝေးတွင်

မီးတောက်တစ်ခု ရှိနေသည်။ သူမက

ယန်ယဲ့ကို လှမ်းကြည့်ရင်း

"နင်ကျင့်ကြံနေတာလား"

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး “ဒါအမှန်ပဲ”

အမှန်တော့ သူပြောတာ မမှားပေ။

နှစ်မွှာကျင့်ကြံခြင်းဟာ သူ့အတွက်

အကျိုးအမြတ်များများရရှိခဲ့သည်။

ယင်ယန်တာအိုဂိုဏ်းသည်

ရှေးဦးခေတ်၏

ထိပ်သီးဂိုဏ်းကြီးတစ်ခုပင်မဟုတ်ပါ

လား။

၎င်းမှ ဆင်းသက်လာသည့်

ကျင့်ကြံရေးနည်းစနစ်ဟာ

သာမန်တော့မဖြစ်နိုင်ပေ။

အပြန်အလှန်(နှစ်မျှ)ကျင့်ကြံတာဟာ

အဆင့်တစ်ခုသို့

ချက်ချင်းမတက်လှမ်းနိုင်သည့်တိုင်အော

င်

ခွန်အားအနည်းငယ်တော့တိုးလာခဲ့သည်။

ထို့အပြင် လက်ရှိမှာ

ယန်ယဲ့၏ကျင့်ကြံမှုအဆင့်က

အခြေခိုင်ကာ မူလကမ္ဘာအဆင့်

သို့ပင်တက်လှမ်းခါနီးဖြစ်နေလေသည်။

နန်လီမုန့်က ယန်ယဲ့ကို

လစ်လျူရှုထားလိုက်သည်။

တင်ပျဉ်ခွေထိုင်ကာ သူ့ရှေ့မှ စာလိပ်ကို

အဆက်မပြတ်ဖတ်ရှုနေ၏။

ယန်ယဲ့ က "မင်း ဒီစာကို

ရေးသားခဲ့တာလား"

“ဟုတ်တယ်” နန်လီမုန့်က မော့မကြည့်ဘဲ
တိုးတိုးလေးပြောလိုက်သည်။

ယန်ယွဲ့ က "အဲဒီအထဲမှာ ဘာပါလဲ"

နန်လီမုန့် က ယန်ယွဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
“နတ်ဘုရားရတနာတစ်ပါး”
ဟုပြန်ဖြေသည်။

ယန်ယဲ့က ထပ်မမေးတော့ဘဲ
ပါးစပ်ကိုသာပိတ်ထားလိုက်တော့သည်။

နန်လီမုန့်က တခစ်ခစ် ရယ်မောရင်း
“နောင်မှာ နင်က နတ်ဘုရားရတနာ အခု
၁၀၀ လောက်ပေးရင်တောင်မှ ဝယ်နိုင်မှာ
မဟုတ်ဘူး”

ယန်ယဲ့ က ပခုံးသာတွန့်လိုက်ပြီး

ဘာမှပြန်မပြောပေ။

စကားစ

ပြတ်တောက်သွားသဖြင့်ပတ်ဝန်းကျင်သ

ည် တိတ်ဆိတ်သွားသည်။

အချိန်အတော်ကြာပြီးနောက်တွင်

အထက်ကောင်းကင်ယံ၌

တလက်လက်တောက်ပနေသော

ဓားစွမ်းအင်တစ်စင်း

လင်းလက်သွားသည်။

ဓားစွမ်းအင်သည်

တိမ်တိုက်များကြားသို့ပစ်လွှတ်လိုက်ပြီး

ကောင်းကင်ကို ဆုတ်ဖြဲပစ်လိုက်သည်။

ဓားအူသံ

ရုတ်တရက်မြည်ဟီးလာပြီးနောက်

ယန်ယဲ့နှင့် နန်လီမုန့် တို့လည်း
ခေါင်းမော့ကာကြည့်လိုက်ကြသည်။

နှစ်ယောက်သား
အကြည့်ချင်းဖလှယ်ကြပြီးမှ
ချက်ချင်းမတ်တပ်ထရပ်ကာ
ထိုလမ်းကြောင်းအတိုင်း
အမြန်ပြေးသွားကြသည်။

"ဒါက အဲဒီတိမ်ဖြူဝတ်ဓားသမားပဲ" လမ်းတွင် နန်လီမုန့် က လေးနက်စွာ ပြောလိုက်သည် “ဒီနေရာရဲ့ ကန့်သတ်ချက်တွေကို ချိုးဖျက်လိုက်တဲ့ ဓားသမား”

သူမက ရုတ်တရက်ရပ်လိုက်ပြီး ယန်ယဲ့ကို

စိုက်ကြည့်ရင်း "ငါထင်တာမမှားရင် အဲဒီအင်အားစုတွေရဲ့ ပညာရှင်တွေက ဒီကိုရောက်နေတာသေချာပြီ။ သူတို့ရဲ့ပစ်မှတ်က တိမ်ဖြူဝတ်စားသမားဖြစ်ပေမဲ့ နင့်ကိုတွေ့ရင် သူတို့က ကျိန်းသေတိုက်ခိုက်လိမ့်မယ်။ ဒါဆို..."

ဆိုလိုသည်မှာ ယန်ယဲ့အား ကိုယ့်ကိုယ်ကို ဖုံးကွယ်ထားပါဟု ပြောနေတာ။

ယန်ယဲ့က ခဏလောက်စဉ်းစားပြီးနောက်

အနက်ရောင်ဝတ်ရုံရှည်ကြီးကိုထုတ်ကာ

သူ့ကိုယ်သူ ခြုံထားလိုက်သည်။

လက်ရှိသူ့ခွန်အားက သာမန်

အကန့်အသတ်ချိုးဖျက်နယ်ပယ် ကို

မကြောက်သည့်တိုင် တစ်ဖက်မှာ

အရေအတွက်များလှသည်။

အားလုံးနဲ့တွေ့သွားပါက

အသက်ဘယ်အပေါက်ကထွက်သွားမှန်း
တောင် သိနိုင်မည်မဟုတ်ပေ။

သူ့တွင် ခွန်အားအလုံအလောက်ရှိပါက
နှိမ့်ချနေဖို့မလိုအပ်ပေ၊ သို့ရာတွင်
လုံလောက်သောခွန်အား မရှိရင်တော့
ကိုယ့်ကိုယ်ကိုနှိမ့်ချနေရပါမည်။
လုံလောက်သော ခွန်အားမရှိဘဲ
လူမိုက်တစ်ယောက်သာလျှင်ပေါ်ပေါ်ထင်
ထင်လုပ်ဆောင်ရဲပေသည်။

နန်လီမုန့်က အနည်းငယ် ခေါင်းညိတ်ပြီး "သွားရအောင်"

စကားပြောပြီးသည်နှင့် ရှေ့သို့ တဟုန်ထိုးပြေးထွက်သွားသည်။

နှစ်ယောက်သား အပေါ်ကနေ ပျံသန်းသွားရန်တော့ မရွေးချယ်ကြပေ။ ဤနေရာတွင်ပျံသန်းသွားပါက

ထင်ရှားသောပစ်မှတ်တစ်ခုဖြစ်လာပေမ
ည်။

ထို့နောက်တွင် နှစ်ယောက်သား
အမည်မသိတောအုပ်တစ်ခုကိုဖြတ်၍
ရှုံ့နွံထဲသို့ရောက်ရှိလာကြသည်။

နန်လီမုန့်က နွံအိုင်အစပ်နားတွင်
ရပ်လိုက်သည်။ နွံအိုင်ကို အကြာကြီး
စိုက်ကြည့်ပြီးနောက် ယန်ယဲ့ကို

လှည့်ကြည့်ကာ "ဒီမှာ အန္တရာယ်ရှိလားလို့ မေးကြည့်ပေး"

ယန်ယဲ့ က

အနည်းငယ်အံ့အားသင့်သွားသည်။

"မြန်မြန်လုပ်ပါ" နန်လီမုန့် က “အဲဒီအကောင်ငယ်လေးက အန္တရာယ်ကို အရမ်းသိလွယ်တယ်။ သူမကို မေးကြည့်လိုက်ပါ"

ယန်ယဲ့ က နှင်းပွင့်ကို ခေါ်ပြီး "ဒီမှာ အန္တရာယ်ရှိလား" ဟုမေးလိုက်၏။

နှင်းပွင့်လေးက ငိုက်မျဉ်းနေသော မျက်လုံးများကို ပွတ်သပ်လိုက်ပြီး ယန်ယဲ့၏ရင်ဘတ်ကို မကျေမနပ်ထုရိုက်လိုက်သည်။ သူမ အိပ်ပျော်နေတာကို လာနှိုးသဖြင့် မကျေမနပ်ဖြစ်နေပုံပါ။

ယန်ယဲ့က အတော်လေး

အကူအညီမဲ့သွားသလို ခံစားရသည်။

နန်လီမုန့်က “အသေးလေး၊ ဒီမှာ

အန္တရာယ်ရှိမရှိ သိရအောင်

ငါတို့ကိုကူညီပါ..."

စကားပြောနေရင်းဖြင့် နန်လီမုန့်၏
မျက်နှာက မမြင်နိုင်လောက်အောင်
ဖြစ်သွားသည်။

အကြောင်းမှာ နှင်းပွင့်လေးက
ယန်ယွဲ့၏ရင်ဘတ်ပေါ်တွင်
ဟောက်အိပ်နေပြီဖြစ်သောကြောင့်ပါ။

နန်လီမုန့်က မတတ်သာစွာ ခေါင်းခါပြီး
သက်ပြင်းချရင်း ပြောလိုက်တော့သည်

"သေချာတာက သူက ဝိညာဉ်ဖန်ဆင်းရှင် အတုပဲ။ အတု၊ လုံး၀ အတုပဲ"

ယန်ယဲ့က နှင်းပွင့်၏ တင်ပါးလေးကို ညင်သာစွာ ပွတ်သပ်ပြီး "နှင်းခဲလေး၊ ဒီမှာ အန္တရာယ်ရှိမရှိ သိရအောင် ကူညီပေးပါ"

နှင်းပွင့်လေးက သူမ၏ တင်ပါးကို စောင်းငဲ့

ကြည့်လိုက်ပြီးနောက်

ခေါင်းယမ်းလိုက်သည်။ ထို့နောက်

ယန်ယဲ့၏လည်ပင်းကို ပွေ့ဖက်ကာ

ဆွဲထားရင်း အိပ်ပျော်သွားသည်။

ယန်ယဲ့က အတော်လေး

အကူအညီမဲ့သွားသလိုပင်။

နှင်းပွင့်လေးကို သူ့ပခုံးပေါ်တင်လိုက်ပြီး

နန်လီမုန့်ကို စိုက်ကြည့်ရင်း

"ဘာအန္တရာယ်မှ မရှိပါဘူး။
သွားကြရအောင်"

စကားပြောပြီးသည်နှင့်
ညာခြေကိုတစ်ချက်ဆောင့်ကာ
လေထဲသို့
ခုန်တက်လိုက်ပြီး ရှုံ့နွံတောအလယ်ခေါင်
သို့ ဆင်းလာလေသည်။ နန်လီမုန့်က
ရှေ့ကနေမသွားရဲတော့ဘဲ နောက်ကနေ
ကပ်လိုက်လာသည်။

ရှုံ့နှံ့တောသည်

သူတို့မျှော်လင့်ထားသည်ထက်

များစွာကြီးမားသည်။ အဆုံးကို မတွေ့ခင်

တစ်နာရီနီးပါးကြာအောင်

ဖြတ်သွားလိုက်ရသည်။

ယန်ယဲ့ က

သစ်သားအပိုင်းအစတစ်ခုပေါ်သို့

ဆင်းလာသည်။

နောက်တစ်ကြိမ်ခုန်ကျော်ခါနီးတွင်

သူ့အမူအရာက ရုတ်တရက်

ပြောင်းလဲသွားသည်။ ထိုခဏလေးမှာပဲ

ယန်ယဲ့က

ကောင်းကင်ထက်သို့ခုန်တက်သွားလိုက်

သည်။ ဒီအချိန်မှာ နွံအိုင်ထဲမှ

အနက်ရောင် အရိပ်ကြီးတစ်ခု

ထိုးထွက်လာပြီး ယန်ယဲ့ကို ကိုက်ချရန်

ကြိုးစားလိုက်သည်။

ခဏအကြာတွင် ယန်ယဲ့သည်
အနက်ရောင်အရိပ်ကြီးကို
ရှင်းရှင်းလင်းလင်းမြင်လိုက်ရသည်။

၎င်းက မိကျောင်းတစ်ကောင်နှင့်
တူသလိုရှိသော်လည်း တကယ်တမ်းကျ
အနည်းငယ်ကွဲပြားသည်။
နောက်ကျောတွင် ဦးချိုတစ်စုံ၊
ရှည်လျားသောဆူးတန်းနှင့်

နဂါးတစ်ကောင်နှင့်တူသော

အမြီးရှည်တစ်ချောင်းပါရှိလေသည်။

ယန်ယဲ့၏အမူအရာက

အလွန်ဆိုးရွားလှသည်။ သူက

မျက်နှာတွင်

အပြစ်ကင်းသောအမူအရာပြနေသော

နှင်းပွင့်လေးကိုတစ်ချက်စိုက်ကြည့်လိုက်

သည်။ ထို့နောက်

သူ့ဓားကို လက်နှစ်ဖြင့်ဆုပ်ကိုင်၍

အောက်ဖက်သို့ ခုတ်ချလိုက်သည်။

ဓားပိုင်းချက်အောက်မှာ ကောင်းကင်ကြီး

ထက်ပိုင်းကွဲထွက်သွားသလိုပင်။

ဆူး...

အထက်မှ

သွေးနီရောင်အလင်းတန်းတစ်ခု

ဆင်းသက်လာသည်။

ဘမ်း...

ထူးဆန်းသောနတ်ဆိုးကြီး၏ အောက်ရာက

ချက်ချင်း ကွဲထွက်သွားသည်။

သို့သော်လည်း ယန်ယွဲ့၏ဓားစွမ်းအင်က

၎င်းကို ခြစ်ရာတစ်ခုတောင်မလုပ်နိုင်ပေ။

ဆန့်ကျင်ဖက်အားဖြင့်
မိကျောင်းနတ်ဆိုးက
သူ၏ဓားစွမ်းအင်ကို
ချေဖျက်ပြီးနောက်ယန်ယွဲ့ရှေ့သို့
ရောက်ရှိလာခဲ့သည်။ ယန်ယွဲ့က
အနည်းငယ်မျက်မှောင်ကြုတ်ပြီး
သူ့အမူအရာဟာ
လေးနက်သွားတော့သည်။ ဒီအချိန်မှာ
နှင်းပွင့်လေးက လက်သည်းများကို

ရုတ်တရက်မြှောက်ပြီးလက်ခုပ်တီးလိုက်သည်။ ခဏအကြာမှာပဲ ယန်ယဲ့ဟာ ရင်းနှီးသောပုံရိပ်တစ်ခုကို တွေ့လိုက်ရသည်။

မိုက်မဲသောနွား...

နွားနတ်ဆိုးက သူတို့ရှေ့မှာ ပေါ်လာပြီး လက်သီးနဲ့ ထိုးချလိုက်သည်။

ဘုန်း...

ကောင်းကင်သည် ပြင်းထန်စွာ

တုန်ခါသွားပြီးနောက် နွားနတ်ဆိုးဟာ

နောက်ပြန်လွင့်ထွက်လာခဲ့သည်။

မိကျောင်းနတ်ဆိုးကြီးကတော့

နွံအိုင်ထဲသို့ ပြန်ပြုတ်ကျသွားသည်။

သို့သော်လည်း

ခဏသာကြာသည်၊နွံအိုင်ထဲမှ

ခုန်တက်လာပြီး

နွားနတ်ဆိုးထံပြေးဝင်သွားလေသည်။

ထို့အပြင် ၎င်းထံမှ

ကြောက်မက်ဖွယ်ကောင်းလှသော

ဖိအားလှိုင်းများ ထွက်ပေါ်လာသည်။

ယန်ယွဲ့ သည် ဖိအားကို

ခံစားမိလိုက်သောအခါ

မျက်မှောင်ကြုတ်သွားသည်။

နဂါးဖိအားဖြစ်နေလို့ပါ။

သူက မိကျောင်းနတ်ဆိုး ထံကနေ

နဂါးမျိုးနွယ်၏ဖိအားကို

အမှန်တကယ်ခံစားလိုက်ရသည်။

ဤအချိန်တွင် နန်လီမုန့်က

ရုတ်တရက်အော်ပြောလေသည်

"မူလနဂါးမိကျောင်း၊

အရမ်းအစွမ်းထက်တဲ့ သတ္တဝါ။ ဒါက အရမ်းကြောက်စရာကောင်းတယ်"

ထို့နောက် နှင်းပွင့်ကို စိုက်ကြည့်ပြီး "ဒီမှာ အန္တရာယ်မရှိဘူးလို့ နင်ပြောတာမဟုတ်ဘူးလား"

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး နွားနတ်ဆိုးအား တိုက်ခိုက်နေသော မူလနဂါးမိကျောင်းကို ညွှန်ပြသည်။

ဆိုလိုသည်မှာ နန်လီမုန့်က

ထိုနဂါးမဟုတ်မိကျောင်းမဟုတ်သတ္တဝါ

ကို

အန္တာရယ်လို့သတ်မှတ်နေတာလားဟုမေး

နေတာပါ။

ယန်ယဲ့သည် ပါးစပ်ထောင့်များ

လှုပ်ယမ်းသွားသည်။

အန္တရာယ်မရှိဘူးလား။

သို့သော် ဖြစ်သင့်ပါသည်။

နတ်ဆိုးများအားလုံးက နှင်းပွင့်အတွက်

ဘာခြိမ်းခြောက်မှုမှမရှိပေ။ သို့သော်

နှင်းပွင့်၏တည်ရှိမှုကြောင့် မဟုတ်ဘဲ

သူ၏ဓားနယ်မြေဖြင့်

ဖုံးကွယ်ပေးထားလို့ပါ။

ယန်ယဲ့က သူ့အတွေးများကို

ထိန်းလိုက်ပြီး မူလနဂါးမိကျောင်းကို

စိုက်ကြည့်နေသည်။ "နှင်းပွင့်က အဲဒီကောင်ကြီးကို ငါတို့နဲ့ပူးပေါင်းအောင်လုပ်ပေးနိုင်မလား...."

မူလနဂါးမိကျောင်း က အနည်းဆုံးတော့ အကန့်အသတ်ချိုးဖျက်နယ်ပယ် နတ်ဆိုးတစ်ကောင်ပါ။ စုဆောင်းနိုင်လျှင် သူတို့အတွက် ကြီးမားသော အကူအညီဖြစ်နိုင်ပါသည်။ သို့သော်

သူက အနည်းငယ်တော့ ချီတုံချတုံ ဖြစ်နေ၏။ မူလနဂါးမိကျောင်း ကဲ့သို့ ရှေးခတ်ဦး၏နတ်ဆိုးသားရဲတစ်ကောင်ဟာ အလွန်သန်မာလှသည်။ အများအားဖြင့် လက်အောက်ခံလိုစိတ်မရှိကြပါ။ နွားနတ်ဆိုး နှင့် မူလနဂါးတို့ကတော့ သက်တမ်းငယ်သေးသောကြောင့်သာလက်အောက်ခံခဲ့ကြသည်။ ထို့အပြင်

နှင်းပွင့်လေးကိုကြောက်ရွံ့ကြသည်၊သို့မဟုတ်

မျက်နှာသာပေးချင်သည်ဟု

ဆိုရပေမည်။

သို့သော် မူလနဂါးမိကျောင်း ကတော့

သက်တမ်းမနည်းလှပေ။

၎င်း၏မျက်လုံးများကနေ

ရက်စက်ကြမ်းကြုတ်မှုနှင့်

သတ်ဖြတ်လိုစိတ်များပင်မြင်နေရလေသ

ည်။

ဤအတောအတွင်း နွားနတ်ဆိုးက

မူလနဂါးမိကျောင်း ကို

မယှဉ်နိုင်တော့သည့်အလား

ဆက်တိုက်နောက်ပြန်ဆုတ်နေခဲ့သည်။

နှင်းပွင့်လေးက သတိပြုမိသောအခါ

မျက်တောင်ခတ်ပြီး ပုဆိန်တစ်လက်ကို

ထုတ်ယူလိုက်သည်။ ထို့နောက်
တိုက်ခိုက်ရန်ပြင်လိုက်၏။
သို့သော်လည်း တစ်ခုခုကို တွေးနေပုံရပြီး
ယန်ယဲ့အား စိုက်ကြည့်နေသည်။

ယန်ယဲ့က ပြုံးပြီး
တိုက်ခိုက်ရန်ပြင်လိုက်သည်။ ဒီအချိန်မှာ
ဝမ်အရှူးမလေးက သူ့နံဘေးမှာ
ပေါ်လာပြီး တားလိုက်သည်။

ထို့နောက် နွားနတ်ဆိုးကို စိုက်ကြည့်ကာ

“မလုပ်နဲ့။ တိုးတက်တော့မယ်။

မဟုတ်ဘူး၊ အဆင့်တက်နေပြီ"

ဝမ်းဘဲ..

ဤအချိန်မှာပဲ နွားနတ်ဆိုးက

ဒေါသတကြီး အော်ဟစ်လိုက်သည်။

၎င်း၏ခန္ဓာကိုယ်ကလည်း နဂိုထက်

အဆပေါင်းများစွာ ကြီးမားလာခဲ့သည်။

ယခုအချိန်တွင်နွားနတ်ဆိုးက

မူလနဂါးမိကျောင်းထက်ပင်အရွယ်အ

စားကြီးမားနေလေသည်။

တစ်ချိန်တည်းမှာပင် နွားနတ်ဆိုးထံမှ

ပြင်းထန်သော အော်ရာတစ်ခု

ပျံ့လွင့်လာပြီး ၎င်းရှေ့က အာကာသဟာ

တုန်ခါသွားသည် ။

ယန်ယဲ့ သည် ရုတ်တရက်ကြီး

အံ့အားသင့်သွားသည်။

လောကသခင်အဆင့် လား။

ဒီနွားမိုက်က တကယ်ပဲ

လောကသခင်ဖြစ်သွားပြီလား။

ဤအချိန်တွင် နွားနတ်ဆိုးက

နှင်းပွင့်လေးကို

ရုတ်တရက်စိုက်ကြည့်ကာ

သူ့လက်ကိုဆန့်လိုက်သည်။

နှင်းပွင့်လေးက နားလည်ပုံဖြင့်

မျက်တောင်ခတ်လိုက်ပြီးနောက်

သူမ၏ပုဆိန်ကို

ချက်ချင်းပစ်ပေးလိုက်လေသည်။

ပုဆိန်က နွားနတ်ဆိုး၏လက်ထဲသို့

ရောက်သွားသည်နှင့် တပြိုင်နက်

အဆများစွာ ပိုကြီးလာသည်။

ယန်ယဲ့နှင့် နန်လီမုန့်

တို့နှစ်ယောက်၏မျက်နှာအမူအရာများ

ပြောင်းလဲသွားသည်။

နွားနတ်ဆိုးက

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကို

လွှဲယမ်းလိုက်စဉ် ကမ္ဘာကြီးဟာ

ပွင့်ထွက်သွားသည်ဟုပင်

ခံစားလိုက်ကြရသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၄၆ -

ဝမ်အရှူးမလေး၏သဘာဝစွမ်းရည်

ဤအချိန်တွင်

နွားနတ်ဆိုး၏ခန္ဓာကိုယ်ကြီးဟာ မီတာ

၃၀၀ နီးပါး မြင့်လာသည်။ လက်ထဲမှာ

ဆုပ်ကိုင်ထားသော
ဧရာမပုဆိန်ကြီးတစ်လက်နှင့်တွဲလျက်
တောင်ကုန်းကြီးတစ်ခုလိုပင်ထင်ရ
လေသည်။

ပုဆိန်ကြီးက သာမန်မဟုတ်ပေ၊
မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ဖြစ်သည်။

နွားနတ်ဆိုးဟာ လောကသခင်အဆင့်သို့
ရောက်ရှိသွားလေရာ ၎င်း၏အော်ရာက

ကြောက်မက်ဖွယ်ကောင်းလောက်အောင်

ပြင်းထန်သည်။

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်

ကိုဆုပ်ကိုင်လိုက်ပြီးနောက်မှာ

သူ့အော်ရာက

ပိုလို့တောင်ကြောက်စရာကောင်းသွား

လေတော့သည်။

မူလနဂါးမိကျောင်း၏အကြည့်များဟာ

မကြုံစဖူး လေးနက်နေပါသည်။

ဒီအချိန်မှာ ၎င်းက
ခြိမ်းခြောက်ခံနေသလိုပင်။

နွားနတ်ဆိုးက
မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ကို
ရုတ်တရက်ဆိုသလို
မြှောက်ပြီးခုတ်ချလိုက်လေသည်။

ကောင်းကင်တွင် အလွန်ရှည်လျားသော

ရောမအက်ကြောင်းကြီးတစ်ခု

ပေါ်လာသည်။

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် က

အာကာသကိုတိုက်ရိုက်ဆုတ်ဖြဲပစ်လိုက်

သည်။

အာကာသအက်ကြောင်းဟာ

ကောင်းကင်ယံ၌

တုန်လှုပ်ချောက်ချားဖွယ်ရာ
အပေါက်တစ်ခုလို ထင်ရသည်။

မူလနဂါးမိကျောင်း၏
မျက်လုံးကြီးများဟာ
ပိုလို့တောင်လေးနက်လာပါသည်။

၎င်းက အစောပိုင်းမှာလို ပေါ့ပေါ့ဆဆ
ပြုမူဝံ့ခြင်းမရှိတော့ပေ။

မူလနဂါးမိကျောင်း၏

ရောမခန္ဓာကိုယ်ကြီးက

လေထဲမှာပင် လျင်မြန်စွာ

လှည့်ပတ်သွားသည်။

၎င်း၏ရှည်လျားသော နဂါးအမြီးကြီးက

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်

ကိုတန်ပြန်ရိုက်ချလိုက်သည်။

အထက်ကောင်းကင်တစ်ခုလုံး

တုန်ခါသွားသည်။

မူလနဂါးမိကျောင်း က စစ်မှန်သော

အကန့်အသတ်ချိုးဖျက်နယ်ပယ်

နတ်ဆိုးပါ။

ယန်ယွဲ့နှင့် နန်လီမုန့် တို့ဟာ

နဂါးအမျိုးနှင့်မူလဖန်ဆင်းခြင်းရှေးဦးပု

ဆိန် တိုက်ခိုက်နေသည်ကို

ကြည့်နေခဲ့သည်။

အုန်း...

မူလနဂါးမိကျောင်း ဟာ နံ့အိုင်ထဲသို့

တစ်ဖန်ပြုတ်ကျသွားလေသည်။

အဆုံးတွင် ၎င်းသည်

နံ့အိုင်အနက်ပိုင်းထဲသို့

ပြုတ်ကျသွားသဖြင့်

အောက်ဖက်ရှိနံ့တောဟာ
ရုတ်တရက်မြင့်တက်လာသည်။

ဤအချိန်တွင် ယန်ယဲ့နှင့် နန်လီမုန့်
ဟာအကြည့်ချင်းဖလှယ်လိုက်သည်။
သူတို့၏မျက်လုံးများတွင် လေးနက်
သိမ်မွေ့သောအရိပ်အယောင်များ
ရှိနေသည်။

နွားနတ်ဆိုး၏ခွန်အားက အနည်းငယ်
ကြောက်စရာကောင်းသည်မဟုတ်ပါလား
။

၎င်း၏ မွေးရာပါရုပ်ခန္ဓာအပြင်
မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်
ပါပေါင်းထားလိုက်သဖြင့်
လုံးဝကိုကြောက်စရာပါ။

မူလနဂါးမိကျောင်း  နှင့် ပတ်သက်၍

နွားနတ်ဆိုးဟာ

အဆင့်တက်သွားသည့်တိုင် လုံးဝ

မယှဉ်နိုင်ပါ။

သွေးမျိုးဆက်ကွာခြားချက်ကြောင့်ပင်။

သွေးမျိုးဆက် က အရာရာကို

မဆုံးဖြတ်နိုင်သော်လည်း

အလွန်အရေးကြီးပါသည်။

ယခုတိုက်ပွဲက သက်သေပင်။

နွားနတ်ဆိုးဟာ

နတ်ဘုရားအဆင့်ရတနာတစ်ပါး

ကိုင်ဆောင်ထားသော်လည်း

မူလနဂါးမိကျောင်းကိုအနိုင်မယူနိုင်ခဲ့ပေ

။

ဤအချိန်တွင် နွားနတ်ဆိုးက

မူလပုံစံနွားငယ်လေးအဖြစ်

ပြန်ပြောင်းထားခဲ့သည်။

ထို့နောက် နှင်းပွင့်လေး ဆီကို လျှောက်သွားပြီး ပုဆိန်ကို ပြန်ပေးလိုက်ပါသည်။

နှင်းပွင့်လေးက ပုဆိန်ကိုယူကာ အနည်းငယ်ပြုံးပြလိုက်သည်။ ထို့နောက် နွားနတ်ဆိုး၏ပခုံးကို လက်ဖြင့် ပုတ်လိုက်သည်။ ၎င်းက နွားနတ်ဆိုးကို ချီးမွမ်းခြင်းဟု ယူဆနိုင်သည်။

ဤအချိန်တွင် ဝမ်အရှုးမလေးက
သူမ၏အရိုးချောင်းကို
နမ်းနေဆဲဖြစ်သည်။ ထို့နောက်
နှင်းပွင့်လေးကို ပစ်ပေးလိုက်လေသည်။

ယန်ယဲ့ က သူ့အကြည့်ကို
နှာနတ်ဆိုးထံမှဖယ်လိုက်ပြီး
အောက်သို့ငုံ့ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင် နှံ့အိုင်က

ပုံမှန်အခြေအနေသို့

ပြန်ဖြစ်သွားပုံရသည်။

မူလနဂါးမိကျောင်းဟာ

နောက်ထပ်လှုပ်ရှားမှု မပြတော့ပါ။

ယန်ယဲ့ သည် သူ့အောက်ရှိ နှံ့အိုင်ကို

ငေးကြည့်ရင်း အတွေးထဲတွင်

ပျောက်ကွယ်သွားပုံရသည်။

ဤအချိန်တွင် နှင်းပွင့်လေးက

ပါးစပ်သေးသေးလေးကို ဟကာ

ရှူသွင်းလိုက်သည်။ ထိုအခါ နှံ့အိုင်ထဲမှ

ဝိညာဉ်စွမ်းအင်များ တဟုန်ထိုး

တက်လာပြီး နှင်းပွင့်လေး

ထံသို့စီးဝင်လာပါတော့သည်။

နန်လီမုန့်က ဤမြင်ကွင်းအား

မြင်သောအခါ မျက်လုံးထဲမှာ

ကြောက်ရွံ့နေသောအမူအရာများ
ပေါ်လာလေသည်။

နှင်းပွင့်လေးက နွံ့အိုင်တစ်ခုလုံး၏
ဝိညာဉ်စွမ်းအင်ကို
ထုတ်ယူနေသည်မဟုတ်ပါလား။
ထို့အပြင်
ရေသောက်နေသလိုမျိုးအလွယ်တကူစုပ်
ယူနေတာပါ။

ဘုန်း…

အောက်ဖက်ရှိ နှံ့အိုင်ထဲမှ
ကျယ်လောင်သောပေါက်ကွဲသံကြီး
ထွက်ပေါ်လာသည်။

၎င်းက
မူလနဂါးမိကျောင်း၏ဒေါသတကြီးအော်
သံဖြစ်သည်။

မူလနဂါးမိကျောင်း က

နွံအိုင်အပေါ်သို့တက်လာသည်။

ထို့နောက်

သတ်ဖြတ်ချင်စိတ်အပြည့်ရှိနေသောမျ

က်လုံးကြီးများဖြင့်

ယန်ယွဲ့တို့အုပ်စုကို စိုက်ကြည့်နေသည်။

အမှန်တော့ နွံအိုင်တစ်ပိုက်ရှိ

ဝိညာဉ်စွမ်းအင်ကို ထုတ်ယူလိုက်တာဟာ

မူလနဂါးမိကျောင်းအား

အသေသတ်လိုက်သလိုပင်။

ဤအချိန်တွင် နှင်းပွင့်လေးက

ပုဆိန်ကိုထုတ်ကာ

နွားနတ်ဆိုးထံပစ်ပေးလိုက်သည်။

မူလနဂါးမိကျောင်း၏

ရက်စက်ကြမ်းတမ်းသောအကြည့်ဟာ

နှင်းပွင့်လေးကိုစိုက်ကြည့်နေလေသည်။

ဤအချိန်တွင် ယန်ယဲ့က

ဓားနယ်မြေ၏ဖုံးကွယ်ခြင်းစွမ်းရည်ကို

ဖယ်ရှားလိုက်သဖြင့်

နှင်းပွင့်လေးအားမြင်နိုင်လေသည်။

မူလနဂါးမိကျောင်းဟာ

နှင်းပွင့်၏ပုံစံကြောင့်

ထိတ်လန့်သွားပုံရသည်။ ထို့နောက်တွင်

၎င်း၏မျက်လုံးထဲမှ မယုံကြည်နိုင်မှု

ပေါ်လာသည်

“ဝိညာဉ်ဖန်ဆင်း.....မဖြစ်နိုင်ပါဘူး...”

ယန်ယဲ့က မူလနဂါးမိကျောင်းကို

တစ်ချက်ကြည့်လိုက်သည်။

သေချာသည်မှာ ၎င်းက

နှင်းပွင့် ကို သတိပြုမိသွားပုံရသည်။

ယန်ယဲ့ က ခေါင်းယမ်းကာ

နှင်းပွင့်လေးကိုပွေ့ချီပြီးထွက်သွားသည်။

မူလနဂါးမိကျောင်း က ထိတ်လန့်သွားပြီး

သူတို့နောက်ကို လိုက်ပါရန်ပြင်သည်။

သို့သော် နွားနတ်ဆိုးက

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်

ကိုကိုင်ထားလျက် မူလနဂါးမိကျောင်း

ရှေ့မှာ ပိတ်ရပ်နေသည်။

နွားနတ်ဆိုးက တည်ငြိမ်နေသော်လည်း

၎င်းထံမှ

ကြောက်မက်ဖွယ်ရာအငွေ့အသက်များ
ထွက်ပေါ်နေခဲ့သည်။

ဤအချိန်တွင် ဝမ်အရှူးမလေးက
နွားနတ်ဆိုး ဆီသို့ လျှောက်သွားပြီး
လက်ကို ဆန့်လိုက်သည်။ နွားနတ်ဆိုးက
သူ့ပုဆိန်ကို လွှဲပေးလိုက်သည်။
ဝမ်အရှူးမလေးကခေါင်းတညိတ်ညိတ်နှ
င့် "ပုဆိန်ကောင်းတစ်လက်ပဲ"
ဟုပြောပါသည်။

နွားနတ်ဆိုးက ဘာပြောရမှန်းမသိပုံပါ။ ကြောင်တောင်တောင်နိုင်သော အကြည့်ဖြင့်သာ ဝမ်အရှူးမလေးကို ကြည့်နေလေသည်။

ဝမ်အရှူးမလေးက သူမ၏အရိုးချောင်းကိုတစ်ချက်နမ်းလိုက်ပြီး မူလနဂါးမိကျောင်းအား စိုက်ကြည့်ရင်း “အရှူးယန်… အိုး၊

ငါဆိုလိုတာက အစ်ကိုကြီးယန် က
ပြောတာ နင်သာ သူနဲ့အတူ
လိုက်ချင်တယ်ဆိုလို့ရှိရင်
ဒီစစ်မြေပြင်ကနေ ခေါ်ထုတ်လိုက်မယ်။
ပြီးတော့ နင့်ကို မြောက်ပိုင်းဓားဂိုဏ်းရဲ့
အနောက်ဖက်တောင်တန်းတွေမှာ
အပိုင်စားပေးထားလိမ့်မယ်။ အဲဒါက
တော်တော်ကြီးမားမဲ့တောင်တန်းကြီးတစ်
ခုပဲ"

မူလနဂါးမိကျောင်းက

ယန်ယဲ့ပျောက်ကွယ်သွားသည့်လမ်း

ကြောင်းကို တစ်ချက်ကြည့်လိုက်ပြီး

အထင်အမြင်သေးစွာဖြင့် “သူ့နောက်ကို

လိုက်ရမလား။

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

မှာပဲရှိသေးတဲ့ပုရွက်ဆိတ်တစ်ကောင်

လား။ သူနဲ့မထိုက်တန်ဘူး”

ဝမ်အရှူးမလေးက

အရိုးချောင်းကိုနမ်းနေရာကနေ

မူလနဂါးမိကျောင်းကို ကြည့်လိုက်သည်။

ထို့နောက် ပုဆိန်ဖြင့် ထိုးချိန်လိုက်ပြီး

“အရှူးကြီး၊ နှင်းပွင့်လေးသာ အဲဒါကို

ကြားရင် နင်သေသွားပြီ။ နင်က

လုံးဝသေသွားပြီ"

သူမက နွားနတ်ဆိုးကို စိုက်ကြည့်ကာ
"နွားမိုက်၊ ငါမလိမ်ပါဘူး
...ဟုတ်တယ်မလား " ဟုမေးလေသည်။

နွားနတ်ဆိုးက ကမန်းကတန်း
ခေါင်းညိတ်လိုက်သည်။

သူက ဝမ်အရူးမလေးကို
မျက်နှာသာပေးလိုသောကြောင့်မဟုတ်
ပေ။ ယန်ယဲ့အား

စော်ကားရန် အမှန်တကယ်

မတတ်နိုင်သောကြောင့်ပါ။

ဝမ်အရှူးမလေး နှင့် နှင်းပွင့်လေးတို့ဟာ

ထင်ရာစိုင်းတတ်သောကလေးနှစ်ယော

က်ပင်။ သို့သော် နှစ်ယောက်စလုံးက

ယန်ယဲ့ကိုတော့နာခံကြသည်။

မူလနဂါးမိကျောင်းက "ငါက သူ့ကိုပုရွက်ဆိတ်လိုမျိုး နှိပ်စက်နိုင်တယ်"

ဝမ်အရှုးမလေး က ခေါင်းခါလိုက်ပြီး "သွားကြရအောင်။ ဒီအကောင်က လူမိုက်ပဲ”

နွားနတ်ဆိုးကလည်း မူလနဂါးမိကျောင်းကို

တစ်ချက်ကြည့်လိုက်ပြီး

ခေါင်းညိတ်ပြသည်။

မူလစေတီထဲရှိ ဝိညာဉ်စွမ်းအင်ဟူ

ဤနေရာထက်

များစွာသာလွန်သည်မဟုတ်ပါလား။

“ခဏစောင့်...” မူလနဂါးမိကျောင်း က

ရုတ်တရက်မေးလိုက်သည် "အဲဒါက

ဝိညာဉ်ဖန်ဆင်းရှင် မဟုတ်လား"

နွားနတ်ဆိုး နှင့် ဝမ်အရှူးမလေး တို့က

မူလနဂါးမိကျောင်း ကို

ပြန်မဖြေသည့်အပြင်

တစ်ချက်တောင်လှည့်မကြည့်ခဲ့ပေ။

လစ်လျူရှုထားလိုက်ကြသည်။

မူလနဂါးမိကျောင်းက

ဒေါသတကြီးဖြစ်သွားလေသည်။

၎င်းထံမှ ပြင်းထန်သော ဖိအားလှိုင်းများ
ထွက်လာသည်။

ဤအချိန်တွင် ဝမ်အရှုးမလေး က
ရုတ်တရက် ရပ်တန့်သွားသည်။
သူမ၏အရိုးချောင်းကို
ပါးစပ်ထဲထည့်ကာ
မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကို
မြှောက်ပြီး မူလနဂါးမိကျောင်းအား
ပစ်ပေါက်လိုက်သည်။

ဆူး…

ပုဆိန်က လေထုကို ထိုးခွဲသွားသည်။

မူလနဂါးမိကျောင်း၏အမူအရာက သိသိသာသာပြောင်းလဲသွားသည်။ ၎င်း၏ရှည်လျားသောအမြီးကို ယမ်းကာ မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကို ရိုက်ထုတ်လိုက်သည်။

အုန်း...

ကျယ်လောင်သော
ပေါက်ကွဲသံထွက်ပေါ်လာပြီး
မူလနဂါးမိကျောင်းဟာ
၃ ကီလိုမီတာအကွာသို့
လွင့်ထွက်သွားသည်။
၎င်း၏နဂါးအမြီးပေါ်ရှိ
အကြေးခွံများလည်း အက်ကွဲသွားသည်။

ထို့အပြင် ပုဆိန်က

နဂါးအမြီးကိုစိုက်ဝင်နေသေးသည်။

မူလနဂါးမိကျောင်း က ဝမ်အရှူးမလေးကို

အံ့အားသင့်စွာဖြင့် စိုက်ကြည့်ရင်း

“မင်း...”

ဝမ်အရှူးမလေး က အရိုးချောင်းကို

တစ်ချက်နမ်းလိုက်ပြီး "ပုဆိန်ကို ငါ့ဆီ

ပြန်ပေးစမ်း" ဟုပြောလိုက်သည်။

ထိုစကားကိုကြားသောအခါ

မူလနဂါးမိကျောင်းက

ဒေါသတကြီးဖြစ်ကာ မျက်လုံးထဲကနေ

သတ်ဖြတ်လိုသောအရိပ်အယောင်များ

တောက်ပလာသည်။

ဝမ်အရှူးမလေးက

သူမ၏အရိုးချောင်းကိုသာ ထပ်

နမ်းလိုက်ပြီး "နင့်လို နိမ့်ကျတဲ့

နတ်ဆိုးတစ်ကောင်က ဘာလို့

ဒီလောက်မောက်မာနေရတာလဲ"

"မင်းဘယ်လိုတောင်စော်ကားရဲတာလဲ"

မူလနဂါးမိကျောင်း က ဒေါသတကြီး

အော်ဟစ်ကာ

ဝမ်အရှူးမလေးကိုတိုက်ခိုက်လိုက်သည်။

သူ့ထံမှ ထွက်ပေါ်လာသည့်ဖိအားဟာ

ရောမ တောင်ကြီးတစ်လုံးကဲ့သို့ပင်။

ဤအချိန်တွင်

နွားနတ်ဆိုး၏အမူအရာက

ပြောင်းသွားကာ လက်သီးကို

တင်းတင်းဆုပ်ထားလိုက်သည်။

ဝမ်အရှုးမလေးက နွားနတ်ဆိုးကို

ရုတ်တရက်နောက်ပြန်ဆွဲခေါ်လိုက်သည်။

ထို့နောက် သူမ၏မျက်နှာပေါ်တွင်

ထူးဆန်းသော အပြုံးတစ်ခု ပေါ်လာပြီး

ပါးစပ်ကိုဟကာ ရှုသွင်းလိုက်သည်။

ထိုသို့လုပ်လိုက်သည်နှင့် အချိန်ဟာ

အေးခဲသွားသလိုပင်။

ဝမ်အရှူးမလေးဆီသို့

ပြေးဝင်လာနေသည့်

မူလနဂါးမိကျောင်းဟာ

တဖြည်းဖြည်းကျုံ့ကာ

အရွယ်အစားသေးငယ်သွားသည်။

ထို့အပြင် ၎င်း၏မျက်လုံးထဲမှာ
စိတ်ပျက်အားငယ်ဟန်များ
ပေါ်လာပါတော့သည်။

အမှန်တော့ မူလနဂါးမိကျောင်း
ကဲ့သို့အဆင့်မှာရှိနေသော
နတ်ဆိုးတစ်ကောင်ဟာ ဘိုးဘေးအဆင့်
သွေးမျိုးဆက်ကလွဲ၍
မူလနဂါးမျိုးနွယ်ပင် ၎င်းကို
မဖိနှိပ်နိုင်ပေ။ အများဆုံးမှ

ဟန့်တားထားနိုင်ရုံသာတတ်နိုင်ပေမည်။

သို့သော်လည်း လက်ရှိမှာတော့

လုံးလုံးလျားလျားကို

ဖိနှိပ်ခံထားရလေသည်။

မူလနဂါးမိကျောင်း၏ အရွယ်အစားဟာ

သေးငယ်နေဆဲပင်။ ဝမ်အရှူးမလေး

ရှေ့သို့ မရောက်ခင်မှာပဲ

အရိုးချောင်းအရှယ်လောက်ဖြစ်သွားလေ
သည်။

ဝမ်အရှူးမလေး က ပါးစပ်ကိုဟ၍
စုပ်ယူလိုက်သည်။

သူမ၏ဝမ်းဗိုက်လေးက အနည်းငယ်
ဖောင်းလာပုံရသည်။ သို့သော်လည်း
ခဏအကြာတွင်တော့
ပုံမှန်ပြန်ဖြစ်သွား၏။

ဤအတောအတွင်း နွားနတ်ဆိုးက
အံ့အားသင့်ရှုံသာမကဘဲ
တုန်လှုပ်နေခဲ့သည်။

စားလိုက်တယ်။

ဝမ်အရှုးမလေးက မူလနဂါးမိကျောင်းကို
အရှင်လတ်လတ်မျိုချလိုက်တာပါ။

နွားနတ်ဆိုးက

တော်တော်စိတ်လှုပ်ရှားသွားသည်။

ဤအချိန်တွင် ဝမ်အရှူးမလေးက

သူ့အနားကိုလျှောက်လာပြီး

ပုဆိန်ကိုပြန်ပေးလိုက်သည်။

နွားနတ်ဆိုးက အနည်းငယ်တုန်ရီနေသော

လက်များဖြင့် ပုဆိန်ကို ယူလိုက်သည်။

ဝမ်အရှူးမလေးက နွားနတ်ဆိုး၏ ပခုံးကို လက်ဖြင့်ပုတ်ကာ "သွားရအောင်"

စကားပြောပြီးနောက် အဝေးသို့ ပြေးထွက်သွားခဲ့သည်။

နွားနတ်ဆိုးက သူ့မျက်နှာပေါ်ရှိ ချွေးများကို သုတ်လိုက်ပြီး နောက်ကနေ ကမန်းကတန်း လိုက်လာသည်။

၂ နာရီခန့်အကြာတွင် ယန်ယွဲ့တို့အုပ်စုဟာ

နွံအိုင်ထဲမှ ထွက်လာကြသည်။

သူ့လက်ထဲမှာ

အဖြူရောင်ပုလဲလုံးတစ်လုံးရှိနေသည်။

၎င်းက မူလနဂါးမိကျောင်း၏

သားရဲအမြုတေပါ။ ဝမ်အရှူးမလေး က

သူ့အတွက်

အသုံးဝင်သည်ဟုပြောပြီးလက်ဆောင်

ပေးလိုက်တာဖြစ်သည်။

မူလနဂါးမိကျောင်းက သေသွားပြီ။

သို့သော် ယန်ယဲ့က

ဘယ်လိုသေသွားမှန်းတော့ မမေးပေ။

အကြောင်းကတော့ ဝမ်အရှူးမလေးက

မဖြေချင်သောကြောင့်ပါ။

ယန်ယဲ့က ထပ်ပြီးမေးမနေတော့ပေ။

သူသည် အကူအညီလိုချင်သော်လည်း
မူလနဂါးမိကျောင်းက
ရက်စက်ကြမ်းတမ်းလှသည်။ သူ့အတွက်
ထိုကဲ့သို့နတ်ဆိုးများမလိုအပ်သလို
နှင်းပွင့်လေး၏အနားမှာလည်း
ရှိမနေစေချင်ပါ။

အမှန်တော့ မူလနဂါးမိကျောင်းက
နွံအိုင်ထဲမှာပင်
သာသာယာယာနေထိုင်နိုင်၏။

ကံမကောင်းစွာဖြင့် ၎င်းက

အသက်ရှင်ရတာငြီးငွေ့နေသည့်အလား

ဝမ်အရှူးမလေးကို စိန်ခေါ်လိုက်ပုံရသည်။

ဤအချိန်တွင် နန်လီမုန့်က

ရုတ်တရက် ရပ်တန့်သွားသည်။

ယန်ယွဲ့လည်း

အတွေးထဲကိုနစ်မြောနေရာကနေ

သတိပြန်ဝင်လာသည်။

တစ်ချိန်တည်းမှာပဲ

နှစ်ယောက်စလုံး၏အမူအရာများက

ပြောင်းလဲသွားကာ

ပြိုင်တူနောက်ပြန်ဆုတ်လာကြသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၄၇ -

ဒဏ္ဍာရီလာအင်မော်တယ်ဂိုဏ်း

သူတို့ရှေ့တွင်

အလောင်းတစ်လောင်းလဲကျနေခဲ့သည်။

၎င်းက လူသေအလောင်းတစ်လောင်းပါ။

အသက်သုံးဆယ်ဝန်းကျင်ရှိပုံရ၏။

အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး

ရင်ဘတ်မှာ

လှံတစ်ချောင်းစိုက်ဝင်လျက်သေဆုံးနေသည်။

သို့သော် သူတို့ကြည့်နေစဉ်မှာပဲ အလောင်းက ရုတ်တရက်ခေါင်းထောင်လာသည်။ ယန်ယွဲ့ နှင့် နန်လီမုန့်တို့နှစ်ယောက်လည်း ကမန်းကတန်းနောက်ပြန်ဆုတ်ကြသည်။

အလောင်းက ရုတ်တရက်
မျက်လုံးပွင့်လာပြီး “အဲဒီအဘိုးကြီးကို
တွေ့လိုက်လား” ဟုမေးသည်။

ယန်ယဲ့ က "အဘိုးကြီးလား"

ထိုလူက “နောက်ကျောမှာ ဝါးသေတ္တာနဲ့
အဘိုးကြီး” ဟုပြောလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်ပြီး

"ငါတွေ့ခဲ့ပါတယ်"

ထိုလူက “ငါလည်း တွေ့လိုက်တယ်"

ဟုပြန်ပြောသည်။

ယန်ယဲ့က ထိုလူကို

တစ်ချက်ကြည့်လိုက်ပြီး

"တိုက်ဆိုင်လိုက်တာပဲလား"

ထိုလူက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

“ထားလိုက်ပါ။ ဒါ

မင်းရှိသင့်တဲ့နေရာမဟုတ်ဘူး"

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး

"ဒီနေရာက အရမ်းအန္တရာယ်များလား"

ထိုလူက ခေါင်းညိတ်ပြီး “မင်းအတွက်

အန္တရာယ်ရှိတယ်”

ယန်ယဲ့၏မျက်နှာက ရှုံ့မဲ့သွားသည်။

ဤအချိန်တွင် ထိုလူက “အပြင်လောက ဘယ်လိုနေလဲ” ဟု ရုတ်တရက် မေးသည်။

ယန်ယဲ့ က "မင်းဘယ်အကြောင်းပြောနေတာလဲ"

ထိုလူက "ထာဝရစကြာဝဠာ"

နှစ်ယောက်သား အကြည့်ချင်း

ဖလှယ်လိုက်သည်။ အဆုံးမှာတော့

ယန်ယဲ့က

ခေါင်းခါပြရင်း “ငါ မသိဘူး။

လူအများစုက အဲဒီနေရာကို

မရောက်နိုင်ကြဘူး”

ထိုလူက မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။

အချိန်အတော်ကြာမှ မျက်လုံးပြန်ဖွင့်ကာ

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး

“ဒီစစ်မြေပြင်ဟာ အရမ်းကြီးမားသလို

အများကြီးသေဆုံးခဲ့ကြတယ်။

လူသားတွေတင်မကဘူး၊

တခြားသက်ရှိသတ္တဝါတွေပါသေဆုံးခဲ့တ

ယ်။ငါ့လိုပဲ၊ သေဆုံးသွားပြီးတဲ့နောက်မှာ

အခုထိပျောက်ကွယ်မသွားသေးတဲ့

တည်ရှိမှုတွေအများကြီးရှိနေတယ်။

မကျေမနပ်ဖြစ်နေလို့

ကျန်ရှိနေသေးတာပဲ။ ဒါ့အပြင်

ခတို့ကညလုံးလုံးအသက်ရှင်နေကြသေး

တယ်။

ဒီအသက်ရှင်ကျန်ရစ်သူတွေက

အရင်တုန်းက အရမ်းအားနည်းခဲ့ပေမဲ့

အခုချိန်မှာတော့ ဘယ်သူမှ
မပျော့ညံ့ကြဘူး”

နန်လီမုန့်က ရုတ်တရက်မေးလိုက်သည်
"သူတို့ဘာလို့ အပြင်မထွက်လာတာလဲ"

"အပြင်ထွက်မလား" ထိုလူက
ခေါင်းယမ်းကာ “ဒီနေရာလောက်
ပြင်ပကမ္ဘာက မလုံခြုံဘူး”

သူ့အနောက်ကို ညွှန်ပြပြီး “ဟိုမှာ

တောအုပ်တစ်ခုရှိတယ်။

အစွမ်းထက်တဲ့အရာတစ်ခုပြုတ်ကျသွား

လို့ မင်းတို့တွေ ကံစမ်းကြည့်နိုင်တယ်။

ဒါပေမဲ့

တောအုပ်ကိုတော့ကျော်တက်မသွားနဲ့။

မင်းရဲ့ခွန်အားက အဲဒီကိုသွားဖို့

မလုံလောက်ဘူး"

ထိုလူက ပြောပြီးသည်နှင့်
မျက်လုံးမှိတ်ထားလိုက်သည်။

ဤအတောအတွင်း နန်လီမုန့်က
ရုတ်တရက်ပြောခဲ့သည် "
မူလခေတ်တုန်းက ဖြစ်ပျက်ခဲ့တာတွေကို
ပြောပြနိုင်မလား။ ဥပမာ၊
အဲဒီတိုက်ပွဲအကြောင်း
အချက်အလက်တွေသိခွင့်ရှိမလား”

ထိုလူက နန်လီမုန့်ကို လှမ်းကြည့်ကာ "အစီပွါယ်မရှိတာပဲ မဟုတ်လား"

နန်လီမုန့်က ပြုံးပြီး “ငါက အရမ်းသိချင်နေတယ်”

ထိုလူက ခဏတိတ်ဆိတ်သွားပြီး “ကျင့်ကြံခြင်းလမ်းစဉ် ပေါ်လာတဲ့အခါ လူသားတွေ၊နတ်ဆိုးတွေနဲ့ တခြားသက်ရှိတွေဟာ

ကျင့်ကြံကြတယ်။ ဒါပေမဲ့

ကျင့်ကြံတဲ့အခါ ဘယ်အရာက

အရေးကြီးဆုံးလဲ။ အရင်းအမြစ်တွေပဲ၊

မင်းအသက်ပိုရှည်လေ အရာခပ်သိမ်းကို

လျစ်လျူရှုလာလေလေ၊

အချိန်တွေကြာလာတာနဲ့အမျှ

မင်းစိတ်ထဲမှာ

မင်းတစ်ယောက်ပဲကျန်တော့တယ်။

ဒါကြောင့် ဒီထက်ပိုကောင်းတဲ့

အရင်းအမြစ်တွေအတွက်

ဘယ်အရာကမှ ရပ်တန့်နိုင်မှာ

မဟုတ်ပါဘူး။ ဒါက

ရှောင်လွှဲလို့လည်းမရပြန်ဘူး။

မင်းမတိုက်ခိုက်ရင် မင်းသေလိမ့်မယ်။

ဒါကြောင့်

ဒီရက်စက်ကြမ်းကြုတ်တဲ့ကမ္ဘာမှာ

အကောင်းနဲ့အဆိုးဆိုတာ မရှိဘူး၊

အားကြီးတာနဲ့
အားနည်းတာတွေပဲရှိတယ်”

သူက ယန်ယဲ့တို့နှစ်ယောက်ကို
စိုက်ကြည့်ကာ “အဲဒီတိုက်ပွဲဟာ
ခေတ်ပျက်စေခဲ့တာပဲ။ လျှို့ဝှက်ချက်နဲ့
ပတ်သက်ပြီး လိုက်ရှာတာက
မင်းအတွက် အကျိုးရှိမှာ မဟုတ်ဘူး”

နန်လီမုန့်က

ထပ်ပြီးမေးချင်နေသေးပုံပါ။ သို့သော်

ယန်ယဲ့က

သူမကိုစိုက်ကြည့်ပြီးခေါင်းခါပြသည်။

သူက ထိုလူကို စိုက်ကြည့်ပြီး

ခဏမျှတုံ့ဆိုင်းနေကာ “အကြီးအကဲ၊

မင်းရဲ့ ခန္ဓာကိုယ်က

ဒီမှာပဲရှိတယ်မဟုတ်လား။ မင်းရဲ့

စိတ်ဝိညာဉ်က ပြီးပြည့်စုံသွားပြီ။

ဒါဆိုရင် မင်းရဲ့ခန္ဓာကိုယ်ထဲကို

ဘာလို့မဝင်တာလဲ"

ထိုလူက

သူ့ခန္ဓာကိုယ်ထဲမှာစိုက်ဝင်နေသော လှံကို

ညွှန်ပြပြီး "ငါ အမြန်မတုံ့ပြန်ဘဲ

ဝိညာဉ်ခန္ဓာကိုယ်အနေနဲ့ ထွက်မပြေးရင်

လှံထိုးမိတဲ့အချိန်ကတည်းကသေနေ

လောက်ပြီ။ ငါ့ခန္ဓာကိုယ်ကို

ငါထပ်ဝင်လို့မရဘူးလားဆိုတာကတော့

ဒီလုံက ငါ့ခန္ဓာကိုယ်ကို

နှောင့်ယှက်နေလို့”

"ဒါဆို ဆွဲထုတ်လိုက်" ယန်ယဲ့က

ပြောလိုက်သည်။ ထိုစကားကို

ပြောပြီးသည်နှင့် သူ့ကိုယ်သူပင်

ကျိန်ဆဲမိသွား၏။ သူသည်

တော်တော်လေး

ညက်နည်းသွားပုံပါ။အကယ်၍ ထိုလူ

လွတ်မြောက်လာရင်

သူတို့နှစ်ယောက်စလုံးဟာ

အရင်ဆုံးအသတ်ခံရနိုင်လို့ပါ။

ထိုလူက ရုတ်တရက် ရယ်မောလိုက်ပြီး

"ငါ ဒီမှာ နှစ်ထောင်နဲ့ချီပြီး

စောင့်နေခဲ့တာ။

ဒီလှံကို ဆွဲထုတ်နိုင်တဲ့ စွမ်းရည်ရှိတာ

လူနှစ်ယောက်ပဲ တွေ့ခဲ့တယ်။

ပထမဆုံးလူက သိပ်မကြာသေးခင်မှ
ဒီကိုဝင်လာတဲ့ ဓားသမားပဲ။ သူက ငါ့ကို
ခဏပဲကြည့်နေပြီးတော့ တောထဲကို
ဝင်သွားခဲ့တယ်။ ဒုတိယ ကတော့
ဝါးသေတ္တာနဲ့အဘိုးကြီးပဲ။ သူက ကူညီဖို့
ဆန္ဒရှိပေမယ့် သူ့အခြေအနေတွေကို
ငါလက်မခံနိုင်တဲ့အတွက်
ငြင်းဆိုလိုက်တာ”

"ဓားသမားလား" ယန်ယဲ့က ရုတ်တရက် မေးလိုက်သည် " သူက တိမ်ဖြူဝတ်ထားတာလား "

ထိုလူက ခေါင်းညိတ်ပြီး “မင်း သူ့ကို သိလား”

ယန်ယဲ့ က အနည်းငယ် ခေါင်းညိတ်ပြပြီး "ဒီလိုပါပဲ"

ထိုလူက “သူက အရမ်းသန်မာတယ်” ဟု တိုးတိုးလေးပြောသည်။

ဒီအချိန်မှာ ယန်ယဲ့၏ရင်ဘတ်ထဲကနေ အဖြူရောင်အကောင်ငယ်လေးထွက်လာသည်။ ထိုလူက နှင်းပွင့်ကိုမြင်သောအခါ ထိတ်လန့်သွားသည်။ သေချာသည်မှာ သူက နှင်းပွင့်၏အခြေအနေကို သိလိုက်ပုံပါ။

ဤအချိန်တွင်

နှင်းပွင့်လေး၏အကြည့်က

ထိုလူ၏ရင်ဘတ်အား

ထိုးစိုက်ထားသောလှံပေါ်ကျရောက်လာ

သည်။

လှံက အတော်လေးထူးဆန်းပုံရသည်။

လှံတစ်ချောင်းလုံးက

အနက်ရောင်ဖြစ်ကာ

မှန်ကဲ့သို့ အလွန်ချောမွေ့ပါသည်။
ထို့အပြင် လုံထိပ်ဖျားပိုင်းဟာ
သာမန်လုံထက် နှစ်ဆခန့်ပို၍ရှည်သည်။

နှင်းပွင့်၏မျက်လုံးလေးများက
တောက်ပလာသည်။ ထို့
သက်လတ်ပိုင်းအမျိုးသား ရှေ့သို့
ပျံသန်းသွားကာ
သူ့ရင်ဘတ်ကလုံကိုဆွဲနှုတ်လေသည်။
သို့သော် လုံက ရှည်လျားသောကြောင့်

သူမ၏လက်လေးနှစ်ဖက်က

ဆုပ်ကိုင်ရန်ပင်

အတော်လေးခက်ခဲသည်။နှင်းပွင့်က

သူမ၏လက်သည်းများကို မြှောက်၍

လုံ့ကိုတစ်ချက်ပုတ်လိုက်သည်။ ထိုအခါ

လုံ့ကတဖြည်းဖြည်းကျုံ့သွားကာ

နှင်းပွင့်လေးကိုင်နိုင်သောအရွယ်အစား

ထိပင်သေးသွားလေတော့သည်။

ယန်ယဲ့ သည် ဥမြင်ကွင်းကို ကြည့်ပြီး

စကားမပြောနိုင်အောင်အထိပင်

အံ့အားသင့်သွားသည်။

နန်လီမုန့်ကတော့ မျက်နှာပေါ်တွင်

ထူးဆန်းသောအမူအရာဖြင့်

နှင်းပွင့်လေးကို စိုက်ကြည့်နေသည်။

ဤအချိန်တွင် ထိုလူ၏လက်များက

အနည်းငယ်တုန်လာသည်။ သို့သော်

ထိုလူ၏မျက်နှာက
အလွန်ငြိမ်သက်နေ၏။

နှင်းပွင့်လေးက လုံ့ကိုဆုပ်ကိုင်ပြီး
ယန်ယဲ့ဆီကိုပြန်လာကာပေးလေသည်။
ယန်ယဲ့က လုံ့ကို တစ်ချက်ကြည့်လိုက်ပြီး
ဆုပ်ကိုင်လိုက်သော်လည်း မ၍ပင်မရမှန်း
သတိပြုမိလိုက်သည် ။

လုံး၀ မကိုင်နိုင်ဘူးလား ။

ယန်ယဲ့လည်း အံ့သြသွားမိသည်။

လက်ရှိသူ့ခွန်အားက ဘယ်လိုလဲ။

သာမန်လောကသခင်များထက်တောင်မှ

သန်မာလေသည်။

သို့ရာတွင် လှံကို အနည်းငယ်တောင်

မနိုင်ခြင်းမရှိပေ။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက

ရုတ်တရက် ပြောလိုက်သည် “ဒါက ပုံမှန်ပါပဲ။ ဒီလုံကိုငါတောင် ဆွဲမလို့မရဘူး"

ယန်ယဲ့က ထိုလူကို စိုက်ကြည့်လိုက်သည်။ သူက ခဏငြိမ်သက်နေပြီးမှ ရှင်းပြသည် "သူ့မှာ သူ့သဘောနဲ့သူရှိတယ်။ ဒါက သူအသိအမှတ်ပြုတဲ့လူကပဲ လှံကိုကိုင်နိုင်တာပါ"

ထို့နောက် သူက နှင်းပွင့်ကို စိုက်ကြည့်ရင်း “ဟုတ်ပါတယ်၊ သူက ခြင်းချက်ပါ။ ဒီလုံတောင်မှ ဝိညာဉ်ဖန်ဆင်းရှင် ကို မျက်နှာသာ ပေးရလိမ့်မယ်"

နှင်းပွင့်ကို မျက်နှာသာပေးရတယ်။

ယန်ယွဲ့က ရှုတ်တရက် တစ်ခုခုကို တွေးမိပြီး “အကြီးအကဲ၊ ဘယ်လောက်များများကိုမျက်နှာသာပေး ရမလဲ” ဟု ဟာသလုပ်ကာ ပြောလိုက်သည်။

ဘယ်လောက်လဲ ။

ထိုလူက ယန်ယွဲ့ကို စိုက်ကြည့်ကာ ပြုံးပြီး “အများကြီးပဲ။

ဝိညာဉ်ဖန်ဆင်းရှင်တွေအားလုံးအတွက်

အတူတူပါပဲ”

ယန်ယွဲ့က ထပ်မမေးတော့ပါ။

ပြုံးရုံသာပြုံးလိုက်၏။ သူက

နှင်းပွင့်၏ခေါင်းလေးကိုပွတ်သပ်ပြီး

"အကြီးအကဲ၊ အခုဆို

မင်းရဲ့မူလဝိညာဉ်က မင်းရဲ့ ခန္ဓာကိုယ်နဲ့

ပေါင်းစပ်နိုင်ပြီ မဟုတ်လား"

ဟုပြောလိုက်သည်။

ထိုလူက ခေါင်းညိတ်ပြီး “ညီငယ်၊ မင်းနာမည်ဘယ်လိုခေါ်လဲ” ဟုမေးသည်။

ယန်ယဲ့က ပြုံးပြီး "ယန်ယဲ့..."

ထိုလူက “ငါက ဒဏ္ဍာရီလာအင်မော်တယ်ဂိုဏ်းရဲ့ ဂိုဏ်းသခင် နန်းယုပါ။ ဟုတ်ပါတယ်၊ ငါ့ဂိုဏ်းက မရှိတော့ဘူး" ဟုပြောရင်း

သူက နှင်းပွင့်ကို တစ်ချက်ကြည့်လိုက်ပြီး

"မင်းဆီမှာ အကြွေးတင်နေတဲ့

ငါ့အကြွေးကို သေချာပေါက်

မှတ်မိနေမှာပါ"

ယန်ယဲ့က အနည်းငယ် ပြုံးပြီး

“ဘာမှမဖြစ်ပါဘူး။ ဒီနေရာကနေ

အခုထွက်သွားလို့ရလား"

ထိုလူက ခေါင်းခါပြီး “ငါ့ခန္ဓာကိုယ်ကို ပြုပြင်ရမယ်၊ ပြီးတော့ ငါ့ဝိညာဉ်နဲ့ ပေါင်းစည်းရမယ်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "ဒါဆို ငါ မင်းကို မနှောင့်ယှက်တော့ဘူး။ ဒီမှာပဲ နှုတ်ဆက်လိုက်တာပေါ့"

ထိုလူက “ဒီတောအုပ်ကို ဘယ်တော့မှ မဖြတ်ရဘူးဆိုတာ မမေ့နဲ့။ တားမြစ်နယ်မြေပဲ”

ယန်ယဲ့က ခေါင်းညိတ်ပြီး "သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

စကားပြောပြီးတာနဲ့ နှင်းပွင့်ကို ပွေ့ချီကာ ထွက်သွားသည် ။ နန်လီမုန့်က

ထွက်မသွားခင်မှာ ထိုလူကို
တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်
ယန်ယဲ့၏နောက်မှအမြန်လိုက်သွားသည်
။

နန်းယု ဟုခေါ်သော သက်လတ်ပိုင်းက
ထွက်ခွာသွားသည့်
ယန်ယဲ့တို့နှစ်ယောက်ကိုငေးကြည့်နေသ
ည်။ အချိန်တော်တော်ကြာမှ

သူ့အကြည့်ကို ဖယ်လိုက်ပြီး

“မဖြစ်သင့်ဘူး…”

သူ့မျက်လုံးများက အနည်းငယ်

တုံ့ဆိုင်းသွားပုံရသည်။

အချိန်အတော်ကြာမှသာ

သူ့အတွေးများကို ထိန်းလိုက်ပြီး

သူ့ရှေ့က ခန္ဓာကိုယ်ကို စိုက်ကြည့်ရင်း

"ငါ အဆင်ပြေနေသေးမယ်လို့
မျှော်လင့်ပါတယ်"

...

ဤအချိန်တွင် ယန်ယဲ့၏နဖူးပေါ်ကနေ
ချွေးအေးများ စီးကျလာသည်။

နန်လီမုန့် ပင်လျှင်
မျက်နှာထက်လေးနက်မှုအထင်းသားပါ။

နှစ်ယောက်စလုံး ခဏတာ

ရပ်တန့်သွားသည်။

နန်လီမုန့် က ယန်ယဲ့ကိုကြည့်ကာ

“အဲဒီလူက အနည်းဆုံးတော့ အဆင့် ၃ ၊

ဒါမှမဟုတ် အဆင့် ၄ လောက်သခင်

တောင်မှဖြစ်နေနိုင်သေးတယ်။ ဒါ့ထက်

သူက နဂိုတုန်းကဆိုရင် ပိုတောင်

အားကောင်းနိုင်တယ်”

ယန်ယွဲ့က “သူ ငါတို့ကို
သတ်ပစ်ချင်နေတာ”

နန်လီမုန့်က ခေါင်းညိတ်လိုက်သည်
"သူက နင့်ကို သတ်ချင်နေတာ"

ယန်ယွဲ့ က နန်လီမုန့်ကို စိုက်ကြည့်ရင်း
"နှင်းပွင့်လေးကြောင့်
သူ့ရည်ရွယ်ချက်ကိုစွန့်လွှတ်လိုက်တာ
လား"

နန်လီမုန့်က ခေါင်းခါလိုက်ပြီး “ဒါတော့ ငါမသိဘူး။ ဒါပေမဲ့ ဘာ့ကြောင့်ပဲဖြစ်ဖြစ် သူကတော့ နင်နဲ့ရင်းနှီးဖို့အတွက် မတူညီတဲ့နည်းလမ်းကို အသုံးပြုလိုက်တာပဲ”

ယန်ယဲ့က အနည်းငယ် ခေါင်းညိတ်ပြပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ဤနေရာက ပြင်ပကမ္ဘာထက်

ပို့ပြီးအန္တရာယ်များကြောင်းသိသာပါသ

ည်။

နန်လီမုန့် က ရုတ်တရက် "နင်ကြောက်

နေသလား"

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

“တောအုပ်ကိုကျော်လွန်ပြီးတော့

မသွားခိုင်းဘူး။ ရည်ရွယ်ချက်ကောင်းနဲ့

သူပြောခဲ့တာလို့ မင်းထင်လား"

နန်လီမုန့်က ခေါင်းညိတ်ပြီး ပြောသည်
“သူ နင်နဲ့ရင်းနှီးဖို့ရွေးချယ်ခဲ့တာဆိုတော့
ဒုက္ခပေးမှာ မဟုတ်ဘူး။ မဟုတ်ရင် သူက
ဝိညာဉ်ခန္ဓာကိုယ်တစ်ခုပဲ ဆိုရင်တောင်
နင့်ကိုသတ်ဖို့ သူ့ခွန်အားက
လုံလောက်နေသေးတယ်"

"မင်းကရော..." ယန်ယဲ့က နန်လီမုန့်ကို
စိုက်ကြည့်ရင်း "သူ မင်းကို
မသတ်နိုင်ဘူးလား"

နန်လီမုန့်က ထူးဆန်းစွာ ပြုံးပြပြီး
"နင်ဘယ်လိုထင်လဲ"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး
“ဒါကိုမေ့လိုက်ပါ။
တောအုပ်ထဲကိုသွားကြည့်ရအောင်"

စကားပြောပြီးနောက်

အဝေးဆီသို့ပြေးထွက်သွားသည်။

နန်လီမုန့်က

ယန်ယွဲ့ထွက်ပြေးသွားတာကိုကြည့်နေရ

င်း နောက်ကနေ လိုက်လာခဲ့သည်။

သိပ်မကြာလိုက်ပေ၊ နှစ်ယောက်သား

တောအုပ်ထဲသို့ ဝင်လာလိုက်ကြသည်။

တောအုပ် ဧရိယာက ကြီးမားလှသည်။

တောအုပ်ထဲရှိ သစ်ပင်တိုင်းဟာ

အလွန်မြင့်မားသည်။

သာမန်တောင်တန်းများထက်ပင်

မြင့်မားလေသည်။ တောအုပ်ထဲတွင်

ရပ်နေတာက နှစ်ယောက်စလုံးကို

သိမ်ငယ်သွားစေသလိုပင်။

ရှေးခေတ်ဦးမှ

သစ်ပင်များဖြစ်နေသောကြောင့်

သူတို့ပတ်ဝန်းကျင်နှင့် အထက်

ကောင်းကင်ဟာ မှုန်ဝါးနေလေသည်။

သို့သော် စွန့်စားမှုမရှိဘဲ အကျိုးအ

မြတ်ဆိုတာမရှိနိုင်ပေ။

ယန်ယဲ့၏အမြင်ကတော့

အကျိုးအမြတ်တချို့ဟာ

အန္တရာယ်နှင့်ထိုက်တန်ပါသည်။

ရှေးခေတ်ကတည်းက

ဘယ်ကျင့်ကြံသူကများ

ကောင်းကင်ဘုံကနေ ပြုတ်ကျလာတဲ့

ကံကြမ္မာကို ရခဲ့သနည်း။

ကံကြမ္မာကောင်းချီး က

အဆင်သင့်ရောက်လာတတ်တာမဟုတ်

ပေ။

မှန်သည်၊ နှင်းပွင့်ကတော့ ခြွင်းချက်ပါ။
ဒဏ္ဍာရီလာဝိညာဉ်ဖန်ဆင်းရှင်
ဖြစ်သောကြောင့် ကံကြမ္မာကပင်
သူမကိုမျက်နှာသာပေးရပေမည်။

ရှေးခေတ်ဦးမှ ကျင့်ကြံသူဖြစ်သော
နန်းယု၏အဆိုအရ တောအုပ်ထဲသို့
တစ်စုံတစ်ခုပြုတ်ကျသွားခဲ့သည်။
သို့သော် ဘာဖြစ်မှန်းတော့မသိနိုင်ပေ။

ယန်ယဲ့က စူးစမ်းချင်စိတ်ကို
မထိန်းနိုင်ဘဲ ဖြစ်နေသည်။

ဒီအချိန်မှာ နန်လီမုန့်က ရုတ်တရက်
ရပ်တန့်သွားသည်။ ခဏအကြာတွင်
အဝါရောင်သစ်ရွက်တစ်ရွက်ကို
ထုတ်ယူပြီးနေရာမှာပင်
ဖျတ်ခနဲပျောက်ကွယ်သွားသည်။
ယန်ယဲ့၏အမူအရာက သိသိသာသာ
ပြောင်းလဲသွားကာ “မင်း...”

သို့သော် စကားပင်မဆုံးလိုက်၊ နန်လီမုန့်က ပျောက်ကွယ်သွားလေပြီ။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့သည် တစ်စုံတစ်ခုအား အာရုံခံမိလိုက်ပုံဖြင့် ကျောရိုးတစ်လျှောက်အေးစက်သွားလေတော့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၄၈ - ဘယ်နေရာက

အန္တရာယ်အရှိဆုံးလဲ

ယန်ယွဲ့သည် သူ့နောက်ကို

ချက်ချင်းလှည့်ကြည့်လိုက်ရာ

အမျိုးသမီးတစ်ယောက်ကို

တွေ့လိုက်ရသည်။ သူမက

အပြာရောင်ဝတ်စုံကို

ဝတ်ဆင်ထားသည်။

လက်ထဲတွင်ထူးဆန်းသော

တံဆိပ်ပြားတစ်ခုပါ ကိုင်ထားလေသည်။

တံဆိပ်ပြားပေါ်တွင် "ချစ်ရသော

ခင်ပွန်းဟူ၍"

စာလုံးနှစ်လုံးတည်းသာရှိသည်။

သူမ၏ပုံစံက

အေးဆေးတည်ငြိမ်လှသည်။

သို့သော်လည်း ယန်ယဲ့သည်
ကျောရိုးတစ်လျောက်အေးစက်သွားသ
လို ခံစားခဲ့ရသည်။ နောက်ဆုံးတွင်
ယန်ယဲ့သည် ကိုယ့်ကိုယ်ကို
တည်ငြိမ်အောင် ထိန်းလိုက်နိုင်သည်။
သူသည် ဘဝတွင် အရာခပ်သိမ်းကို
တွေ့ကြုံလာရသည် မဟုတ်ပါလား။
ဤအခြေအနေသည် သူ့အတွက်

အန္တရာယ်များသော်လည်း နှလုံးသားကို
တုန်လှုပ်စေသည်အထိတော့ မဟုတ်ပေ။

ယန်ယဲ့သည် သူ့ကိုယ်သူ
တည်ငြိမ်အောက်လုပ်လိုက်ပြီး
အမျိုးသမီးကို မော့ကြည့်ကာ ရှေ့သို့
ဖြည်းညင်းစွာ လျှောက်လာခဲ့သည်။
သူ့လက်ထဲတွင်လည်း မှုလနတ်ဓားကို
တင်းတင်းကျပ်ကျပ်
ဆုပ်ကိုင်ထားသည်။ ဤအချိန်မှာ

မူလနတ်ဆားက

သွေးဆားတစ်ချောင်းဖြစ်နေပါပြီ။

အမျိုးသမီးကယန်ယဲ့ရှေ့မှာ ရုတ်တရက်

ပေါ်လာသည်။ သူမက ယန်ယဲ့နှင့်

အလွန်နီးကပ်နေသည်။

နှစ်မီတာအကွာသို့ပင်

ရောက်လာခဲ့သည်။ ယန်ယဲ့က

အမျိုးသမီးကို ရှင်းရှင်းလင်းလင်း

မြင်လိုက်ရသည်။ အမျိုးသမီးက

အလွန်လှပသော်လည်း

သူမ၏မျက်နှာက လူသေကောင်အလား

ဖြူဖျော့နေသည်။ ထို့အပြင်

ဆိုးယုတ်သောအရှိန်အဝါများ

ထွက်ပေါ်နေသည်။ ခပ်ရှင်းရှင်း

ပြောရလျှင် သူ့ရှေ့မှ အမျိုးသမီးမှာ

လုံးဝပုံမှန်မဟုတ်ပေ။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး

“အကြီးအကဲ

မင်းတစ်ခုခုလိုသေးလား…”

ဟုမေးလိုက်သည်။

အမျိုးသမီးက ရှေ့သို့ တစ်လှမ်းတိုးကာ

ယန်ယဲ့အား မျက်လုံးချင်း

တည့်တည့်ကြည့်ကာ

“ဒီတောအုပ်တစ်ဖက်ခြမ်းသွားပြီးတော့

ငါ့အတွက် တစ်ခုခုယူပေးနိုင်မလား…”

“တောအုပ်ရဲ့ တစ်ဖက်ခြမ်းကိုလား…”

ယန်ယဲ့က သူလာခဲ့သော လမ်းကြောင်းကို
ညွှန်ပြပြီး "အဲ့ဒီနေရာလား..."

အမျိုးသမီးက ခေါင်းယမ်းပြီး
ဆန်ကျင်ဖက်သို့ ညွှန်ပြကာ "အဲ့ဒီနေရာ"

ယန်ယဲ့၏အမူအရာက
ပြောင်းသွားသည်။ အစောပိုင်းက

သက်လတ်ပိုင်းအမျိုးသား ပြောခဲ့သော တည်နေရာပင်ဖြစ်သည်။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး "ဒါက အန္တရာယ်များတယ်။ အရမ်းအန္တရာယ်များတယ်"ဟု ပြောလိုက်သည်။

"အခုရော အန္တရာယ်မရှိဘူးလား..."

ယန်ယွဲ့၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သွေးဓားကို
မြှောက်လိုက်သည်။

အနန္တဓားနယ်မြေ။

ထို့နောက် သုံးချက်ဆင့်
ခုတ်ပိုင်းလိုက်သည်။ သူက
အမျိုးသမီးကို အရင်ဆုံးစပြီး
တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သူ၏လက်ရှိ ကန့်သတ်ချက်က

ဓားလှိုင်းသုံးကြိမ် ဆက်တိုက်

ထုတ်ဖော်ခြင်းဖြစ်သည်။

၎င်း၏စွမ်းအားက

အဆင့်(၂)လောကသခင်ထက်

အားနည်းသော်လည်း အဆင့်(၁)

လောကသခင်များထက်

အားကောင်းသည်။

ဓားလှိုင်းလေးခုဆိုရင်တော့ အဆင့်

(၂)လောကသခင်ကို ကောင်းကောင်းကြီး

ယုဉ်နိုင်ပါသည်။ သို့သော်လည်း

ယခုအချိန်မှာတော့ သူက

အခြားရွေးချယ်စရာမရှိလျှင်

ထုတ်မသုံးရဲပါ။

ဓားလှိုင်းသုံးခု၏ စွမ်းအားက

ဤနေရာတစ်ခုလုံးကိုဖျက်ဆီးပစ်ရန်

လုံလောက်နေပါသည်။ သို့သော်

သူ့ဓားပိုင်းချက်က

အမျိုးသမီး၏ခေါင်းနှင့်
လက်မဝက်ခန့်အကွာမှာ
ရပ်တန့်သွားသည်။
ဆံခြည်မျှင်တစ်ချောင်းက
ဓားတစ်ဝိုက်ကို ရစ်ပတ်ထားသည်။
အမျိုးသမီး၏ ဆံပင်ဖြစ်သည်။

ယန်ယဲ့၏ဓားက လုံးဝ
အေးခဲနေပုံရသည်။
ရှေ့ဆက်မတိုးနိုင်တော့ပေ။

အမျိုးသမီးက ဘာမှမပြောဘဲ

ယန်ယွဲ့ကိုသာ စောင့်ကြည့်နေသည်။

ယန်ယွဲ့က ခဏလောက်စဉ်းစားပြီး

“အကြီးအကဲ မင်းရဲ့ခွန်အားက လုံးဝ

ထူးထူးခြားခြားပဲလေ မင်းရဲ့ခွန်အားကို

ငါတွေ့လိုက်တော့ ငါမင်းဆီက

လမ်းညွှန်မှု

တချို့လောက်တောင်းချင်တယ်။ ဒါပေမဲ့

မတက်နိုင်ဘူး ငါ

အရမ်းအားနည်းနေတယ်။ မင်းရဲ့
လမ်းညွှန်မှုအတွက်
ကျေးဇူးတင်ပါတယ်”

အမျိုးသမီးက ယန်ယဲ့ကို
စူးစိုက်ကြည့်ကာ “သွားမလား...။
မသွားဘူးလား...”

ယန်ယဲ့က ခါးခါးသီးသီးနှင့် ပြုံးလိုက်ပြီး
“အကြီးအကဲ မင်းကအရမ်းသန်မာပေမဲ့

မင်းလိုလူတောင်မသွားရဲဘူး။ ဒါဆို ငါ့သေတွင်း ငါတူးမှာ မဟုတ်ဘူးလား...”

အမျိုးသမီးက ခေါင်းယမ်းလိုက်သည်။

“နင်ဒီကို ရောက်လာနိုင်တဲ့အတွက် သာမန်မဟုတ်ဘူးဆိုတာ သက်သေပြနေတယ်။ နင်အသက်ရှက်နိုင်မှာပါ”

ယန်ယဲ့က “ငါသေရင် ဘာဖြစ်မလဲ...”
ဟုပြန်မေးသည်။

အမျိုးသမီးက သူ့ကို စိုက်ကြည့်ရင်း
“ဒါဆို နင်နည်းနည်းကြာမှသေနိုင်တယ်။
မဟုတ်ရင် နင်အခုသေလိမ့်မယ်။
ကြိုက်တာရွေး”

ယန်ယဲ့သည်
ဘာပြောရမှန်းမသိတော့ပေ။

အမျိုးသမီးက ဓားကို

ပြန်လွှတ်လိုက်သော်လည်း ယန်ယဲ့ကို

စိုက်ကြည့်နေတုန်းဖြစ်သည်။

ယန်ယဲ့သည် သူ၏မျက်လုံးများကို

ဖြည်းညင်းစွာ မှိတ်လိုက်သည်။

ထိပ်တိုက်ရင်ဆိုင်သော်လည်း

သူ့အခွင့်အရေးက အနည်းငယ်ပင်

မရှိပေ။ အမျိုးသမီးက

သူ၏အပြင်းထန်ဆုံးတိုက်ခိုက်မှုကို

ဆံခြည်မျှင်တစ်ချောင်းဖြင့်

တားဆီးထားသည်။ ထို့ကြောင့်

အနည်းဆုံး အဆင့် (၂)လောကသခင်

(သို့မဟုတ်) အဆင့်(၃) လောကသခင်

ဖြစ်နိုင်သည်။

အမျိုးသမီးက ရုတ်တရက်

ပြောလိုက်သည်။

"ဒါကအကျိုးအမြတ်ရှိတယ်"

“အကျိုးအမြတ်တွေလား…”

ယန်ယွဲ့ကို သူမက စိုက်ကြည့်ရင်း “နှင်ငါ့ကို ကူညီနိုင်ရင် ငါနှင့်ကို ဆုချမယ်” ဟု ဂရုမစိုက်ဘဲ ပြောလိုက်သည်။

ယန်ယွဲ့က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး “အကြီးအကဲ ငါက ဒီကို မိန်းမလှတစ်ယောက်နဲ့လာတာ

သူ့ခွန်အားက

ငါ့ထက်အများကြီးသန်မာတယ်။

မင်းသူ့ကို ဘာလို့ မမေးတာလဲ…”

သစ္စာရှိမှုလား…။

နန်လီမုန့်ပုန်းအောင်းနေသည့်နေရာကို

သူမသိသော်လည်း ဂရုမစိုက်ပေ။

အန္တရာယ်ကြုံလာသောအခါ

ထိုအမျိုးသမီးက အကြိမ်ကြိမ်

ထွက်ပြေးသွားခဲ့သည် မဟုတ်ပါလား။

အမျိုးသမီးက ယန်ယဲ့၏နောက်ကျောကို

တစ်ချက်ကြည့်လိုက်ပြီး “နင်က

အားနည်းပြီး

အနိုင်ကျင့်ရလွယ်တယ်”ဟုပြောလိုက်သ

ည်။

ယန်ယွဲ့က အံ့အားသင့်သွားပြီး စကားပင်

မပြောနိုင်တော့ပေ။

“ဟား…ဟား…”

ဤအချိန်တွင်

ယန်ယွဲ့၏နောက်ကျောဘက်မှ တခစ်ခစ်

ရယ်မောသံထွက်ပေါ်လာသည်။

အခြားသူမဟုတ်ပေ နန်လီမုန်၏

ရယ်မောသံဖြစ်သည်။

သူမက ယန်ယဲ့ဆီသို့ လျှောက်လာပြီး

အနည်းငယ်ပြုံးကာ

“ဒေါသထွက်နေသလား...”

ယန်ယဲ့က “ဒေါသထွက်နေစရာ

ဘာမှမရှိဘူး။ သူမပြောတာ

လုံးဝအဓိပ္ပါယ်ရှိတယ်။

အားနည်းနေတာက ငါ့အပြစ်ပါ”

နန်လီမုန့်က ပြုံးပြီး “နင်က

သဘောထားကောင်းတယ်”

ထိုစကားပြောပြီးနောက် ယန်ယွဲ့ရှေ့က

အမျိုးသမီးကို စူးစိုက်ကြည့်ကာ“ဟိုမှာ

သူ့ကို ဘာသွားလုပ်စေချင်တာလဲ...။

ဒီအကြောင်းကို နင်ဘာလို့

မပြောတာလဲ...”

အမျိုးသမီးက နန်လီမုန့်ကို
တစ်ချက်ကြည့်လိုက်ပြီး
“နင်ငါ့ရှေ့မှာတောင်
ထွက်ပေါ်လာရဲတယ်ဆိုတော့
ကိုယ့်ကိုယ်ကို အရမ်းယုံတာလား...”

နန်လီမုန့်က ရယ်မောပြီး ယန်ယဲ့ကို
လက်ညှိုးထိုးပြကာ “နင့်ကို ပြောရမှာက
သူ့မှာ အရမ်းကြောက်စရာကောင်းတဲ့
ညီမတစ်ယောက်ရှိတယ်။

သူမဒီမှာမရှိပေမဲ့ နင်သူ့ကိုသတ်လိုက်ရင်
သေချာပေါက် လက်စားချေလိမ့်မယ်။
အဲ့ဒီအချိန်မှာ နင်တော်တော်လေး
ဒုက္ခများလိမ့်မယ်”

အမျိုးသမီးက နန်လီမုန့်ဆီကို
လျှောက်လာပြီး
တည့်တည့်စိုက်ကြည့်ကာ “ဘာလဲ
နင်ငါ့ကို ခြိမ်းခြောက်နေသလား…”

နန်လီမုန့်က ပြုံးပြီး “ငါက

တမင်ဟာသပြောနေတာပါ ဒါပေမဲ့

နင်ကနည်းနည်းလောက်

လေ့ကျင့်ချင်နေတာလား...”

အမျိုးသမီး၏ ဆံခြည်မျှင်များက

နန်လီမုန့်ရှေ့ကို ရုတ်တရက်

လွင့်ပျံသွားသည်။ နန်လီမုန့်က

လက်သီးများကို ဖြည်းညင်းစွာ

ဆုပ်ထားလိုက်သည်။ ထိုခဏလေးမှာပဲ

တိမ်တိုက်များက တောအုပ်တစ်ခုလုံးကို ဖုံးလွှမ်းသွားပြီး လျှပ်စီးလက်သလိုမျိုး တဖျတ်ဖျတ် လက်သွားသည်။

အမျိုးသမီး၏မျက်လုံးများက အနည်းငယ်ကျဉ်းမြောင်းသွားကာ "စာပေတာအို၊ အပြင်မှာ ဒီလိုစာပေတာအိုရှိမယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး"

သူမ၏အသံက လေးနက်သော
အရိပ်အယောင်များရှိနေသည်။ ထို့အပြင်
ယခင်ကလောက် အေးဆေးပြီး
ဂရုမစိုက်ဘဲ မနေနိုင်တော့ပေ။

နန်လီမုန့်က “ငါ့အမြင်အရတော့
ငါတို့ကူညီနိုင်ပါတယ်။ ဒါပေမဲ့
နင်ငါတို့ကို ကျေးဇူးပြန်ဆပ်ရမယ်။
အဲ့ဒါက လုံလောက်တဲ့ပေးချေမှုပဲ
ဖြစ်သင့်တယ်”

အမျိုးသမီးက နန်လီမုန့်ကို
အချိန်အတော်ကြာ စိုက်ကြည့်နေသည်။
ထို့နောက် တစ်ဖက်ပြန်လှည့်ပြီး
တောနက်ထဲသို့ စူးစိုက်ကြည့်ကာ
“ဟိုဘက်ခြမ်းမှာ လူဆိတ်သုဉ်းနေတဲ့
လွင်ပြင်ကျယ်ကြီးတစ်ခုရှိတယ်။
မူလကေရာဇ်ကို အဲ့ဒီနေရာမှာ
မြှုပ်နှံထားတယ်။ ငါ့ခင်ပွန်းက
မြင့်မြတ်တဲ့ မူလကေရာဇ်ရဲ့

နောက်လိုက်တွေအထဲက တစ်ယောက်ပဲ။

သူလည်း အဲ့ဒီနေရာမှာ

သေဆုံးသွားခဲ့တယ်။ သူ့အလောင်းကို

ငါလိုချင်တယ်။ နင်က သူ့အလောင်းကို

ပြန်ယူလာပေးနိုင်ရင်” စကားပြောနေရင်း

ခဏရပ်ပြီး သူမ၏လက်ဝါးကို

လှန်လိုက်ရာ အနက်ရောင်

တံဆိပ်တုံးတစ်ခု လွင့်မျောလာသည်။

ဤအချိန်တွင် မူလစေတီထဲရှိ
ဝမ်အရူးမလေးက "အဲ့ဒါက မဆိုးပါဘူး။
အစ်ကိုကြီးယန် ကို ယူလိုက်ဖို့
ပြောရမယ်"

သူ့နံဘေးရှိ နှင်းပွင့်လေးက
သဘောတူသည့်ဟန်ဖြင့်
ခေါင်းညိတ်လိုက်သည်။

သို့သော်လည်း ဝမ်အရှူးမလေးက ရုတ်တရက် "သူမကအရမ်းသန်မာတယ်။ သူမယှဉ်နိုင်လောက်ဘူး"

နှင်းပွင့်က ထိုစကားကို ဂရုမစိုက်ပေ။

ဤအချိန်တွင် ယန်ယဲ့က အနက်ရောင်တံဆိပ်ကို စိုက်ကြည့်ကာ "အဲ့ဒါက ဘာလဲ..." ဟု မေးလိုက်သည်။

အမျိုးသမီးက သူ့ကို

တစ်ချက်ကြည့်လိုက်သည်။

“ဖိနှိပ်ခြင်းတံဆိပ်တုံး။ လူတစ်ယောက်ရဲ့

ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်နိုင်တယ်”

“ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်နိုင်တာလား…”

ယန်ယဲ့က အံ့အားသင့်သွားပြီး

“ဘာကိုဆိုလိုတာလဲ…”

“သူက တစ်စုံတစ်ယောက်ရဲ့
ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်ဖို့
နင်သုံးနိုင်တယ်လို့ ဆိုလိုတာပါ”
နန်လီမုန့်က ရုတ်တရက် ရှင်းပြသည်။

“တကယ်လို့ နင်က တစ်စုံတစ်ယောက်နဲ့
တိုက်ခိုက်နေရင် အဲ့ဒီလူက
အဆင့်(၂)လောကသခင်ဆိုပါစို့ နင်က
ဒီဖိနှိပ်ခြင်းကျောက်တုံးကို သုံးပြီး သူ့ကို

အဆင့်(၁)လောကသခင်ဖြစ်အောင်
ဖိနှိပ်နိုင်တယ်။ နားလည်လား...”

ယန်ယဲ့၏မျက်လုံးများက ချက်ချင်းပင်
လောဘအရိပ်များပေါ်လာသည်။

“ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်နိုင်တာလား...”

သူသာ ထိုအနက်ရောင်
ကျောက်တုံးကိုရခဲ့ရင်တော့

အဆင့်(၂)လောကသခင်များကို

ကြောက်နေစရာမလိုတော့ပေ။ အဆင့်(၃)

လောကသခင်တစ်ဦးနှင့် တွေ့နေလျှင်ပင်

ဖိနှိပ်ခြင်းကျောက်တုံးကို အသုံးပြုပြီး

အဆင့်(၂)သို့ ဖိနှိပ်ထားနိုင်သည်။

ရိုးရိုးရှင်းရှင်း ပြောရလျှင် သူက

တစ်ဖက်ရန်သူ၏ ခွန်အားကို

လျှော့ချနိုင်သည်။

ပြောစရာမလိုအောင်ပင်

ထိုဖိနှိပ်ခြင်းကျောက်တုံးက
အဖိုးမဖြတ်နိုင်သော
ရတနာတစ်ပါးပင်ဖြစ်သည်။

ယန်ယဲ့၏မျက်လုံးများက အရောင်များ
တလျှပ်လျှပ် တောက်ပသွားသည်။
ဒီအချိန်မှာ အမျိုးသမီးက အနက်ရောင်
တံဆိပ်တုံးကို ပြန်သိမ်းလိုက်သည်။

နန်လီမုန့်က ရုတ်တရက် မေးလိုက်၏။

“ဟိုဘက်ခြမ်းမှာ ဘယ်လို

အန္တရာယ်မျိုးတွေစောင့်နေတာလဲ…”

အမျိုးသမီးက သူမ၏မျက်လုံးများကို

ဖြည်းညင်းစွာ မှိတ်လိုက်ပြီး

“ကောရာဇ်မင်းမြတ်ရဲ့ အလိုဆန္ဒ”

နန်လီမုန့်က

အနည်းငယ်မျက်မှောင်ကြုတ်ကာ“ဘာ

ကိုဆိုလိုတာလဲ…”

အမျိုးသမီးက

သချာလေးရှင်းပြပါသည်။

“မူလကောရာဇ်က

သူသေဆုံးသွားတဲ့အချိန်မှာ

စိတ်အနှောင့်အယှက် မဖြစ်ချင်လို့

အဲ့ဒီအမိန့်တော်နဲ့ ဟင်းလင်းပြင်

လွင်ပြင်ကို ချိတ်ပိတ်ခဲ့တယ်။
အဲ့ဒီနေရာကို ဘယ်လိုသက်ရှိ
သတ္တဝါမှမဝင်ရောက်နိုင်ဘူး”

ယန်ယဲ့က အံ့သြသွားပြီး
“ကောရာဇ်မင်းမြတ်ရဲ့ အလိုဆန္ဒက
ဒီလောက်အထိ
အားကောင်းနေသလား…”

အမျိုးသမီးက သူ့ကို
တစ်ချက်ကြည့်လိုက်ပြီး
“အားနည်းတာက နင်ကိုယ်တိုင်က
ဖြစ်နေတာ”

ယန်ယဲ့၏မျက်နှာက လုံးဝ
မည်းမှောင်နေသည်။ ထိုအမျိုးသမီးက
သူ၏ ယုံကြည်မှုကို
အကြိမ်ကြိမ်ထိခိုက်နေသည်
မဟုတ်ပါလား။ ဤအချိန်တွင်

နန်လီမုန့်က ရုတ်တရက်
မေးလိုက်ပြန်သည်။

“နင်အနားတောင် မကပ်နိုင်ဘူးလား...”

အမျိုးသမီးက
အနည်းငယ်ခေါင်းညိတ်ပြပြီး
“ငါမတက်နိုင်ဘူး”

နန်လီမုန့် “ဒါဆို နင်ဘာလို့
သူလုပ်နိုင်မယ်လို့ထင်လဲ...”

အမျိုးသမီးက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
“ရှင်းရှင်းလေးပါ။
သူကံကောင်းလိမ့်မယ်”

နန်လီမုန့်က ဘာပြောရမှန်းမသိတော့ပေ။

ယန်ယဲ့သည်လည်း ပါးစပ်ထောင့်များ

တဆက်ဆက်လှုပ်ယမ်းသွားသည်။

အကယ်၍ သူသာ အမျိုးသမီးကို

ယှဉ်နိုင်ပါက ထုရိုက်မိပါလိမ့်မည်။

ဤအချိန်တွင် နန်လီမုန့်က

ယန်ယဲ့ကိုစိုက်ကြည့်ကာ

“သွားကြရအောင်”ဟု ပြောလိုက်သည်။

ယန်ယဲ့က အံ့သြနေသော

အကြည့်များဖြင့် နန်လီမုန့်ကို

စိုက်ကြည့်ရင်း “ငါတို့

တကယ်သွားမှာလား…”

“နင့်မှာ ရွေးချယ်ခွင့်ရှိလို့လား…”

နန်လီမုန့်က သူ့ကို စူးစူးရဲရဲ

စိုက်ကြည့်ပြီးနောက် ဆွဲခေါ်သွားသည်။

အမျိုးသမီးက ယန်ယဲ့နှင့်နန်လီမုန့်တို့

ထွက်ခွာသွားသည်ကိုခဏကြည့်နေပြီး

နောက် သူမ၏ လက်ထဲမှ

အမှတ်တရတံဆိပ်ပြားကို ငုံ့ကြည့်ကာ

“ယောက်ျား ငါ့မှာ

အချိန်သိပ်မကျန်တော့ဘူး”

လမ်းတွင် ယန်ယဲ့က နန်လီမုန့်ကို

စိုက်ကြည့်ကာ “မင်းဘာလို့

ဒီမူလစစ်မြေပြင်ကို ရောက်လာတာလဲ…။
အကြောင်းအရင်းက ဘာဖြစ်မလဲ…”

နန်လီမုန့်က ယန်ယဲ့ကို ကြည့်လိုက်ပြီး
“မူလကေရာဇ်၊ မူလကေရာဇ်ဆိုတာ
နင်သိလား…။ စစ်မှန်တဲ့ စွမ်းအားရှင်
တကယ့်ကို အထွတ်အထိပ်
စွမ်းအားရှင်ပဲ။ နင်လည်း
မမြင်ဖူးချင်ဘူးလား…”

ယန်ယဲ့က လျစ်လျူရှုပြီး

သူ့အရှိန်ကိုသာမြှင့်လိုက်သည်။ သူတို့

ထွက်သွားပြီး သိပ်မကြာခင်မှာဘဲ

တိမ်ဖြူဝတ်ဓားသမားတစ်ဦးက

တောအုပ်ထဲကို ရောက်လာသည်။

သူသည် ဟင်းလင်းပြင်လွင်ပြင်မှ

ပြန်ရောက်လာသော်လည်း ယန်ယဲ့နှင့်

နန်လီမုန့်တို့ကို မတွေ့လိုက်ပေ။

ဓားသမားက အမျိုးသမီးကို

တစ်ချက်စိုက်ကြည့်လိုက်သည်။ အမျိုးသမီးကလည်း ခေါင်းမော့လာပြီး တိမ်ဖြူဝတ်ဓားသမားကို ကြည့်နေသည်။

အမျိုးသမီးက “ဓားသမားတစ်ယောက် ဒီမှာ ရှိနေသေးတာပဲ”ဟု ရုတ်တရက် ပြောလိုက်သည်။

ဆားသမားက အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "သူ့ရဲ့အရှိန်အဝါကို

ငါခံစားမိလိုက်တယ်"

အမျိုးသမီးက "သူက နင့်ထက်စာရင်

အများကြီး အားနည်းတယ်"

ဆားသမားက ခေါင်းခါလိုက်ပြီး

"မင်းမှားနေတယ်"

အမျိုးသမီးက မယုံနိုင်သောအသံနှင့်

“ဘာကိုဆိုလိုတာလဲ...” ဟုမေးပါသည်။

ဓားသမားက ယန်ယဲ့နှင့် နန်လီမုန့်တို့

ထွက်သွားသော လမ်းကြောင်းကို

တစ်ချက်ကြည့်လိုက်ပြီး “သူ့မှာ

အဆင့်တက်လာလေလေ နဂိုထက် ပိုပြီး

သန်မာလာလေလေပဲ“ဟု

ပြောလိုက်သည်။

ထိုနောက် သူ့အကြည့်ကို

အဝေးသို့ရွှေ့ပြီး အမျိုးသမီးကို

ပြန်ကြည့်ကာ “ငါ နောက်ဆုံးအဆင့်ကို

ဖြတ်ပြီးတာနဲ့ လမ်းတစ်လျှောက်လုံးမှာ

တစ်ခါမှမရှုံးနိမ့်ဖူးဘူး။ အခုတော့

ရှုံးနိမ့်ခဲ့တယ်”

“မဖြစ်နိုင်ဘူး”

အမျိုးသမီးက “ငါသူ့ကို လွယ်လွယ်နဲ့
သတ်ပစ်နိုင်တယ်။ နင်တောင်မှ
ဓားတစ်ချက် လွှဲလိုက်ရုံနဲ့တင်”

သို့သော် ဓားသမားက ခေါင်းခါလိုက်ပြီး
“မင်းနားလည်ဖို့က အားနည်းလွန်းတယ်”

ထိုစကားပြောပြီးသည်နှင့်
ခပ်လှမ်းလှမ်းသို့လျှောက်သွားသည်။

သို့သော်လည်း ခဏရပ်လိုက်ပြီး

အမျိုးသမီးကို လှည့်ကြည့်ကာ

“ဒီနေရာမှာ အန္တရာယ်အရှိဆုံးနေရာက

ဘယ်မှာလဲဆိုတာ ပြောပြနိုင်မလား…”

Translated by NyiNyiSoe.

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၄၉ -

ထို့နောက်တွင် သူတို့နှစ်ယောက်က ရှေ့သို့ ဆက်သွားလိုက်သည်။ အချိန်တော်တော်ကြာပြီးနောက် ဟင်းလင်းပြင်လွင်ပြင်ကျယ်ပေါ်သို့ ခြေချမိလိုက်ကြသည်။ သို့သော် သူတို့လမ်းကြောင်းကို မမြင်နိုင်သော စွမ်းအားတစ်ခုက တားဆီးထားကြောင်း သတိပြုမိခဲ့ကြသည်။

၎င်းက ဖိအားပင် ဖြစ်သည်။

သူတို့အထက်တွင် ဖိချနေသော

တောင်ကြီးတစ်လုံးဟု ထင်ရသည်။

ဤအခိုက်အတန့်တွင်

ရှေ့ဆက်သွားပါက ဖိအားကြောင့်

အသတ်ခံရမည်ဟု

ခံစားမိလိုက်ကြသည်။ နှစ်ယောက်သား

အကြည့်ချင်းဖလှယ်လိုက်ပြီး
နန်လီမုန့်ကပြောသည်။

“ဒါက ကေရာဇ်ရဲ့ အလိုဆန္ဒပဲ၊
အဲ့ဒါကိုတွေ့လား။ သူသေတာကြာပြီ။
ဒါပေမဲ့ သူ့ရဲ့ စိတ်ဆန္ဒက
မရေမတွက်နိုင်တဲ့ စွမ်းအားရှင်တွေကို
ဖိနှိပ်နိုင်သေးတယ်”

ယန်ယဲ့သည်

ဟင်းလင်းပြင်လွင်ပြင်ကျယ်၏ အဆုံးကို

မျှော်ကြည့်ကာ

အလွန်ထိတ်လန့်သွားသည်။

ကောရာဇ်၏အလိုဆန္ဒ၊ ကောရာဇ်

အမိန့်တော်။

မူလကောရာဇ်သည် သူ၏အလိုဆန္ဒဖြင့်

နောက်မျိုးဆက်မှ ကျင့်ကြံသူများကို

ဖိနှိပ်ထားခဲ့သည်။ အကယ်၍

မူလကေရာဇ်သာ

အသက်ရှင်နေသေးပါက မည်မျှအထိ

ကြောက်စရာကောင်းနိုင်ပါသနည်း။

မူလကေရာဇ်၏ ခွန်အားက

သူမျှော်လင့်ထားသည်ထက်ပင်

ကျော်လွန်နေပုံရသည်။

ခဏအကြာတွင် ယန်ယဲ့က

ခေါင်းယမ်းပြီးပြုံးလိုက်သည်။ ထို့နောက်

ရှေ့ကို လျှောက်သွားလိုက်သည်။

ပထမဆုံးခြေလှမ်းကို

လှမ်းလိုက်သည်နှင့် တစ်ပြိုင်နက်

ပြင်းထန်သောဖိအားလှိုင်းတစ်ခုက

သူ့အပေါ်သို့ ကျရောက်လာသည်။

ထိုခဏလေးမှာပဲ ယန်ယဲ့၏ ခန္ဓာကိုယ်က

ကွေးညွတ်သွားကာ

ဒူးထောက်ကျလုနီးပါးပင်

ဖြစ်သွားသည်။

“အရမ်းကြောက်စရာကောင်းလွန်းတယ်”

ယန်ယဲ့၏မျက်နှာပေါ်တွင်
ကြောက်လန့်မှုအစား
ရှုံ့းသွပ်မှုတစ်ခုပေါ်လာသည်။

“စိတ်ဆန္ဒလောက်က
ငါ့ကိုဖိနှိပ်နိုင်သလား…”

“အုန်း…”

သူ့ထံမှ ပြင်းထန်သော ဓားလှိုင်းတစ်ခု လွင့်ထွက်သွားသည်။ သို့သော်လည်း ယန်ယဲ့သည် နောက်သို့ ဆက်တိုက်ပြန်ဆုတ်သွားရသည်။ ဤအတောအတွင်း နန်လီမုန့်က မျက်မှောင်ကြုတ်လိုက်သည်။

သူ့ကိုယ်သူ ရုပ်တန့်လိုက်သည်နှင့်
ယန်ယွဲ့သည် သူ့ရှေ့ရှိ
ဟင်းလင်းပြင်လွင်ပြင်ကျယ်ကြီးကို
မော့ကြည့်လိုက်သည်။

"ကောင်းရာဇ် အမိန့်တော်က
ဒီလောက်ပြင်းထန်သလား..."

ယန်ယွဲ့သည် သဘာဝအတိုင်း
အရှုံးမပေးပေ။ ထိုအတိုင်းပင် သူသည်

ရှေ့သို့ ဆက်လျှောက်သွားပြန်သည်။

သို့သော်လည်း တစ်လှမ်းပင်

မလှမ်းနိုင်တော့ပေ။

ဧကရာဇ်အမိန့်တော်က

မရေမတွက်နိုင်သော

တောင်တန်းများသကဲ့သို့ သူ့ကို

ဖိချလာသည်။

ရှေ့ကိုဆက်သွားမည်ဆိုပါက

အသတ်ခံရနိုင်၏။

နန်လီမုန့်က ယန်ယဲ့ကို စိုက်ကြည့်ကာ
တိတ်ဆိတ်နေ၏။ သူမ၏ ပုံစံက
ယန်ယဲ့ဆုံးဖြတ်ချက်ချဖို့
စောင့်နေသလိုပင်။

ခဏအကြာတွင် ယန်ယဲ့သည် ရှေ့သို့
တစ်လှမ်းတိုးလိုက်ပြန်သည်။ ဒီအချိန်မှာ
သူ့ခန္ဓာကိုယ်က တင်းမာလာသည်။
ထို့အပြင် သူ့ထံမှ ပြင်းထန်သော
နတ်နဂါးဖိအားလှိုင်းတစ်ခု

လွင့်ထွက်သွားသည်။ နဂါးဝိဉာဉ်ပုလဲကို

သန့်စင်ထားသောကြောင့် သူ့တွင်

နတ်နဂါးဖိအားရှိသည်မှာ

သာမန်ဖြစ်သည်။ သို့သော်

သိပ်ပြီးမများပေ။

အကြောင်းကတော့သူက

နတ်နဂါးဖိအားကို အပြည့်အဝ

မထုတ်ဖော်နိုင်လို့ပါ။ မည်သို့ပင်ဖြစ်စေ

ကေရာဇ် အမိန့်တော်ရှေ့တွင် ၎င်းက

လုံးဝ အားနည်းလှသည်။

နန်လီမုန့်က ယန်ယဲ့ကို တိတ်ဆိတ်စွာ

စိုက်ကြည့်နေသည်။ ယန်ယဲ့သည်

နောက်ဆုံးတွင် ရှေ့သို့

ခြေတစ်လှမ်းလှမ်းလိုက်သည်။ သူ့ပုံစံက

တောင်ကုန်းငယ်တစ်ခု

ရွေ့လျားသွားသလိုပင်။ သို့သော်လည်း

ထိုခြေလှမ်းပြီးနောက် ထပ်ပြီး

မလှမ်းနိုင်တော့ပေ။ ယန်ယဲ့သည်
ဟင်းလင်းပြင်လွင်ပြင်မှပြန်ဆုတ်လာပြီး
ရှေ့ကို တိတ်ဆိတ်စွာ
ငေးကြည့်နေလေသည်။

နန်လီမုန့်က သူ့ကို မနှောင့်ယှက်ပေ။
အဝေးကိုသာ လှမ်းကြည့်နေ၏။
သူမဘာတွေးနေမှန်းတော့ မသိနိုင်ပေ။

ဤအချိန်တွင် ယန်ယဲ့က

အနည်းငယ်ပြုံးကာ ရှေ့သို့

ခြေတစ်လှမ်း လှမ်းလိုက်ပြန်သည်။

နန်လီမုန့်လည်း ပြုံးလိုက်သည်။

ဤအချိန်တွင် ယန်ယဲ့သည်

မည်သည့်စွမ်းအင်ကိုမှ အသုံးမပြုခဲ့ပေ။

သူ့ထံမှ ဆန်းကြယ်ချီစွမ်းအင်

အတက်အကျမရှိ၊ ရုပ်ခန္ဓာခွန်အားမရှိ၊

ဓားစိတ်ဆန္ဒ အငွေ့အသက်ပင်

ထွက်ပေါ်မလာပေ။ သူ၏စွမ်းအင်အားလုံးကို ဖိနှိပ်ထားလိုက်သည်။ လက်ရှိယန်ယဲ့က သာမန်လူတစ်ယောက်လိုပင်ဖြစ်သည်။

ထိန်းချုပ်ရတာ ခက်ခဲသော်လည်း လမ်းလျှောက်လိုက်သည့်အခါ ယခင်ကဲ့သို့ လေးလံနေခြင်းမရှိတော့ပေ။ ယန်ယဲ့က နန်လီမုန့်ကိုကြည့်ပြီး ပြုံးလိုက်သည်။

“ဒီနေရာမှာ နင်က ပိုသန်မာလေလေ
မင်းက ပိုပြီးတော့ ဖိနှိပ်ခံရလေပဲ၊
ရိုးရိုးရှင်းရှင်း ပြောရလျှင်
ဒီမူလကေရာဇ်က ဒါကို
စမ်းသပ်မှုတစ်ခုအနေနဲ့ ချန်ထားခဲ့တာ
မကောင်းတဲ့ရည်ရွယ်ချက်ရှိတဲ့သူတွေကို
လည်း ဝေးဝေးသွားခိုင်းထားတဲ့သဘော။
ဒါပေမဲ့ အဓိကအနေနဲ့တော့
စမ်းသပ်ချက်တစ်ခုအနေနဲ့ ဒီနေရာမှာပဲ

ထားခဲ့တာထင်တယ်။

ဘယ်လိုစမ်းသပ်မှုမျိုးလဲဆိုတာသိလား။

ဒါဟာ စိတ်ဆန္ဒကို စမ်းသပ်မှုတစ်ခုပဲ”

“ဟုတ်တယ် လူတစ်ယောက်ရဲ့

စိတ်ဆန္ဒက ခွန်အားနဲ့ ဆက်စပ်မှုမရှိဘူး။

စွမ်းအင်တွေအားလုံးကို

စွန့်လွှတ်လိုက်တာနဲ့ လူတစ်ယောက်ရဲ့

စိတ်ဆန္ဒကို

သေချာပေါက်စမ်းသပ်နိုင်လိမ့်မယ်”

သူမက လွင်ပြင်ကျယ်ကြီးကို
လှမ်းမျှော်ကြည့်ကာ “လာပါ
အဲ့ဒီမူလကေရာဇ်ကို
ငါတို့တွေနိုင်မလားဆိုတာ
ကိုယ့်စွမ်းကိုယ်စအပေါ်မှာပဲ
မူတည်လိမ့်မယ်”

ထိုစကားပြောပြီးသည်နှင့် နန်လီမုန့်က
ရှေ့သို့ ဆက်လျှောက်သွားသည်။

ယန်ယဲ့သည် ရှေ့ကနေ သွားနေသော

နန်လီမုန့်ကို တစ်ချက်ကြည့်လိုက်သည်။

သေချာသည်မှာ ထိုအမျိုးသမီးက

လျှို့ဝှက်ချက်တော်တော်များများကို

သိမြင်နေပုံရသည်။ အစောပိုင်းက

သူတို့မြင်တွေ့ခဲ့သော

အမျိုးသမီးကလည်း

ကောင်းကောင်းသတိပြုမိထားပေမည်။

သို့သော်လည်း သူမ၏ စိတ်ဆန္ဒက

မလုံလောက်သောကြောင့် မသွားနိုင်ပေ။
သို့သော်လည်း နှစ်ယောက်စလုံးက
သူ့အား မပြောဘဲ ဖုံးကွယ်ထားကြသည်။
ထိုအပြင်သူ၏ပင်ကိုယ်အသိက
ဤနေရာ၏ လျှို့ဝှက်ချက်များကို
ထုတ်ဖော်နိုင်ခြင်းမရှိလျှင်
တစ်သတ်လုံးသိနိုင်မည်မဟုတ်ကြောင်း
ပြောနေခဲ့သည်။

ကံကြမ္မာ။

မိမိကိုယ်တိုင်

ကြိုးစားအားထုတ်မှုဖြင့်သာ

ရယူရမည်ဖြစ်သည်။ ယန်ယဲ့သည်

သူ၏အတွေးများကို ထိန်းပြီး

နောက်ကနေ အမြန်လိုက်လာခဲ့သည်။

ဟင်းလင်းပြင်လွင်ပြင်ကျယ်။

နှစ်ယောက်သားဟာ အတော်လေးကို
မြန်မြန်ဆန်ဆန်လျှောက်လာသော်လည်း
တဖြည်းဖြည်း နှေးကွေးလာခဲ့ကြသည်။

ဖိအား။

မမြင်နိုင်သော ဖိအားက ရှိနေတုန်းပါ။
သို့သော်လည်း ယခင်နှင့်မတူတော့ပေ။
သူတို့၏ ခန္ဓာကိုယ်ကို
ဖိနှိပ်ထားခြင်းမဟုတ်ပါ။ ဖိအားက

သူတို့၏အလိုစိတ်ဆန္ဒကိုသာ
ဖိနှိပ်ထားသည်။ စိတ်ဆန္ဒကို
ထိခိုက်စေသောဖိအားတစ်ခုပင်။
ဤအတောအတွင်း နန်လီမုန့်၏
မျက်နှာက ရုတ်တရက်
တည်ငြိမ်သွားသည်။

နန်လီမုန့်က ရုတ်တရက် မေးလိုက်သည်။
“ကျင့်ကြံခြင်းလမ်းကြောင်းမှာ

ဘယ်အရာက အရေးအကြီးဆုံးလို့
နင်ထင်လဲ…”

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး
“သဘာဝစွမ်းရည် အရင်းအမြစ်တွေ
စိတ်ဓာတ်နဲ့စိတ်ဆန္ဒ”ဟု
ပြောလိုက်သည်။

“သူတို့ထဲက ဘယ်ဟာက အရေးအကြီးဆုံးလဲ…” နန်လီမုန့်က ထပ်မေးပါသည်။

ယန်ယဲ့က သူမကို တစ်ချက်ကြည့်လိုက်ပြီး “ဒါတွေက အရေးမကြီးဘူးထင်တယ်”

သူမက ယန်ယဲ့ကိုသိုက်ကြည့်ကာ
“မှန်ကန်တဲ့ မေွးရာပါစွမ်းရည်က
အရေးအကြီးဆုံးလို့ ငါထင်တယ်”

နန်လီမုန့်က ပြောပြီး
ခဏထိတ်လန့်သွားကာ
တခစ်ခစ်ရယ်မောလိုက်သည်။

ထိုနောက် အချိန်အတော်ကြာအောင်
ရယ်မောပြီး ယန်ယဲ့ကို လက်ညှိုးထိုးကာ

“အဲ့ဒါက လုံးဝမမှားဘူး။

မှန်ကန်တဲ့မွေးဖွားခြင်းဟာ

အရမ်းအရေးကြီးတယ်၊ ခစ် ခစ် ခစ်”

ခဏအကြာတွင် ရှေ့သို့

ပြန်လှည့်လိုက်ပြီး “သဘာဝစွမ်းရည်၊

အရင်းအမြစ်တွေ၊

စိတ်ဓာတ်နဲ့စိတ်ဆန္ဒတွေဟာ

တကယ်ပဲအရေးကြီး

ဒါပေမဲ့အရေးအကြီးဆုံးက  စိတ်ဓာတ်နဲ့

စိတ်ဆန္ဒပဲ လူတစ်ယောက်မှာ

လုံလောက်တဲ့

သဘာဝအရည်အချင်းတွေမရှိပေမဲ့

ကောင်းမွန်တဲ့စိတ်ဓာတ်နဲ့ ထက်မြက်တဲ့

စိတ်ဆန္ဒတွေပိုင်ဆိုင်ထားရင် အဲ့ဒီလူက

အဆုံးမှာ

သာမန်လူတစ်ယောက်ဖြစ်လာမှာမဟုတ်

ဘူး။ ဒါပေမဲ့

လူတစ်ယောက်ရဲ့စိတ်ဓာတ်က

ညှို့ဖျင်းပြီး စိတ်ဆန္ဒမပြင်းထန်ရင်

အဲ့ဒီလူက နောက်ဆုံးမှာ

အလကားလူပဲဖြစ်သွားနိုင်တယ်။

အများစုကတော့ နင်ရဲ့ဆန္ဒနဲ့

စိတ်ဓာတ်က နင့်ကို ဒီနေ့အဆင့်အထိ

ရောက်အောင် ပို့ပေးလိုက်တာပဲ။ ဒါဟာ

နင့်ရဲ့ ပင်ကိုယ်စွမ်းရည်နဲ့ ပတ်သက်လျှင်

တကယ့်ကို အမှိုက်တစ်စလို့

မယူဆနိုင်ပေမဲ့ အကောင်းကြီးလည်း မဟုတ်ပါဘူး”

ယန်ယဲ့က “မင်းဘာပြောဖို့ ကြိုးစားနေတာလဲ...”

နန်လီမုန့်ကပြုံးပြီး “ငါတို့ ကံကောင်းတယ်လို့ ပြောချင်နေတာ မူလကေရာဇ်က အကြောင်းပြချက်မရှိဘဲ ဒီနေရာကနေ

ထွက်မသွားတာသေချာတယ်။ သူ့ရဲ့အမွေအနှစ် တခြားအရာတွေကို ချန်ထားတာတော့ သေချာတယ်။ ဒါဆို ငါတို့သူ့ဆီရောက်ရင် သိလိမ့်မယ်”

ယန်ယဲ့က တစ်ချက်စဉ်းစားဟန်ပြုပြီး ပြန်ပြောလိုက်သည်။ “သူက ခန္ဓာကိုယ်အသစ်တစ်ခုကို သိမ်းပိုက်ချင်နေတာဖြစ်နိုင်တယ်။ သူ့အတွက် ခန္ဓာကိုယ်သိမ်းယူဖို့က

ကံကြမ္မာအရ တစ်စုံတစ်ယောက်ကို
စောင့်မျှော်နေတာလည်း
မဖြစ်နိုင်ဘူးလား...။ ဒီအတွက်
သူ့ဝိညာဉ်ကြိုးတစ်ချောင်း
ချန်ထားခဲ့တာထင်တယ်"

ထိုသို့ပြောရခြင်းမှာ ယန်ယဲ့က
အကြိမ်ကြိမ်ကြုံဖူးလို့ပါ။

နန်လီမုန့်က တခစ်ခစ်ရယ်ပြီး“ဒါဆို ငါတို့ကံဆိုးတာပေါ့”

ယန်ယဲ့က ခေါင်းယမ်းပြီး စကားမပြောတော့ပါ။

ထို့နောက်တွင် နှစ်ယောက်သားရှေ့ကို ဆက်သွားကြသည်။

ရှေ့ဆက်သွားလေလေ ဖိအားက ပို၍ ပြင်းထန်လာလေလေဖြစ်သည်။ သို့သော်

နှစ်ယောက်စလုံး မရပ်တန့်သေးပေ။

တစ်နာရီခန့်အကြာတွင် ဖိအားများ

ပျောက်ကွယ်သွားသောကြောင့်

ရုတ်တရက် ရပ်တန့်သွားသည်။

ထိုအခါမှသာ နှစ်ယောက်စလုံး

သက်ပြင်းချလိုက်ကြသည်။

ယန်ယဲ့သည် ရှေ့ကို ရုတ်တရက်

မော့ကြည့်လိုက်ရာ သက်လတ်ပိုင်း

အမျိုးသားတစ်ယောက် ရပ်နေသည်ကို

တွေ့လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

လက်နှစ်ဖက်ကို နောက်ပစ်ထားလျှက်

ကောင်းကင်ကို မျှော်ကြည့်နေသည်။

သို့သော် သူ၏မျက်လုံးများက

မှိန်ဖျော့နေသည်။ သူ့ရင်ဘက်တွင်

သွေးတဆက်ဆက် စီးကျနေသော

ဒဏ်ရာအပေါက်တစ်ခုရှိနေသည်။

သက်လတ်ပိုင်းအမျိုးသားနှင့်

မလှမ်းမကမ်း၌

မြေပြင်ပေါ်သို့ထိုးစိုက်ထားသော

အနက်ရောင်လှံတစ်ချောင်းရှိနေ၏။

ထိုလှံက အဝင်ဝ၌တွေ့ခဲ့သော

သက်လတ်ပိုင်းအမျိုးသား၏

ရင်ဘက်အား ထိုးဖောက်ထားသည့်

လှံနှင့်အတူတူပင်။

Translated by NyiNyiSoe.